# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တပို့တွဲလဆန်း (၅) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (25-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၇၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီး H.E.Mr. Mubarak M A Aladwani တို့ ရင်းရင်းနှီးနှီး ဆွေးနွေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အဖြစ်ခန့်အပ်ရန် သံအမတ်ကြီး H.E. Mr. Mubarak M A ကူဝိတ်နိုင်ငံသံအမတ်ကြီး Aladwani သည် သဘောတူညီပြီးဖြစ်သော ဥက္ကဋ္ဌရုံး ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သံတမန်ဆောင်ဧည့်ခန်းမ၌ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတိုးမြှင့် ၎င်း၏ ရေးနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၄ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# မျှတခွဲဝေခံစား ချွေတာလျှပ်စစ်ဓာတ်အား

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ လျှပ်စစ်ဓာတ်အားကို ပြည့်ပြည့်ဝဝအသုံးပြုနိုင်ရေး ဓာတ်အားပေးစက်ရုံများကို အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ စက်ရုံသစ်များတည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်းတို့ကို နိုင်ငံတော်အစိုးရအဆက်ဆက်က စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ယခုဆောင်ရွက်နေသည့် ၂၃၀ ကေဗွီ စပါးကြွယ်-တောင်ငူဓာတ်အားလိုင်းပြီးစီးပါက သပြေဝပင်မဓာတ်အားခွဲရုံမှ တောင်ငူပင်မဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီဓာတ်အားကို တိုက်ရိုက်ချိတ်ဆက်ပို့လွှတ်နိုင်မည်ဖြစ်သဖြင့် ယခင်က ဓာတ်အားထိန်းညှိပို့လွှတ်ခဲ့ရသည့် ၂၃၀ ကေဗွီ သပြေဝ-တောင်တွင်းကြီးဓာတ်အားလိုင်းနှင့် သပြေဝ-သာစည်-ပျဉ်းမနား-သဲဖြူ-တောင်ငူဓာတ်အားလိုင်းတို့ကို လျှပ်စစ်ဝန်အားညှိပို့လွှတ်စရာမလိုအပ်တော့ဘဲ ရွှေလီနှင့် ရဲရွာရေအားစက်ရုံမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို တောင်ငူခွဲရုံမှတစ်ဆင့် ရန်ကုန်မြို့နှင့်တကွ မြန်မာပြည်တောင်ပိုင်းဒေသများသို့ ဓာတ်အားပြည့်ဝစွာ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည့်အပြင် ဓာတ်အားလိုင်းတွင်ဖြစ်ပေါ်နေသည့် ဓာတ်အားပျောက်ဆုံးမှုများလည်း လျော့နည်းသက်သာသွားမည်ဖြစ်သဖြင့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အားများ ပိုမိုပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အပိုင်းက ပြည်သူများအားလုံး အရည်အသွေးပြည့်ဝသော လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးလျက်ရှိသော်လည်း **NUG** လက်ဝေခံ **PDF** အမည်ခံအကြမ်းဖက်သမားများက ဓာတ်အားလိုင်းနှင့် တာဝါတိုင်များကို မိုင်းခွဲဖျက်ဆီးခြင်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ ဖောက်ခွဲဖျက်ဆီးခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

ထိုသို့ ဖောက်ခွဲဖျက်ဆီးမှုတို့ကြောင့် နိုင်ငံတော်တွင် ဓာတ်အားထုတ်လုပ်မှုများ လျော့နည်းရပြီး နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားထိန်းညှိလျှော့ချခြင်းများ၊ ထုတ်လုပ်ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားကို အခြေခံပြီး မျှတစွာခွဲဝေခံစားရရှိနိုင်ရန်တို့ကို စီမံဆောင်ရွက်လျက်ရှိသည်။ ထိုသို့သောအခြေအနေများတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲလျက်ရှိသော အိမ်ထောင်စုများအနေဖြင့် မီးလင်းအားတူ၍ ဓာတ်အားသုံးစွဲမှုနည်းသော **LED** မီးသီး၊ မီးချောင်းများကို အစားထိုးသုံးစွဲခြင်းပြုလုပ်မည်ဆိုပါက အိမ်ထောင်စုတစ်စုလျှင် ၂၀ ဝပ်ခန့် ချွေတာနိုင်မည်ဖြစ်သည်။ ၎င်းအပြင် မီးသုံးစွဲမှုများသောအိမ်ထောင်စုများအနေဖြင့် မလိုအပ်သောနေရာများရှိ မီးခလုတ်များကို ပိတ်ထားခြင်းဖြင့် အိမ်ထောင်စုတစ်စုချင်းစီ၏ လျှပ်စစ်မီတာခပေးချေရမှုများ လျော့နည်းသက်သာသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲသော အိမ်ထောင်စုတစ်စုချင်းစီက လျှပ်စစ်ဓာတ်အားကို စည်းကမ်းရှိစွာချွေတာသုံးစွဲပါက သုံးစွဲသူများအတွက် မီတာခများပေးချေရမှု လျော့နည်းသကဲ့သို့ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားထိန်းညှိလျှော့ချရမည့်ပမာဏ လျော့နည်းသွားမည်ဖြစ်သည်။ ထို့ပြင် လျှပ်စစ်မီးမရရှိသေးသောပြည်သူများကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ခြင်း အစရှိသော လက်ငင်းအကျိုးကျေးဇူးများကို ပြည်သူတစ်ရပ်လုံး သာတူညီမျှရရှိခံစားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မဟာမုနိရုပ်ရှင်တော်ရှိ ပိဋကတ်တိုက်တော်ကြီး ပြုပြင်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်



**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေး မဟာမုနိရုပ်ရှင်တော်ရှိ ပိဋကတ်တိုက်တော်ကြီး ပြုပြင်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက ပြောပြ၍ သိရသည်။

ပိဋကတ်တိုက်တော်ကြီး ပြုပြင်ခြင်းကို၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစ၍ ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် ပြုပြင်ခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ ရှေးဟောင်းသမိုင်းဝင် ပေစာ၊ ပုရပိုက်စာများ၊ နံရံဆေးရေးပန်းချီများ၊ ထူးခြားသည့် ကမ္ပဝါများ၊ ရှေးယခင်က လှူဒါန်းထားသည့် တန်ဖိုးကြီးပစ္စည်းများကို ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာနိုင်ရန်အတွက် သမိုင်းဝင်ပေစာ၊ ပုရပိုက်စာများကို စနစ်တကျ ပြုပြင်ပြီးဖြစ်ကြောင်း သိရသည်။

"မဟာမုနိ ရုပ်ရှင်တော်မှာ ရှေးဟောင်းပစ္စည်းတွေ ရှိတယ်။ အချိန်ကြာလာတာရယ်၊ မန္တလေးရာသီဥတုပူပြင်းတာရယ်ကြောင့်လဲ ပေစာတွေက ကြွပ်ဆတ်လာတယ်။ ပျက်စီးလွယ်လာပါတယ်။ ဒါကြောင့် ဂေါပကအဖွဲ့တွေ တိုင်ပင်ပြီးတော့ ပေစာတွေ အားလုံးထုတ်ပြီး သန့်ရှင်းရေးတွေလုပ်ပါတယ်။ ရှေးဟောင်းသုတေသနရဲ့ အကြံဉာဏ်တွေယူပြီးတော့ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပါတယ်။ သမိုင်းဝင်စာပေတွေကို ပြည်သူတွေ လေ့လာနိုင်အောင် ပြုပြင်ဆောင်ရွက်နေပါတယ်။ ပေစာ၊ ပုရပိုက်စာ စတဲ့ရှေးဟောင်းသမိုင်းဝင် စာပေတွေကို လေ့လာနိုင်အောင် စနစ်တကျထားရှိမယ်။ အဲဒီစာပေတွေကို Copy ယူပြီး ကွန်ပျူတာတွေထဲမှာ သိမ်းထားမယ်။ လေ့လာသူတွေအနေနဲ့ ပြသထားတာတွေကို ကိုင်ကြည့်လို့မရပါဘူး။ လေ့လာဖတ်ချင်တယ်ဆိုရင် ကွန်ပျူတာခန်းထဲဝင်ပြီး လေ့လာနိုင်ပါတယ်။ လာရောက်ဘုရားဖူးမြော်သူတွေ လေ့လာစရာအနေနဲ့ ရှေးဟောင်းအမွေအနှစ် သမိုင်းဝင်ပစ္စည်းတွေ အများကြီးရှိတယ်ဆိုတာ သိရှိဖို့အတွက် ဆောင်ရွက်ပေးနေတာပါ"ဟု ဦးစိုးလင်းက ပြောပြသည်။

လက်ရှိ ပိဋကတ်တိုက်တော်ကြီးကို ပြုပြင်ရာတွင် အတွင်းပိုင်းပြီးစီးမှုများအနေဖြင့် မီးလိုင်းများ၊ အဲကွန်းလိုင်းများ၊ မျက်နှာကြက်၊ ကြမ်းခင်း၊ နံရံအကာများနှင့် ကွန်ပျူတာခန်းများ ပြီးစီးနေပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် အပိုင်းများကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှာငံဒေသနှင့် ပြင်ဦးလွင်ဒေသမှ ဝင်ရောက်လာသည့် မုန်ညင်းဖြူများ ဈေးကောင်းရရှိ

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှာငံဒေသနှင့် ပြင်ဦးလွင်ဒေသမှ ဝင်ရောက်လာသည့် မုန်ညင်းဖြူများ ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်ဒေသနှင့် ရှာငံဒေသထွက် မုန်ညင်းဖြူများသည် လက်ရှိအချိန်တွင် မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာလည်း ယခင်လထက် ဈေးကောင်းရရှိနေကြောင်း၊ ယခင်လက မုန်ညင်းဖြူ ပိဿာချိန် ၂၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀ သာရှိခဲ့ပြီး လက်ရှိအချိန်တွင် မုန်ညင်းဖြူ ပိဿာချိန် ၂၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူက အဓိကစိုက်ပျိုးတဲ့ ရှာငံဒေသနဲ့ ပြင်ဦးလွင်ဒေသဘက်ကပဲ ဝင်ရောက်လာတာပါ။ တောင်သူတွေက စိုက်တဲ့သူနည်းပါးသွားတဲ့အပြင် ပစ္စည်းရှားပါးမှုကြောင့် ဈေးနှုန်းတွေက တက်သွားတာပါ။ လက်ရှိမှာ ဒီဈေးကို မုန်ညင်းဖြူကားတွေ ရှာငံဒေသနဲ့ ပြင်ဦးလွင်ဒေသကနေ တစ်ရက်ကို ငါးစီး၊ ခြောက်စီးထိ ဝင်ပါတယ်။ ပြင်ဦးလွင်နဲ့ ရှာငံဒေသကပဲ ထွက်ရှိလာပြီး ဒေသစုက ဝယ်တာများတဲ့အတွက် ဈေးတက်ကုန်တာပါ။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ ဈေးကောင်းရရှိနေကြပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

ထို့ပြင် အာလူး၊ သခွားသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ငရုတ်သီး၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ပန်းမုန်လာများလည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း သိရသည်။

(၁၈၅)

# မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီသွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေ များပြား

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေ များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရေဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ရေလမ်းကြောင်းကောင်းမွန်လျက်ရှိသောကြောင့် သင်္ဘောများ သွားလာရာတွင် အဆင်ပြေလျက်ရှိကြောင်း၊ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောမှာ ဇန်နဝါရီလ တတိယပတ်မှစ၍ ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

"အခုက ရန်ကုန်ဆိပ်ကမ်းကနေ ရွှေကြက်ယက်ဆိပ်ကမ်းကို စက်သုံးဆီတင်ပို့မှု များပြားလာတာကြောင့် ကုန်တင်သင်္ဘောတွေကလဲ ပြန်ပြီးများလာတယ်။ ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်ဆိပ်ကမ်းကို သွားရောက်ဆီသယ်တဲ့ သင်္ဘောတွေအနေနဲ့လဲ ရေကြောင်းကျပ်တည်းတဲ့နေရာ သိပ်မရှိတာကြောင့် သွားရလာရလွယ်ကူအဆင်ပြေပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ စက်သုံးဆီ သွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေမှာ ဇန်နဝါရီလ ပထမပတ်က အစီးရေ ၁၀၀ ကျော်သာရှိခဲ့သော်လည်း ဇန်နဝါရီလ တတိယပတ်မှစ၍ စက်သုံးဆီ သွားရောက်သယ်ယူသည့် ကုန်တင်သင်္ဘောအစီးရေ ၁၄၀ ကျော်ထိရှိလာကြောင်း သိရသည်။

အလားတူ ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ပို့ကုန်အဖြစ်တင်ပို့သည့် ကျောက်စရစ်မှာလည်း ကုန်ကြမ်းရရှိမှု များပြားလာခြင်းကြောင့် ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောအစီးရေ ၁၀၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အုတ်ဖိုမြို့နယ် ကျောင်းစုကျေးရွာ၌ ၄၀၀ ပို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**အုတ်ဖို ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ငါးရှဉ့်ရိုးကျေးရွာအုပ်စု ကျောင်းစုကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သည့် ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ ကျောင်းစုကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း ၃၁၂၂ ပေ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ကျောင်းစုကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း ၃၁၂၂ ပေ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၉ ဒသမ ၈၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁ ဒသမ ၄၆၆ သန်း စုစုပေါင်းငွေကျပ် ၂၁ ဒသမ ၄၁၆ သန်းအသုံးပြု၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတတိယပတ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကြောင့် ကျောင်းစုကျေးရွာရှိ အိမ်ခြေ ၈၅ အိမ်၊ လူဦးရေ ၃၀၀ တို့ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာတော့မည်ဖြစ်ကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ပြောပြ၍ သိရသည်။

**သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အင်းတော်မြို့နယ် ကြာအင်းကျေးရွာနေ ဦးမြင့်အောင်-ဒေါ်စိန်မိ မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၂၅၀၀၀၀၊ အင်းတော်မြို့နေ မဗ္ဗမာမကဆရာလေးများက ငွေကျပ် ၅၀၀၀၀ လှူဒါန်းရာ ဒုတိယ ရုံးအဖွဲ့မှူး ဒေါ်အေးမျိုးသန့်က လက်ခံရယူစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံ ၄၄၄၈ ဧက စိုက်ပျိုးပြီးစီး



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆောင်းသီးနှံ ၄၄၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံအပါအဝင် ဆောင်းသီးနှံလျာထား ၄၄၄၈ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့်ဆောင်းသီးနှံ ၄၄၄၈ ဧကတွင် ဟင်းသီးဟင်းရွက်သီးနှံ ၄၃၈၂ ဧက၊ ပြောင်းသီးနှံဧက ၂၀၊ ငရုတ် ၄၆ ဧကတို့ဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ ဆောင်းသီးနှံလျာထား ၄၄၄၈ ဧကကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလကနေ စတင်ပြီး စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ လျာထားချက်အတိုင်း စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ရာအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့နည်းပညာတွေကို ပို့ချပေးခဲ့ပါတယ်။ ဒါ့ပြင် လိုအပ်တဲ့ သွင်းအားစုတွေ၊ စိုက်ပျိုးစရိတ်ချေးငွေတွေကိုလဲ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံများကို ကျော်ဇံ၊ အုန်းပင်စု၊ စခန်းကြီး၊ မအူထုံး၊ ညောင်တုန်းစု၊ ဝဲဒေါင့်၊ မြောင်းသာ၊ ဖောင်ရိုးချောင်း၊ ကျူချောင်း၊ ရွှေတစ်ချောင်း၊ မြစ်ကလေးတန်း၊ ပျံကြီး၊ မြစ်ကျိုး၊ ထနီး၊ ဝက်ကွင်း၊ အလယ်ရေကျော်၊ သစ်တိုဆိပ်၊ ဘုရားကြီး၊ မစိုးရိမ် စသည့်ကျေးရွာတို့တွင် စိုက်ပျိုးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ဖျာပုံမြို့နယ် ကျိုက္ကဘာအရှေ့ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖျာပုံ ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျိုက္ကဘာကျေးရွာအုပ်စု ကျိုက္ကဘာအရှေ့ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်မှုများကို ပြန်လည်တုံ့ပြန်ဆောင်ရွက်သည့်အနေဖြင့် လုပ်ကွက်ငယ်တောင်သူများ၊ ထုတ်လုပ်ရောင်းချလိုသူများ၊ အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်တိုးချဲ့ဆောင်ရွက်နိုင်စေရန် ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကျိုက္ကဘာအရှေ့ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၂၁၀ ကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၃၂၀ ဒသမ ၂၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်စိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**နိုးမိုးကျော်**

# ပုသိမ်ကြီးမြို့နယ် တောစုကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး


**ပုသိမ်ကြီး ဇန်နဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တောစုကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က တာဝန်ရှိသူများနှင့်အတူ တောစုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

တောစုကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၁၈ သန်းဖြင့် အကျယ် လေးလက်မ၊ အနက်ပေ ၁၉၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်း၊ အချင်း နှစ်လက်မ၊ အရှည်ပေ ၃၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ၂၀၂၂ ခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက တောစုကျေးရွာရှိ အိမ်ခြေ ၂၇၉ အိမ်၊ လူ ၉၈၅ ဦးတို့အပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ သောက်သုံးရေလုံလောက်စွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က ပြောပြ၍ သိရသည်။

**ချစ်ဦးကို**



# ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမနှင့် သမိုင်းဝင်အဆောက်အအုံများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

မြန်မာနိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးပြီး ဗြိတိသျှအုပ်ချုပ်မှုလက်အောက်သို့ ရောက်ရှိခဲ့ချိန်တွင် မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများသည် အဆင့်မြင့်ပညာများကို နှစ်ပေါင်းများစွာသင်ယူခွင့်မရရှိခဲ့ဘဲ ၁၉၂၀ ပြည့်နှစ်ရောက်မှ ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ပြီးနောက် ဆက်စပ်အဆောက်အအုံများဖြစ်သည့် ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ တက္ကသိုလ်ဆေးရုံ၊ ဓမ္မာရုံ၊ စာသင်ဆောင်၊ အိပ်ဆောင် စသည်တို့ကို ဆောက်လုပ်ခဲ့သဖြင့် ရန်ကုန်တက္ကသိုလ်နယ်မြေတွင် ကိုလိုနီခေတ်အဆောက်အအုံများ ပေါ်ထွန်းလာခဲ့ကြရာ နှစ်ကာလရှည်ကြာလာချိန်တွင် ၎င်းတို့သည် ရန်ကုန်တက္ကသိုလ်၏ သမိုင်းအမွေအနှစ်များ ဖြစ်လာခဲ့ကြသည်။

**သမိုင်းထဲမှ ရန်ကုန်တက္ကသိုလ်**

ရန်ကုန်မြို့ရှိ သက်တမ်း နှစ် ၁၀၀ ခန့်ရှိသည့် ရှေးဟောင်းအဆောက်အအုံများအနက် ရန်ကုန်တက္ကသိုလ်သည် ထင်ရှားသောပညာဗိမာန်တစ်ခုဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ကမာရွတ်၌ ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှု ဖြစ်စဉ်များနှင့် ဆက်နွယ်ခဲ့ကာ နှစ် ၁၀၀ အတွင်း၌ စာပေ၊ နိုင်ငံရေးနှင့် ပညာရပ်နယ်ပယ်အသီးသီးတွင် ထက်မြက်ထူးချွန်သည့် ပုဂ္ဂိုလ်များကို မွေးထုတ်ပေးခဲ့သည်။

ရန်ကုန်တက္ကသိုလ်မဖွင့်မီ ၁၈၇၈ ခုနှစ်က ရန်ကုန်မြို့၌ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံကောလိပ်တစ်ခုကိုဖွင့်လှစ်ခဲ့ရာ ကောလိပ်ကျောင်းသား၊ ကျောင်းသူများသည် ဥပစာတန်းစာမေးပွဲကို အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်တွင် သွားရောက်ဖြေဆိုခဲ့ကြရသည်။ ထို့ကြောင့် ၎င်းစာမေးပွဲကို ဖြေဆိုမည့်သူများကို ရန်ကုန်အစိုးရအထက်တန်းကျောင်း (ယခု လသာအထက-၁)တွင် တက္ကသိုလ်အဆင့်စာပေများကိုပို့ချပေးရာမှ တက္ကသိုလ်ပညာရေးစနစ် စတင်ခဲ့သည်။

ဗြိတိသျှအစိုးရသည် ၁၈၈၄-၁၈၈၅ ခုနှစ်တွင် ရန်ကုန်အထက်တန်းကျောင်းကို ရန်ကုန်ကောလိပ်အဖြစ်ပြောင်းလဲကာ မြန်မာနိုင်ငံပညာရေးဆင်ဒီကိတ်အဖွဲ့က စီမံအုပ်ချုပ်၍ မစ္စတာ ဂျေအိပ်ချ်ဂီးလ်ဗတ် (J.H. Gilbert)က ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် ရန်ကုန်ကောလိပ်ကို အစိုးရကတာဝန်ယူခဲ့ပြီး ရန်ကုန်အစိုးရကောလိပ်ဟု အမည်ပြောင်းခဲ့သည်။ ထိုအချိန်တွင် အမေရိကန်သာသနာပြုအဖွဲ့သည် ရန်ကုန်ကောလိပ်နှင့်အပြိုင် ဂျပ်ဆင်ကောလိပ်ကိုဖွင့်လှစ်ခဲ့ကာ ၁၉၁၈ ခုနှစ်တွင် အမေရိကန်သာသနာပြုပုဂ္ဂိုလ် ဒေါက်တာဂျပ်ဆင်ကို ဂုဏ်ပြုသောအားဖြင့် ဂျပ်ဆင်ကောလိပ် (ယုဒသန်ကောလိပ်)ဟု အမည်ပေးခဲ့သည်။

၁၈၉၂ ခုနှစ်မှစ၍ ရန်ကုန်ကောလိပ်ကို သီးခြားလွတ်လပ်သောတက္ကသိုလ်ဖြစ်လာစေရေး လှုံ့ဆော်မှုများဖြစ်ပွားခဲ့ရာ မြန်မာပြည်ဥပဒေပြုကောင်စီက ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကိုအတည်ပြုခဲ့ပြီး ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ် ပေါ်ထွန်းလာခဲ့သည်။ တက္ကသိုလ်စတင်ဖွင့်ခဲ့စဉ်က တက္ကသိုလ်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ဖြင့်ဖွဲ့စည်းခဲ့ပြီး တက္ကသိုလ်ကောလိပ်တွင် သင်တန်းသား ၆၉၂ ဦးနှင့် ဂျပ်ဆင်ကောလိပ်တွင် သင်တန်းသား ၁၃၇ ဦး တက်ရောက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးအဓိပတိသည် ဘုရင်ခံဆာရယ်ဂျီနယ်ကရက်ဒေါက်ဖြစ်သည်။

မြန်မာပြည်သူများသည် ရန်ကုန်တက္ကသိုလ်ဖွင့်လှစ်ပေးခြင်းကို ကျေနပ်သော်လည်း တက္ကသိုလ်အက်ဥပဒေပါ ပြဋ္ဌာန်းချက်တချို့ကို မကျေနပ်သဖြင့် ကျောင်းသားသပိတ်ကြီးဖြစ်ပေါ်ခဲ့ကာ အမျိုးသားအောင်ပွဲနေ့ပေါ်ပေါက်ခဲ့သည်။

၁၉၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်လက်အောက်၌ တက္ကသိုလ်ကောလိပ်၊ ဂျပ်ဆင်ကောလိပ်၊ ဆေးကောလိပ်၊ ဆရာဖြစ်သင်ကောလိပ်၊ စိုက်ပျိုးရေးကောလိပ်နှင့် မန္တလေးဥပစာကောလိပ်ဟူ၍ ကောလိပ်ခြောက်ခုရှိလာခဲ့သဖြင့် အဆောက်အအုံများကို တိုးချဲ့ဆောက်လုပ်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်မှ ၁၉၅၀ ပြည့်နှစ်များတွင် ရန်ကုန်တက္ကသိုလ်သည် အရှေ့တောင်အာရှတွင် ဂုဏ်သတင်းကြီးမားခဲ့ကာ အာရှတိုက်၏ အကောင်းဆုံးတက္ကသိုလ်များတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။

**ဘွဲ့နှင်းသဘင်အဆောက်အအုံ**

ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သော်လည်း ဘွဲ့နှင်းသဘင်အဆောက်အအုံကို ၁၉၂၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် တက္ကသိုလ်အဓိပတိ ဆာရယ်



ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံကို တွေ့ရစဉ်။

ဂျီနယ်ကရက်ဒေါက်က အုတ်မြစ်ချကာ စတင်တည်ဆောက်ခဲ့သည်။ ဘွဲ့နှင်းသဘင် ရှေ့မျက်နှာစာအောက်ပိုင်းတွင် ကမ္ပည်းကျောက်ပြားကိုတွေ့ရှိရသည်။

အဓိပတိလမ်း၏အဆုံးတွင် တည်ရှိသည့် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံသည် ဧက ၄၀၀ ကျယ်ဝန်းသည့် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ ပထမဆုံးဆောက်လုပ်ခဲ့သည့် အဆောက်အအုံဖြစ်သည်။

ဘွဲ့နှင်းသဘင်အဆောက်အအုံသည် ကိုလိုနီခေတ် အနောက်ဥရောပလက်ရာဖြစ်ကာ ပင်မအဆောက်အအုံသည် လေးထောင့်ပုံဖြစ်ပြီး အရှေ့ဘက်နှင့် အနောက်ဘက်တွင် ပင်မအဆောက်အအုံနှင့်တွဲလျက် ဆင်ဝင်မုခ်ပေါက်များပြုလုပ်ထားသည်။ အဆောက်အအုံ၏အလယ်၌ ဘွဲ့နှင်းသဘင်ခန်းမကျယ်ရှိပြီး ခန်းမပတ်လည်တွင် အပေါ်ထပ်ပွဲကြည့်စင်ပုံအထပ်နှစ်ထပ်ပါရှိသည်။

အဆောက်အအုံ၏ မျက်နှာစာတွင် အလှဆင်ထားသည့် လခြမ်းပုံမုခ်ခုံးသုံးခုသည် ဘွဲ့နှင်းသဘင်ခန်းမ၏ သင်္ကေတဖြစ်လာခဲ့သည်။ မျက်နှာစာ၏ ဝဲ၊ ယာ ဘေးနှစ်ဖက်တွင် ခြင်္သေ့ရုပ်တစ်ရုပ်စီထားရှိကာ အဆောက်အအုံ ထိပ်နဖူးစည်း၌ တိုးနရား နှစ်ကောင် တစ်ဖက်တစ်ချက်ရံထားသည့် ရန်ကုန်တက္ကသိုလ် အမှတ်တံဆိပ်ကို ပုံဖော်ထားသည်။

အုတ်၊ အင်္ဂတေတို့ဖြင့် တည်ဆောက်ထားသည့် ဘွဲ့နှင်းသဘင်ခန်းမဆောင်သည် မူလလက်ရာအတိုင်း တည်ရှိနေကာ ယနေ့တိုင် ဘွဲ့နှင်းသဘင်အခမ်းအနားများကို ကျင်းပပြုလုပ်လျက်ရှိသည်။

**ဂျပ်ဆင်ဘုရားရှိခိုးကျောင်း**

ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းမ၏ အနောက်ဘက်တွင် တည်ဆောက်ထားသည့် ဂျပ်ဆင်ဘုရားရှိခိုးကျောင်းကို ၁၉၃၁ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် တက္ကသိုလ်အဓိပတိ ဆာချားလ်စ် အလက်ဇင်းဒါးအင်းနစ်(Sir Charles Alexander Innes)က အုတ်မြစ်ချတည်ဆောက်ခဲ့သည်။ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းကို ခရစ်ယာန်ဘာသာရေးဆိုင်ရာ အခမ်းအနားများ ကျင်းပရန် ရည်ရွယ်ခဲ့သည်။ ဘုရားကျောင်းအဆောက်အအုံ တည်ဆောက်ထားပုံသည် ကိုလိုနီခေတ်ဥရောပဗိသုကာပုံစံ၊ လက်ဝါးကပ်တိုင် ပုံသဏ္ဌာန်ဖြစ်သည်။ ဘုရားကျောင်း၏ မျက်နှာစာတွင် ပင်မအဆောက်အအုံနှင့်တွဲလျက် ဆင်ဝင်တစ်ခုကို ပြုလုပ်ထားပြီး ဆင်ဝင်၏အထက်တွင် မြေပြင်မှထိပ်ထိ လေ့ကားထစ် ၁၈၀ ရှိသည့် ခေါင်းလောင်းမျှော်စင်ရှိရာ ရန်ကုန်မြို့ရှိ မျှော်စင်များအနက် အမြင့်ဆုံးဖြစ်သည်။

ဂျပ်ဆင်ဘုရားကျောင်းသည် အလျား ၈၈ ပေ၊ အနံ ၄၂ ပေရှိကာ ပင်မအဆောက်အအုံ၏ ဘေးနှစ်ဖက်တွင် ဘေးထွက်ဆောင်များပါရှိသည်။ ဘုရားကျောင်းအဆောက်အအုံကို အုတ်၊ အင်္ဂတေများဖြင့် တည်ဆောက်ထားကာ မူလလက်ရာအတိုင်းရှိနေပြီး ခရစ်ယာန်ဘာသာဆိုင်ရာ ဘုရားရှိခိုးကျောင်းအဖြစ် ယခုတိုင်အသုံးပြုနေဆဲဖြစ်သည်။

**တက္ကသိုလ်များဓမ္မာရုံ**

ရန်ကုန်တက္ကသိုလ်နှင့်မျက်နှာချင်းဆိုင်၊တက္ကသိုလ်ရိပ်သာလမ်း၏ တောင်ဘက်ခြမ်းတွင်ရှိသည့် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကို မြန်မာသက္ကရာဇ် ၁၂၉၅ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်(ခရစ်နှစ် ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်)၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ အလယ်တောရဆရာတော် အဂ္ဂမဟာပဏ္ဍိတ ကောသလ္လာဘိဇေက အုတ်မြစ်ချခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် တက္ကသိုလ်များဓမ္မာရုံဟု အမည်ပြောင်းခဲ့သည်။

အလျားပေ ၁၄၀၊ အနံ ၆၅ ပေနှင့် မျက်နှာကြက်အမြင့် ၂၂ ပေရှိသည့် ထောင့်မှန်စတုဂံပုံအုတ်တိုက်ဓမ္မာရုံအဆောက်အအုံကို အနောက်ဥရောပဟန်နှင့် မြန်မာဟန်ရောနှောလျက် ဆင်ဝင်မုခ်ပေါက်နှင့် ဘေးထွက်ဆောင်ထည့်သွင်းကာ အမိုးတွင် ဘုံပြာသာဒ်အဆင့်ဆင့်ထည့်သွင်းတည်ဆောက်ခဲ့သည်။ ဆင်ဝင်ဆောင်အမိုးတွင် ဒေါင်းရုပ်နှင့် ပင်မအဆောက်အအုံမျက်နှာစာအပေါ်တွင် ရာမလက်ညှိုးပုံမုခ်ကပ်ကို ထည့်ထားသည်။

အဆောက်အအုံအတွင်းပိုင်း ဘေးတစ်ဖက်စီတွင် စကြံပတ်လမ်းရှိ၍ ဓမ္မာရုံပေါ်သို့တက်သည့်လှေကားသည် မြန်မာမှုသရက်ကင်း အုတ်လှေကားဖြစ်ကာ အတွင်း၌ သစ်သားတံခါးများ တပ်ဆင်ထားသည်။ တက္ကသိုလ်ဓမ္မာရုံကို ၁၉၉၅ ခုနှစ်တွင် ပြုပြင်မွမ်းမံမှုများပြုလုပ်ခဲ့ပြီး မူလလက်ရာများ ကျန်ရှိနေဆဲဖြစ်သည်။

**ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်**

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကို အဓိပတိလမ်း၏ အရှေ့ဘက်ခြမ်း၌ ၁၉၂၇ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် မြန်မာပြည်ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ(Sir Harcourt Butler)က အုတ်မြစ်ချခဲ့ပြီး စာကြည့်တိုက်လုပ်ငန်းများကို ၁၉၂၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ စာကြည့်တိုက်အဆောက်အအုံကို ရောင်းဗဟာဒူးအက်စ်ရာမာနာသာရေးဒီယာ(Rao Bahadur S. Ramanatha Reddiar)နှင့် ဇနီးများက ငွေကျပ်နှစ်သိန်း လှူဒါန်းခဲ့သည်။

အလျားပေ ၁၃၀၊ အနံ ၄၂ ပေ အင်္ဂလိပ်အက္ခရာ L ပုံစံနှစ်ထပ်ဆောက်လုပ်ထားသည့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် ပေပုရပိုက်များ အများဆုံးစုဆောင်းထားရှိကာ စာကြည့်တိုက်အဝင်တွင် အုတ်မြစ်ချသည့်မှတ်တမ်းကမ္ပည်းကျောက်စာ ရေးထိုးထားသည်။ ဝင်ပေါက်တံခါးအပေါ်တွင် အလှူရှင်များ၏အမည်ကို သံပန်းဖြင့် ရေးထိုးထားသည်။

ကိုလိုနီခေတ်လက်ရာနှင့် မြန်မာဟန် ပေါင်းစပ်တည်ဆောက်ထားသည့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည် ယခုအချိန်ထိ မူလလက်ရာအတိုင်းရှိနေကာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများအပြင် ပြင်ပသုတေသီများပါ အသုံးပြုနေကြရသည့် သုတေသနဘဏ်တိုက်ကြီးအဖြစ် ရပ်တည်နေပေသည်။

**သိပ္ပံနှင့် ဝိဇ္ဇာအဆောက်အအုံ**

တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ သိပ္ပံနှင့် ဝိဇ္ဇာပညာရပ်များကိုသင်ယူနိုင်ရန် အဆောက်အအုံ နှစ်ခုကို အဓိပတိလမ်း တစ်ဖက်တစ်ချက်စီ၌ မျက်နှာချင်းဆိုင်တည်ဆောက်ခဲ့သည်။ ဝိဇ္ဇာအဆောက်အအုံကို အဓိပတိလမ်း၏ အနောက်ဘက်ခြမ်း၌ ၁၉၂၈ ခုနှစ်တွင် တည်ဆောက်၍ အဓိပတိလမ်း၏ အရှေ့ဘက်ခြမ်းတွင် သိပ္ပံအဆောက်အအုံကို ၁၉၃၁ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။

ဝိဇ္ဇာအဆောက်အအုံတွင် ဝိဇ္ဇာခန်းမ၊ သုံးထပ်စာသင်ဆောင် လေးဆောင်၊ အုပ်ချုပ်ရေးရုံးခန်းနှင့် စာကြည့်တိုက်တို့ကို ထည့်သွင်းတည်ဆောက်ခဲ့သည်။ လေးထောင့်ပုံ သုံးထပ်ပင်မအဆောက်အအုံသည် အလျား ၉၇၁ ပေ၊ အနံ ၄၈ ဒသမ ၅ ပေ ရှိကာ အတွင်းပိုင်းကို စကြံပတ်လမ်းများဖြင့် အခန်းများဖွဲ့စည်းထားသည်။ ပင်မဆောင်အပေါ်ထပ် အတွင်းပိုင်းနံရံများတွင် စက်ဝိုင်းခြမ်းပုံပြတင်းများ တပ်ဆင်ထားသည်။

၁၉၃၁ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် အင်္ဂလိပ်အက္ခရာ E ပုံသဏ္ဌာန် သိပ္ပံအဆောက်အအုံတွင် သိပ္ပံခန်းမ၊ သုံးထပ်စာသင်ဆောင် ငါးဆောင်နှင့် ရုံးခန်းများပါရှိသည်။ သိပ္ပံအဆောက်အအုံသည် ၂၀ ရာစုအစောပိုင်း ဗိသုကာလက်ရာဖြစ်ကာ ပင်မအဆောက်အအုံ၏အပေါ်တွင် လခြမ်းပုံမုခ်ကပ်များနှင့် စက်ဝိုင်းပေါက် အင်္ဂတေဇာပြတင်းပေါက်များ တပ်ဆင်ထားသည်။


**တက္ကသိုလ်ဆေးရုံ**

ရန်ကုန်တက္ကသိုလ်၏ အရေးပါသော အဆောက်အအုံတစ်ခုသည် ဆရာ၊ ဆရာမများ အပါအဝင် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ပေးနေသည့် ဆေးရုံဖြစ်သည်။ တက္ကသိုလ်ဆေးရုံသည် တက္ကသိုလ်ရိပ်သာလမ်း၏ တောင်ဘက်ခြမ်း၊ အမှတ်(၁၆၀)၌ တည်ရှိသည်။

ဆေးရုံအဆောက်အအုံကို မြန်မာဗိသုကာပညာရှင် ဦးသာထွန်းက ၁၉၂၇-၁၉၂၈ ခုနှစ်တွင် တည်ဆောက်ခဲ့ရာ ယခုတိုင် မူလလက်ရာအတိုင်း ကျန်ရှိနေသည်။ အလျား ၁၀၃ ပေ၊ အနံ ၄၂ ပေရှိသည့် မူလတစ်ထပ်အုတ်တိုက် အဆောက်အအုံ၏အနောက်ဘက်မျက်နှာစာကို ၁၉၆၂ ခုနှစ်တွင် တိုးချဲ့ဆောက်လုပ်ခဲ့သည်။ အတွင်းခန်းမကျယ်ကို စကြံလမ်းဖြင့် ပတ်ထားပြီး ပင်မဆောင်အဝင်တွင် ဆင်ဝင်ပေါက်ကို ဆောက်လုပ်ခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၇၈၄ ဧက စိုက်ပျိုးပြီးစီး

**ကလေး ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၇၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၇၈၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဂျုံ ၂၇၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဂျုံ ၂၇၈၆ ဧက စိုက်ပျိုးဖို့လျာထားတာပါ။ အခုလက်ရှိ ၂၇၈၄ ဧကစိုက်ပြီးနေပါပြီ။ ဂျုံသီးနှံဧက လျာထားချက်ပြည့်မီအောင်စိုက်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဂျုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့၊ ပိုးမွှားကျရောက်မှု ကာကွယ်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ဂျုံသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးနိုင်ရန် ပညာပေးခြင်း၊ တောင်သူများ လိုအပ်သည့် ယူရီးယားမြေဩဇာကို အကျိုးရှိရှိသုံးစွဲတတ်ရန်၊ ဂျုံသီးနှံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်နည်းနည်းဖြင့် စိုက်ပျိုးနိုင်ရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂျုံစိုက်ပျိုးရာတွင် ဂျုံတစ်ဧက စိုက်ပျိုးလျှင် ကုန်ကျစရိတ် ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံတစ်ဧကလျှင် ၂၁ တင်းထွက်ရှိကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂျုံသီးနှံကို မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ခန္တီးခရိုင်၊ နာဂဒေသ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



# ပူးပေါင်းဝေစည် ကျောင်းစုံညီ

- ဆရာမိဘ အားဖြည့်လောင်းပါလို့
ငြိမ့်ညောင်းတဲ့ ပွဲစုံညီ၊
လူရည်ချွန် ဆုတံဆိပ်တွေနှင့်
မြူးရိပ်ဝေစည်၊
စင်မြင့်ထက် လှမ်းလို့ချီ
ပီတိဆီ မြင်သူဖုံး၊
အကပဒေသာနှင့်
လှဝေဖြာ စည်ကားလို့ရယ်
ဝင့်ကြွားမဆုံး။

- ညှော်မိတ်ဆွေ စုကာရုံးလို့
တပြုံးပြုံးနဲ့ သိုက်မြိုက်စွာ၊
နားဝင်ပီယံ တေးဂီတတွေနှင့်
တင့်လှဝေဆာ၊
ဟန်ရှရှ ရှုအလင်္ကာ
ပဒေသာ စုံညီပွဲ၊
ချစ်သဒ္ဓါခြွေ
နှစ်ကြာရှည် ကပွဲည်းထိုးမဲ့
ရိုးရာ့ဓလေ့။

- တစ်နှစ်မှာ တစ်ခါတွေ့
အစဉ်လာမွေ့ ပူးပေါင်းပျော်၊
ရွှေပွဲလာ တစ်ခဲနက်နှင့်
ရက်မြတ်ဂုဏ်ဖော်၊
ထူးခြားနေ့ ဒီပွဲတော်
ရှေ့သို့မျှော် နိုင်ငံအတွက်၊
အဆုံးဖျားဆီ
သုံးနားညီ လက်ဆင့်ကမ်းလို့ရယ်
(ပြည်သူတို့ရေ. . .)
အားစိုက်ထမ်းရွက်။ ။

**မင်းသူရိန်(သာကီနွယ်)**

**➤ စာမျက်နှာ ၄ မှအဆက်**

အခန်း ၁၆ ခန်းပါရှိသည့် ခုတင် ၁၂ လုံးဆံ့ဆေးရုံဖြစ်သည့် ရန်ကုန်တက္ကသိုလ်ဆေးရုံကို ၁၉၆၄ ခုနှစ်တွင် တက္ကသိုလ်များဆေးရုံဟု အမည်ပြောင်းခဲ့သည်။ ဆေးရုံဝန်ထမ်းများကို ကျန်းမာရေးဝန်ကြီးဌာနကခန့်အပ်ကာ တက္ကသိုလ်ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**တက္ကသိုလ်ဓာတ်တိုက်နှင့် အားကစားရုံ**

တက္ကသိုလ်ရိပ်သာလမ်းနှင့် သထုံလမ်းထောင့်တွင်ရှိသည့် တက္ကသိုလ်စာတိုက်သည် ကိုလိုနီခေတ်လက်ရာဟန် အဆောက်အအုံတစ်ခုဖြစ်ကာ တက္ကသိုလ်ဌာနများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ စာပို့လုပ်ငန်းများကို ယနေ့တိုင် ဆောင်ရွက်ပေးနေဆဲဖြစ်သည်။

လေးထောင့်ပုံ အုတ်ကြွပ်မိုးတစ်ထပ်စာတိုက် အဆောက်အအုံသည် အလျားပေ ၉၀၊ အနံ ၃၂ ပေနှင့် အမြင့် ၁၃ ပေရှိကာ စက်ဝိုင်းခြမ်းပုံမှန်ခုံး လေသာပြတင်းပေါက်များတပ်ဆင်ထားသည်။ မူလကတက္ကသိုလ်စာတိုက်အဖြစ် သီးသန့်အသုံးပြုခဲ့ပြီး စာပို့သင်္ကေတမှာ ၁၁၀၄၁ဖြစ်သည်။

သထုံလမ်းထောင့်ရှိ တက္ကသိုလ်အားကစားရုံနှင့် လဟာပြင်ဇာတ်ရုံဆောက်လုပ်ရန် မစ္စတာချန်ချောခိုင်က ငွေကျပ် တစ်သိန်း လှူဒါန်းခဲ့ကာ ကိုလိုနီခေတ်လက်ရာအဖြစ် ကျန်ရှိနေပြီး ယခုအခါတွင်အသုံးပြုခြင်းမရှိတော့ပေ။ အလျား ၁၀၇ ပေ၊ အနံ ၄၂ ပေနှင့် အမြင့် ၁၆ ပေရှိသည့် ၎င်းအဆောက်အအုံ၏နောက်တွင် အုတ်ဇာတ်ခုံကို တည်ဆောက်ခဲ့သည်။ အဆောက်အအုံကို အုတ်ကြွပ်မိုးထားကာ အလင်းရောင်ကောင်းစွာရရှိစေရန် မှန်ပြတင်းများတပ်ဆင်ထားသည်။

**ကျောင်းဆောင်များ**

ရန်ကုန်တက္ကသိုလ် အဝန်းအဝိုင်းအတွင်း၌ ကျောင်းသား၊ ကျောင်းသူများနေထိုင်သည့် အဆောင်များဆောက်လုပ်ခဲ့ရာ အင်းဝ၊ ပင်းယ၊ စစ်ကိုင်း၊ သထုံနှင့် ပဲခူးဆောင်တို့သည် ဗဟိုကျောင်းဆောင်များဖြစ်ကြသည်။ ၎င်းအဆောင်များကို ၁၉၂၈ ခုနှစ်တွင် အင်္ဂလိပ်အက္ခရာ E ပုံစံသုံးထပ်တည်ဆောက်ခဲ့ကာ အလျား ၁၉၆ ပေ၊ အနံ ၈၂ ပေနှင့် အမြင့် ၃၆ ပေစီရှိကာ အခန်း ၁၄၈ ခန်းစီပါရှိသည်။ အုတ်ကြွပ်မိုးကာ အနီရောင်ဆေးသုတ်ထားသည့် ၎င်းအဆောင်များကို ယနေ့တိုင် လှပခံ့ညားစွာ မြင်တွေ့ကြရသည်။

ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းမှာပင် အင်းလျားဆောင်နှင့် သီရိဆောင်တို့ကို ၁၉၂၈ ခုနှစ်တွင်လည်းကောင်း၊ ရွှေဘိုဆောင်နှင့် ဒဂုံဆောင်တို့ကို ၁၉၃၃-၁၉၃၄ ခုနှစ်တွင်လည်းကောင်း တည်ဆောက်ခဲ့ပြီး အဆောင်များအားလုံးကို အနီရောင်ဆေးသုတ်လိမ်း၍ အလှဆင်ခဲ့သည်။

တက္ကသိုလ်နယ်မြေပြင်ပတွင် နှစ်ထပ်သစ်သားကျောင်းဆောင်များဖြစ်ကြသည့် ပြည်၊ ပုဂံ၊ တကောင်းဆောင်တို့နှင့် နှစ်ထပ်အုတ်အဆောက်အအုံ နဝဒေးဆောင်တို့ကို တည်ဆောက်ခဲ့သည်။

မြန်မာနိုင်ငံရေးနှင့် ပညာရေးသမိုင်းတို့နှင့်ဆက်စပ်နေသည့် ရန်ကုန်တက္ကသိုလ်နှင့် ကိုလိုနီခေတ်အဆောက်အအုံများသည် ယနေ့တိုင် မူလလက်ရာများအတိုင်း တည်ရှိနေကြပေသည်။

**ကိုးကား**

- **ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုလိုနီခေတ်အဆောက်အအုံများ**
- **ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်မဂ္ဂဇင်း(၂၀၂၀)**

# အောင်လံမြို့နယ် မြင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အောင်လံ ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များနှင့်အတူ မြင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါမြင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆဋ္ဌမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၄ ဦးကိုငွေကျပ် ၃၆၆၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ခြောက်သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကိုငွေကျပ် ၁၅၅၀၀၀၀ နှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ခုနစ်သိန်း စုစုပေါင်း အသင်းသား ၁၁၃ ဦးကို ငွေကျပ် ၃၉၅ သိန်း ထုတ်ချေးထားကြောင်း သိရသည်။ **မြူလေး**

# နိုင်ငံတကာ သတင်းများ

## ပက်ထရီးယော့စ်လေကြောင်းရန်ကာကွယ်ရေး စနစ်များ ပိုလန်သို့ ဂျာမနီစတင်ပေးပို့

**ဘာလင် ဇန်နဝါရီ ၂၄**

ဂျာမနီနိုင်ငံသည် ဇန်နဝါရီ ၂၃ ရက်တွင် ပိုလန်နိုင်ငံသို့ ပက်ထရီးယော့စ် လေကြောင်းရန်ကာကွယ်ရေးစနစ်များ စတင်ပေးပို့နေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်း တိုက်ပွဲများအတွင်း ပစ်မှတ်ချော် ဒုံးကျည်တစ်စင်း ပိုလန်နိုင်ငံတွင်းသို့ ကျရောက်ခဲ့ပြီးနောက် ဂျာမနီနိုင်ငံက ပိုလန်နိုင်ငံသို့ ပက်ထရီးယော့စ်လေကြောင်းရန်ကာကွယ်ရေးစနစ်များ စတင်ပေးပို့နေခြင်းဖြစ်သည်။

ဂျာမနီနိုင်ငံက ပိုလန်သို့ ပေးပို့ရန် ကတိပြုထားသည့် ပက်ထရီးယော့စ် လေကြောင်းရန်ကာကွယ်ရေးစနစ်သုံးခုအနက် နှစ်ခုကို ပိုလန်နိုင်ငံ ဇာမော့စ်မြို့သို့ စတင်ပို့ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ယူကရိန်းတိုက်ပွဲများအတွင်း လမ်းကြောင်းချော်၍ ပိုလန်နိုင်ငံအတွင်း ဝင်ရောက်လာသည့် ဒုံးကျည်များကို တားဆီးရေးအတွက် အသုံးပြုမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ပစ်မှတ်လမ်းကြောင်း ချော်ထွက်သွားသည့် ယူကရိန်းဒုံးကျည်တစ်စင်း ပိုလန်နိုင်ငံအတွင်း ကျရောက်ခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ရသည်။

ဂျာမနီနိုင်ငံက ပက်ထရီးယော့စ်လေကြောင်းရန် ကာကွယ်ရေးစနစ်များ ပေးပို့ခဲ့သော ဇာမော့စ်မြို့မှာ ယူကရိန်းနယ်စပ်အနီးတည်ရှိသော ပိုလန်နိုင်ငံ၏မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။ KKO



## အမေရိကန် ကယ်လီဖိုးနီးယား၌ သေနတ်ပစ်ခတ်မှု ထပ်မံဖြစ်ပွား လူ ခုနစ်ဦး သေဆုံး

**နယူးယောက် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်း ဟက်ဖ်မွန်းဘေးမြို့၌ ဇန်နဝါရီ ၂၃ ရက်က နေရာနှစ်နေရာတွင် သေနတ်ပစ်ခတ်မှုများ ထပ်မံဖြစ်ပွားခဲ့ရာ လူပေါင်း ခုနစ်ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကယ်လီဖိုးနီးယားတောင်ပိုင်း မွန်ထရေးပက်ခ်မြို့၌ လူ ၁၁ ဦး သေဆုံးခဲ့ရသောသေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် ဟက်ဖ်မွန်းဘေးမြို့၌ သေနတ်ပစ်ခတ်မှုထပ်မံဖြစ်ပွားခဲ့ရာ လူ ခုနစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဟက်ဖ်မွန်းဘေးမြို့ သေနတ်ပစ်ခတ်ကျူးလွန်ခဲ့သူကိုရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ပစ်ခတ်မှု ကျူးလွန်ခဲ့သော ချွန်လီကျောက်အမည်ရှိ အသက် ၇၂ နှစ်အရွယ် အမျိုးသားသည် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးနေသော်လည်း ပစ်ခတ်မှုကျူးလွန်ရခြင်း၏ ရည်ရွယ်ချက်ကို မသိရသေးကြောင်း ဟက်ဖ်မွန်းဘေးရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ကယ်လီဖိုးနီးယားတောင်ပိုင်း မွန်ထရေးပက်ခ်မြို့၌ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုတွင် ပစ်ခတ်မှုကျူးလွန်သူ အမျိုးသားမှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့သည်။

မွန်ထရေးပက်ခ် သေနတ်ပစ်ခတ်မှုသည် ဇန်နဝါရီ ၂၂ ရက် တရုတ်နှစ်သစ်ကူးကာလ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## အလက်ပိုမြို့အနီးရှိ အယ်လ်-ဂျာရာလေတပ်စခန်းကို ရုရှားနှင့်ဆီးရီးယားတို့ ပူးတွဲအသုံးပြုရန်စီစဉ်



**မော်စကို ဇန်နဝါရီ ၂၄**

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ လေတပ်စခန်းတစ်ခုကို ရုရှားနှင့် ဆီးရီးယားနိုင်ငံတို့က ပြန်လည်ပြင်ဆင်ထားပြီး နှစ်နိုင်ငံပူးတွဲအသုံးပြုရန်စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ဖော်ပြခဲ့သည်။

ရုရှားနှင့် ဆီးရီးယားတပ်များ သည်ပျက်စီးနေသည့် အယ်လ်-ဂျာရာ လေတပ်စခန်းကို ပြန်လည်ပြုပြင်ထိန်းသိမ်းထားကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် အယ်လ်-ဂျာရာလေတပ်စခန်းကို ရုရှားနှင့်ဆီးရီးယားလေတပ်တို့ ပူးတွဲအသုံးပြုရန် စီစဉ်ထားကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အလက်ပိုမြို့အနီးတည်ရှိသည့် အယ်လ်-ဂျာရာ လေတပ်စခန်းကို ရုရှားနှင့် ဆီးရီးယားတပ်များက ၂၀၁၇ ခုနှစ်တွင် အစ္စလာမ်မစ်အကြမ်းဖက်အုပ်စု (အိုင်အက်စ်) ထံမှပြန်လည်သိမ်းယူခဲ့ခြင်းဖြစ်သည်။

အယ်လ်-ဂျာရာ လေတပ်စခန်းကို နှစ်နိုင်ငံ ပူးတွဲအသုံးပြုခြင်းဖြင့် ဆီးရီးယားနယ်စပ် ဒေသများကို လုံခြုံမှုပေးနိုင်မည် ဖြစ်ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ရုရှားနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ဆီးရီးယားပြည်တွင်းစစ်၌ စစ်ရေးအရကြားဝင်ခဲ့ရာဆီးရီးယားအစိုးရတပ်များအနေဖြင့် တစ်နိုင်ငံလုံးနီးပါးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။ KKO

## တရုတ်နိုင်ငံက တည်ဆောက်ပေးထားသည့် ပင်လယ်ရေနက်ဆိပ်ကမ်းသစ် နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့၌ ဖွင့်လှစ်

**လာဂို့စ် ဇန်နဝါရီ ၂၄**

တရုတ်နိုင်ငံက တာဝန်ယူတည်ဆောက်ပေးထားသော အမေရိကန်ဒေါ်လာတစ်ဘီလီယံတန်ဖိုးရှိ ပင်လယ်ရေနက်ဆိပ်ကမ်းသစ်ကို နိုင်ဂျီးရီးယားနိုင်ငံက ဇန်နဝါရီ ၂၃ ရက်တွင် လာဂို့စ်မြို့၌ ဖွင့်လှစ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ပင်လယ်ရေနက်ဆိပ်ကမ်းသစ်သည် နိုင်ဂျီးရီးယားဆိပ်ကမ်းများ၏ ဝန်ထုပ်ဝန်ပိုးဖြစ်မှုကို လျှော့ချပေးနိုင်မည်ဖြစ်သလို နိုင်ဂျီးရီးယားကိုလည်း အာဖရိက၏ရေကြောင်း သယ်ယူပို့ဆောင်ရေးဗဟိုချက်အဖြစ် ပြောင်းလဲပေးနိုင်ဖွယ်ရှိသည်။

လက်ကီး ပင်လယ်ရေနက်ဆိပ်ကမ်းအမည်ရှိ အဆိုပါပင်လယ်ရေနက်ဆိပ်ကမ်းသစ်ကိုနိုင်ဂျီးရီးယားသမ္မတ ဘူဟာရီကိုယ်တိုင်ဖွင့်လှစ်ပေးခဲ့သည်။

သမ္မတဘူဟာရီသည် အခြေခံအဆောက်အအုံများ တည်ဆောက်မှုကို ၎င်း၏အဓိကစီးပွားရေးမူဝါဒများအတွက် အဓိကအကျဆုံးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ထားသူဖြစ်သည်။

လက်ကီး ပင်လယ်ရေနက်ဆိပ်ကမ်းစီမံကိန်းသည် အနည်းဆုံး အလုပ်အကိုင်နေရာပေါင်း ၂၀၀၀၀၀ ကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။



တရုတ်နိုင်ငံသည် နိုင်ဂျီးရီးယားနိုင်ငံ၏ အဓိကမြီရှင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ရထားလမ်း၊ ကားလမ်းနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများအတွက် ဘဏ္ဍာရေးအရ ဖြည့်ဆည်း ပေးထားကြောင်း သိရသည်။ KKO

## အီးယူနှင့် ဗြိတိန်တို့၏ အရေးယူပိတ်ဆို့မှုများကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝေဖန်

**တီဟီရန် ဇန်နဝါရီ ၂၄**

ဥရောပသမဂ္ဂ(အီးယူ)နှင့်ဗြိတိန်တို့က ထပ်မံချမှတ်ခဲ့သည့် အရေးယူပိတ်ဆို့မှု စည်းမျဉ်းသစ်များကို အီရန်နိုင်ငံက ဝေဖန်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြည်တွင်း၌ ဖြစ်ပွားနေသည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများအပေါ် အီရန်အစိုးရကိုင်တွယ်ပုံကို တုံ့ပြန်သည့်အနေဖြင့် ဥရောပသမဂ္ဂနှင့်ဗြိတိန်တို့က ဇန်နဝါရီ ၂၃ ရက်တွင် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအသစ်များ ချမှတ်ခဲ့သည်။

ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့၏ အဆိုပါလုပ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံကလည်း ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့မှ လူ့အခွင့်အရေး ချိုးဖောက်သူများကို တန်ပြန်အရေးယူပိတ်ဆို့မှုများ ပြုလုပ်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂက နောက်ဆုံးချမှတ်ကြေညာထားသော အရေးယူပိတ်ဆို့မှုစည်းမျဉ်းများထဲတွင် အီရန်တော်လှန်ရေးအစောင့်တပ် လက်အောက်ခံဌာန အဖွဲ့အစည်းများအပါအဝင် အီရန်တာဝန်ရှိသူနှင့် အဖွဲ့အစည်း ၃၀ ကျော် အကျုံးဝင်ကြောင်း သိရသည်။

ထို့အတူ အမေရိကန်နိုင်ငံနှင့် ဗြိတိန်တို့ကလည်း အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအသစ်များကို ဇန်နဝါရီ ၂၃ ရက်တွင် ကြေညာခဲ့သည်။

ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့မှ လူ့အခွင့်အရေး ချိုးဖောက်သူများအား အရေးယူပိတ်ဆို့မည့်အစီအစဉ်ကို မကြာမီကာလအတွင်း ကြေညာမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ KKO

# SCIENCE AND TECHNOLOGY

## ယူတူ-၂ လမျက်နှာပြင်လှည့်လာရေးယာဉ်က ပေးပို့ထားသောဓာတ်ပုံသစ်များကို တရုတ်အမျိုးသားအာကာသအေဂျင်စီ ထုတ်ဖော်ပြသခဲ့



**ပေကျင်း ဇန်နဝါရီ ၂၄**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ယူတူ-၂ လမျက်နှာပြင်လှည့်လာရေးယာဉ်က ပေးပို့ထားသော ဓာတ်ပုံသစ်များကို ဇန်နဝါရီ ၂၁ ရက်က ထုတ်ဖော်ပြသခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဇန်နဝါရီ ၂၃ ရက်က ရေးသား တင်ပြထားသည်။

ယူတူ-၂ လမျက်နှာပြင်လှည့်လာရေးယာဉ်က ပြန်လည်ပေးပို့ခဲ့သော ဓာတ်ပုံသစ်များထဲတွင် ယူတူ-၂ လမျက်နှာပြင်လှည့်လာရေး ယာဉ်၏ ဘီးရာဓာတ်ပုံများ၊ လမျက်နှာပြင် ကျောက်သားဓာတ်ပုံများနှင့်ဥက္ကာချိုင့်ဝှမ်းငယ်တစ်ခု၏ ဓာတ်ပုံတို့ပါဝင်ကြောင်း သိရသည်။

ယူတူ-၂ လမျက်နှာပြင်လှည့်လာရေးယာဉ်နှင့် ချန်အာ-၄ လဆင်းယာဉ်တို့သည် လကမ္ဘာ ညကာလကိုဖြတ်သန်းပြီးနောက် ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အသီးသီး ပြန်လည်နိုးထလာကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် ယူတူ-၂ လမျက်နှာပြင် လှည့်လာရေးယာဉ်နှင့် ချန်အာ-၄ လဆင်းယာဉ်တို့သည် ၅၁ ရက်မြောက် လကမ္ဘာ နေ့ကာလ စူးစမ်းလှည့်လာရေးလုပ်ငန်းများကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ယူတူ-၂ လမျက်နှာပြင် လှည့်လာရေးယာဉ်နှင့် ချန်အာ-၄ လဆင်းယာဉ်တို့ကို ၂၀၁၉ ခုနှစ်တွင် လွှတ်တင်ခဲ့သည်။

အဆိုပါအာကာသယာဉ် နှစ်စင်းသည် လကမ္ဘာအခြားဘက်ခြမ်းသို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သော ပထမဆုံးအာကာသယာဉ်များဖြစ်ကြကြောင်း သိရသည်။

KKO


## အလွန်အေးမြသည့်ကြယ်များဖြင့်ဖွဲ့စည်းထားပြီး တစ်စင်းနှင့်တစ်စင်း အနီးကပ်လှည့်ပတ်နေသော နှစ်စင်းတွဲကြယ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အလွန်တရာ အေးမြသည့်ကြယ်များဖြင့်ဖွဲ့စည်းထားပြီး ကြယ်တစ်စင်းတည်းအဖြစ်ထင်ရလောက်အောင် တစ်စင်းနှင့်တစ်စင်းအနီးကပ်လှည့်ပတ်နေသည့် နှစ်စင်းတွဲကြယ်စနစ်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Science Alert သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၃ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ကြယ်နှစ်စင်းသည် တစ်စင်းနှင့်တစ်စင်း ၂၀ ဒသမ ၅ နာရီလျှင် တစ်ကြိမ်ကျလှည့်ပတ်နေကြောင်း၊ အဆိုပါ ကြယ်နှစ်စင်း၏အကွာအဝေးသည် ကြာသပတေးဂြိုဟ်နှင့် ၎င်းဂြိုဟ်၏ ကယ်လစ္စတို ဂြိုဟ်ရံလတို့ကြား အကွာအဝေးထက် ပိုနီးကြောင်း အမေရိကန်နိုင်ငံနော့သ်ဝက်စ်သမ်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အလားတူ LP413-53AB အမည်ရှိ အဆိုပါနှစ်စင်းတွဲကြယ်စနစ်မှာ အခြားပုံစံတူနှစ်စင်းတွဲကြယ်စနစ်များထက် သက်တမ်းပိုစောကြောင်း သိရသည်။



အဆိုပါကြယ်စနစ်၏ သက်တမ်းအရ ကြယ်စနစ်အတွင်းရှိ ကြယ်နှစ်စင်း စတင်ပေါ်ထွက်ချိန်က တစ်စင်းနှင့်တစ်စင်း အလှမ်းကွာခဲ့ပြီး နောက်ပိုင်းမှသာ နီးကပ်လာခြင်းဖြစ်နိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သာမန်ကြယ်များထက် အရွယ်အစားသေးငယ်ပြီး အအေးဓာတ်လွန်ကဲသောကြယ်များ (Ultra-Cool Dwarf Star) သည် အနီအောက်ရောင်ခြည်များသာ ထုတ်လွှတ်ပေးတတ်မှုကြောင့် သာမန်မျက်စိဖြင့်မမြင်ရသော်လည်း စကြဝဠာအတွင်း အများအပြားတည်ရှိကြောင်း သိရသည်။

KKO

## နေအဖွဲ့အစည်းကို ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်များတည်ရှိနေသော အာကာသချပ်ဝန်းလွှာတစ်ခုက ပတ်ပတ်လည်ရံထားဖွယ်ရှိ

**အိဒင်ဘတ် ဇန်နဝါရီ ၂၄**

နေအဖွဲ့အစည်းကို ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်များ တည်ရှိနေသော အာကာသ စက်ဝန်းလွှာတစ်ခုက ပတ်ပတ်လည်ရံထားဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ Science Daily သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၃ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါစက်ဝန်းလွှာနယ်မြေထဲ၌ ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည် ၁၀ သန်းထိ ရှိနေနိုင်ကြောင်းလည်း စကော့တလန်နိုင်ငံ အိဒင်ဘတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

စကော့တလန် သိပ္ပံပညာရှင်များသည် နေအဖွဲ့အစည်းအနီးရောက်ရှိလာသည့် ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်များအပေါ် နေနှင့် နဂါးငွေ့တန်းကြယ်စုတို့၏ ဒြပ်ဆွဲအားများသက်ရောက်ပုံကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ပြီး နေအဖွဲ့အစည်း ပတ်ပတ်လည်မှ ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်များအနက် ရာဂဏန်းအနည်းငယ်တို့မှာ နက်ပ်ကျွန်းဂြိုဟ်နေပတ်လမ်း အကွာအဝေးနှင့် တူညီသည့် အကွာအဝေးမှတစ်ဆင့် နေကိုဗဟိုပြု လှည့်ပတ်နေကြဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် ၂၀၁၇ ခုနှစ်တွင် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသော အိုမူအာမူအာဂြိုဟ်သိမ်ကို ကြယ်တာရာ ဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်အဖြစ် ပထမဆုံး အတည်ပြုနိုင်ခဲ့ပြီး အလားတူ ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဘောရစ်ဆော့စ်အမည်ရှိ ကြယ်တံခွန်ကို ကြယ်တာရာဟင်းလင်းပြင်ဖြတ် အာကာသဒြပ်ထည်အဖြစ် ထပ်မံအတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။ KKO

# HEALTH

## ခြေလက်အရိုးကျိုးခွဲစိတ်လူနာများ၌ သွေးခဲများ ပေါ်ထွက်နိုင်ခြေကို အက်စပရင်ဆေးတားဆီးနိုင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၂၄**

ခြေထောက် သို့မဟုတ် လက်အရိုးကျိုးမှုကို ခွဲစိတ်ကုသပြီးနောက် လူနာများ၌ သွေးခဲများ ပေါ်ထွက်လာနိုင်မှုကို အက်စပရင်ဆေးဖြင့် တားဆီးထားနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၂၃ ရက်က ရေးသား တင်ပြထားသည်။

ခြေထောက် သို့မဟုတ် လက်အရိုးကျိုးမှုကို ခွဲစိတ်ကုသချိန်တွင် လူနာများ၏အဆုတ်နှင့် ခြေထောက်သွေးကြောများ၌ သွေးခဲများ ပေါ်ထွက်လာနိုင်မှုကို တားဆီးရေးအတွက် သွေးကျဲဆေးတစ်မျိုးကို ထိုးနှံပေးထားရသည်။

သို့ရာတွင် အထက်ပါအလေ့အထကို ပြန်လည်စဉ်းစားရန်အချိန်ကျလာပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ မေရီလန်းတက္ကသိုလ်မှသုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ခြေလက်အရိုးကျိုး ခွဲစိတ်ကုသရသူလူနာများ၌ သွေးကြောများအတွင်း သွေးခဲများ ပေါ်ထွက်နိုင်ခြေကို တားဆီးရာတွင် အက်စပရင်ဆေးများသည် Heparin ထိုးဆေးများကဲ့သို့ပင် ထိရောက်မှုရှိနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အက်စပရင်ဆေး၏ အာနိသင်ကို အတည်ပြုနိုင်ရေးအတွက် အရိုးကျိုးခွဲစိတ်လူနာ ၁၂,၀၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်လေ့လာမှုများပြုလုပ်ခဲ့ကြပြီး လေ့လာချက် ရလဒ်များအရ အက်စပရင်သုံးစွဲသူအစုနှင့် Heparin ထိုးဆေးရယူသူအစုတို့ကြား သွေးကြောများအတွင်း သွေးခဲများ ပေါ်လာနိုင်ခြေ ကျဆင်းမှုနှုန်းမှာ ကွာခြားချက်မရှိကြောင်း သိရသည်။

KKO

## နောက်ငါးနှစ်အတွင်း ဇရာတိုက်ဖျက်ရေးဆေးတစ်မျိုးဖြင့် လူသားတို့၏ဘဝသက်တမ်းကို ဆန့်ထုတ်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၂၄**

နောင်လာမည့် ငါးနှစ်အတွင်း ဇရာတိုက်ဖျက်ရေး ထိုးဆေးတစ်မျိုးဖြင့် လူသားတို့၏ဘဝသက်တမ်းကို ဆန့်ထုတ်ပေး၍ ရလာနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၂၃ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ဟားဗက်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ဇရာတိုက်ဖျက်ရေး ထိုးဆေးသစ်တစ်မျိုးကို ကြွက်များဖြင့် စမ်းသပ်လျက်ရှိရာ ရလဒ်ကောင်းများ ပေါ်ထွက်လာကြောင်း သိရသည်။

အဆိုပါထိုးဆေး ထိုးနှံပြီးနောက် ကြွက်များ၏ဆဲလ်များ ပြန်လည်နုပျိုလာရာ ၎င်းကြွက်များ၏ ဘဝသက်တမ်း ပိုရှည်လာပြီး နှလုံးနှင့် အဆုတ်တို့၏ ကျန်းမာရေးလည်း အားကောင်းလာကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အဆိုပါ ထိုးဆေးသည် လူသားများအတွက်လည်း အထက်ပါအကျိုးကျေးဇူးများ ဖန်တီးပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက မျှော်လင့်ထားသည်။

၎င်းထိုးဆေးကြောင့် လူသားများအနေဖြင့် ဇီဝဗေဒသဘောအရ နုပျိုလာနိုင်သည်ဖြစ်ရာ ကင်ဆာရောဂါနှင့်ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ကဲ့သို့ရောဂါများမှ ပြန်လည်နာလန်ထူနိုင်စွမ်းလည်း ပို၍မြင့်မားလာနိုင်ကြောင်း သုတေသန ပညာရှင်များက ယူဆထားသည်။

မိမိတို့၏ ဇရာတိုက်ဖျက်ရေး ထိုးဆေးကို လာမည့်ငါးနှစ်အတွင်း သုံးစွဲ၍ရနိုင်ဖွယ်ရှိကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။ KKO



နိုင်ငံတကာ
အားကစားသတင်းများ

# ကြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ် အဆင့်သို့ ရိုင်ဘာကီနာ တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၂၄**

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် လက်ဗီးယားတင်းနစ်မယ် အိုစတာပင်ကိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုင်ဘာကီနာက (၆-၂၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်ဘာကီနာသည် ၂၀၂၂ ဝင်ဘယ်ဒန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး လက်ရှိ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း စတုတ္ထအဆင့်တွင် ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် စဝီယာတက်ခ်အား အနိုင်ကစားနိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာနိုင်ခဲ့သူဖြစ်သည်။

ဝင်ဘယ်ဒန် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အမျိုးသမီးတင်းနစ်လောကတွင် နာမည်ရလာသည့် ရိုင်ဘာကီနာသည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပိုမိုရေပန်းစားလာခဲ့ပြီး ချန်ပီယံဆုအတွက် အကောင်းဆုံး ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရိုင်ဘာကီနာက "ကျွန်မဘဝရဲ့ အပျော်ရွှင်ဆုံးအချိန်က ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဝင်ဘယ်ဒန်ချန်ပီယံဆုကို ရမယ်လို့ လုံးဝထင်မထားမိခဲ့ဘူး။ အခု ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲဟာလဲ တင်းနစ်လောကရဲ့ အကောင်းဆုံးတင်းနစ်ပြိုင်ပွဲတွေထဲက တစ်ခုဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲမျိုးမှာ ချန်ပီယံဆုကို ဆွတ်ခူးချင်တယ်။ ဝင်ဘယ်ဒန်အခြေအနေနဲ့တော့ မတူဘူးပေါ့။ ဒါပေမဲ့လဲ ဩစတြေးလျ အိုးပင်းမှာလဲ ဝင်ဘယ်ဒန် ပြိုင်ပွဲမှာတုန်းကလို အောင်မြင်မှု ရယူနိုင်မယ်လို့ ယုံကြည်တယ်။ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်ခွင့်ရထားလို့ ပျော်ရွှင်မိပါတယ်။ ဆီမီးဖိုင်နယ်အဆင့်ကိုလဲ အကောင်းဆုံး ကျော်ဖြတ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL




## အားကစားသတင်း အတိုအထွာများ

- ပြင်သစ်ကိုပါဒယ်ရေးဖလားပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက ဒီကာဆယ်အသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည့်ပွဲစဉ်၌ တိုက်စစ်မှူး အမ်ဘက်ပီက အသင်းအတွက် ငါးဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။
- ဒူးဒဏ်ရာရရှိနေသည့် တိုက်စစ်မှူး ဂျီးဆပ်စ်အနေဖြင့် ရက်သတ္တငါးပတ်ခန့်အနားယူပြီးပါက အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဟု အာဆင်နယ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။
- ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည့်ကွင်းလယ်ကစားသမား မက်ကင်နီကို လိဒ်အသင်းကခေါ်ယူရန် ကြိုးပမ်းနေကာ သဘောတူညီမှုရရှိရန် နီးစပ်နေကြောင်း သိရသည်။

ML


# ချဲလ်ဆီးအသင်းက သီယာဂိုဆေးလ်ဗားကို စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်း



**လန်ဒန် ဇန်နဝါရီ ၂၄**

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ခံစစ်ကစားသမား သီယာဂိုဆေးလ်ဗားကို စာချုပ်သက်တမ်းတိုးရန် တရားဝင်ကမ်းလှမ်းခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၈ နှစ်ရှိ သီယာဂိုဆေးလ်ဗားသည် နည်းပြဂရာဟမ်ပေါ်တာ လက်အောက်တွင် ပုံစံကောင်းပြသ၍ အသင်းကို အကောင်းဆုံး ထိန်းကျောင်းပေးနေသည့်အတွက် အသင်းတာဝန်ရှိသူများက ယခုနှစ်ဘောလုံးရာသီကုန်တွင် ၎င်းကို လက်လွှတ်မည်မဟုတ်ဘဲ သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

သီယာဂိုဆေးလ်ဗားသည် ချဲလ်ဆီးအသင်းသို့ ၂၀၂၀ ပြည့်နှစ်က ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀၅ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ငါးဂိုးထိသွင်းယူနိုင်ခဲ့ပြီး အသင်းအား ချန်ပီယံလိဂ်ဆုဖလားရရှိအောင် အဓိက စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း အမှတ်ပေးပြိုင်ပွဲ ၁၈ ပွဲတွင် ဂိုးဖန်တီးမှုနှစ်ကြိမ်ထိပြုလုပ်၍ အသင်းခံစစ်ပိုင်းတည်ငြိမ်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

ချဲလ်ဆီးအသင်း အနေဖြင့် အသက် ၃၀ ကျော်သည့်ကစားသမားများကို စာချုပ်သက်တမ်းတိုးပါက တစ်နှစ်သက်တမ်း စာချုပ်သာ ကမ်းလှမ်းလေ့ရှိသော်လည်း သီယာဂိုဆေးလ်ဗားက နောက်ထပ်နှစ်နှစ်ထိ ချဲလ်ဆီးအသင်းတွင် ဆက်လက်ကစားသွားရန် ဆန္ဒရှိနေကာ အသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ချဲလ်ဆီးအသင်း ခံစစ်ပိုင်းတွင် ဖိုဖန်နာ၊ ရီစီဂျိမ်း၊ ဘန်ချီဝဲလ်တို့ ဒဏ်ရာကြောင့် မပါဝင်နိုင်သောကြောင့် ခံစစ်ပိုင်းကျဆင်းလျက်ရှိကာ အမှတ်ပေးပြိုင်ပွဲ ၂၀ ကစားပြီးချိန်တွင် ရှစ်ပွဲနိုင်၊ ငါးပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၀)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

ML

# ဘင်နာဗီဒက်ဖ်နှင့် ကာလက်ဖ်ပလန့်တို့ အယ်ဗာရက်ဇ်ဖြင့် ထိုးသတ်ရန် အပြိုင်ကြိုးပမ်း

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

WBC စူပါမစ်ဒယ်ဝိတ်တန်း ယာယီချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဘင်နာဗီဒက်ဖ်နှင့် အမေရိကန် လက်ဝှေ့သမား ကာလက်ဖ်ပလန့်တို့သည် WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကို လက်ဝှေ့သမား အယ်ဗာရက်ဇ်ဖြင့် ထိုးသတ်ရန် ကြိုးစားပြင်ဆင်နေကြောင်း အသီးသီး ထုတ်ပြန်ခဲ့သည်ဟု TSS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘင်နာဗီဒက်ဖ်နှင့် ကာလက်ဖ်ပလန့်တို့သည် မတ် ၂၅ ရက်တွင် WBC စူပါမစ်ဒယ်ဝိတ်တန်း ယာယီချန်ပီယံအတွက် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်တွင် ထိုးသတ်ကြမည်ဖြစ်သည်။

အနိုင်ရရှိလာသူက ယာယီချန်ပီယံဖြစ်လာမည်ဖြစ်သလို အယ်ဗာရက်ဇ်ကိုလည်း စိန်ခေါ်ထိုးသတ်ခွင့်ရမည်ဖြစ်သည်။

ကာလက်ဖ်ပလန့်က အယ်ဗာရက်ဇ်ဖြင့် ပထမတစ်ကြိမ်တွေ့ဆုံခဲ့စဉ်က အကောင်းဆုံးပုံစံတွင် ရှိမနေသေးသလို စွမ်းဆောင်ရည်ပိုင်းမှာလည်း လိုအပ်ချက်များရှိနေသည့်အတွက် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကာလက်ဖ်ပလန့်က "ကမ္ဘာ့ချန်ပီယံ ခါးပတ်တွေအတွက် အယ်ဗာရက်ဇ်နဲ့ နောက်တစ်ကြိမ် ထိုးသတ်ချင်တယ်။ ၂၀၂၁ ခုနှစ်တုန်းကတော့ သူနဲ့တစ်ကြိမ် ထိုးသတ်ခဲ့ဖူးတယ်။ ဒိုင်ပွဲရပ်နဲ့ ရှုံးနိမ့်ခဲ့ရတယ်။ ရှုံးနိမ့်ခဲ့တယ်ဆိုတာကလဲ အဲဒီတုန်းက ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်ပိုင်းဟာ အကောင်းဆုံးပုံစံမှာ ရှိမနေသေးဘူး။ ကျွန်တော့် လက်ဝှေ့သမားဘဝရဲ့ အကောင်းဆုံးပုံစံကို မရောက်သေးတဲ့အတွက် အလွယ်တကူ ရှုံးနိမ့်ခဲ့ရတာပါ။ လက်ရှိမှာ ကျွန်တော့်ရဲ့ အားနည်းချက်တွေကို အကောင်းဆုံးပြင်ဆင်ထားတယ်။ လေ့ကျင့်မှုတွေလဲ အကောင်းဆုံး လုပ်ထားတယ်။ အယ်ဗာရက်ဇ်နဲ့နောက်တစ်ကြိမ် ကြိုးဝိုင်းထဲမှာ ပြန်လည်ဆုံတွေ့ချင်တယ်။ ဘင်နာဗီဒက်ဖ်နဲ့ ပွဲစဉ် မှာအနိုင်ထိုးသတ်နိုင်ရင် အယ်ဗာရက်ဇ်နဲ့ ထပ်မံထိုးသတ်ခွင့်ရမှာဖြစ်ပါတယ်။ ဘင်နာဗီဒက်ဖ်နဲ့ပွဲစဉ်အတွက်လဲ အကောင်းဆုံး ပြင်ဆင်ထားပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# နယူးကာဆယ်အသင်းက မန်ယူအသင်းကွင်းလယ်ကစားသမား တွမ်မီနေးကို ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်



**လန်ဒန် ဇန်နဝါရီ ၂၄**

နယူးကာဆယ် အသင်းက လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်း၌ ပွဲထွက်ခွင့်မရရှိဘဲ အနာဂတ်မရေမရာ ဖြစ်နေသည့် ကွင်းလယ်ကစားသမား တွမ်မီနေးကို ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေသည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ တွမ်မီနေးသည် မန်ယူအသင်းအကယ်ဒမီမှ ထွက်ပေါ်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး အစောပိုင်းနှစ်များက အဓိက ကစားသမားအဖြစ်ပါဝင်ခွင့်ရရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီ နည်းပြတန်ဟတ်လက်အောက်တွင် ပွဲထွက်ခွင့်မရရှိဘဲ ရုန်းကန်နေရသည့်အတွက် တွမ်မီနေးကိုယ်တိုင်ကလည်း ဘောလုံးရာသီအကုန်တွင် ပုံမှန်ပွဲထွက်ခွင့်ရရှိမည့် အသင်းတစ်သင်းကို ပြောင်းရွှေ့ကစားလိုနေခြင်းဖြစ်သည်။

ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက မန်ယူအသင်းသို့ ရီးရဲလ်မက်ဒရစ်အသင်းမှ ကက်စ်မဲရိုးနှင့် ဘရန့်ဖို့ဒ်အသင်းမှ အဲရစ်ဆင်တို့ရောက်ရှိလာခဲ့ပြီးနောက် နည်းပြ တန်ဟတ်က အသင်း ကွင်းလယ်ပိုင်းတွင် ကက်စ်မဲရိုးနှင့် အဲရစ်ဆင်တို့ အတွဲကို ဦးစားပေးအသုံးပြုလျက်ရှိနေသည့်အတွက် တွမ်မီနေးအနေဖြင့် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခွင့်ရရှိနေခြင်းဖြစ်သည်။

နယူးကာဆယ် အသင်းက ကစားသမားတစ်ဦး ခေါ်ယူပြီးလည်း လာမည့်ဘောလုံးရာသီတွင် ဥရောပဝင်ခွင့် တစ်နေရာအတွက် မျှော်လင့်ချက် ရှိနေသောကြောင့် အသင်းကွင်းလယ်ပိုင်းကို ထိပ်တန်းအင်အား ဖြည့်တင်းလိုနေသည့်အတွက် တွမ်မီနေးကို ခေါ်ယူရန် တရားဝင်ဆွေးနွေးမှုများပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

STA

# MFF Futsal League(1) & (2) ပြိုင်ပွဲကို ဖေဖော်ဝါရီလနောက်ဆုံးရက်သတ္တပတ်မှ စတင်ကျင်းပသွားမည်




**ရန်ကုန် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) နှင့် မြန်မာနိုင်ငံဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီတို့ပူးပေါင်း ကျင်းပမည့် MFF Futsal League(1)ပြိုင်ပွဲနှင့် League(2) ပြိုင်ပွဲတို့ကို လာမည့်ဖေဖော်ဝါရီလ နောက်ဆုံး ရက်သတ္တပတ်တွင် စတင်ကျင်းပမည်ဖြစ်သည်။

Futsal League 1 ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီ ၂၆ ရက်တွင်လည်းကောင်း၊ Futsal League 2 ပြိုင်ပွဲကို မတ် ၁ ရက်တွင်လည်းကောင်း အသီးသီး ကျင်းပရန် လျာထားသည်။

Futsal League 1ပြိုင်ပွဲတွင် MIU FC အသင်း၊ VUC FC အသင်း၊ MFF U-18 အသင်း၊ Myoma JY အသင်း၊ Winner Score အသင်း၊ Dream Team အသင်း၊ AMM Brotherအသင်း၊ Futsal Chit Thu အသင်း၊ Future of Dagon အသင်း၊ AKG အသင်း၊ Futsal 19 အသင်းနှင့် Generations အသင်း စသည့် အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

အလားတူ Futsal League 2 ပြိုင်ပွဲကို Let Wel Thone Nara အသင်း၊ Dream Team Legend အသင်း၊ Futsal Chit Thu Youth အသင်း၊ Shwe Pyi Thar အသင်း၊ M-Million အသင်း၊ Friendly Zone အသင်း၊ Yoma အသင်း၊ Red Eagle အသင်း၊ NYFC အသင်း၊ Maryar အသင်း စသည့်အသင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲနှစ်ခုကို ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ကျင်းပမည်ဖြစ်ကာ MFF Futsal League(1) ပြိုင်ပွဲကို အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့တွင်လည်းကောင်း၊ MFF Futsal League (2)ပြိုင်ပွဲကို အပတ်စဉ် ကြာသပတေးနေ့နှင့် တနင်္ဂနွေနေ့တို့တွင်လည်းကောင်း အသီးသီး ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ STA

# ပိုလန်အသင်းက ဆန်းတိုစ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာ

**ဝါဆော ဇန်နဝါရီ ၂၄**

ပိုလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ပေါ်တူဂီအသင်းနှင့်လမ်းခွဲခဲ့သည့် နည်းပြဆန်းတိုစ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်ဟု Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ပိုလန်အသင်း နည်းပြချက်ဇ်လောအနေဖြင့် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပိုလန်အသင်းအား နှစ်ပေါင်း ၃၆ နှစ်အကြာ၌ ပထမဆုံး ရှုံးထွက်အဆင့်သို့ ပို့ဆောင်နိုင်ခဲ့သော်လည်း ပိုလန်ဘောလုံးအဖွဲ့ချုပ်က စာချုပ်သက်တမ်း ကုန်ဆုံးချိန်တွင် သက်တမ်းမတိုးဘဲ လမ်းခွဲခဲ့သည်။

ပိုလန်ဘောလုံးအဖွဲ့ချုပ်သည် အစောပိုင်းက နည်းပြဂျရတ်ကို ခန့်အပ်ရန် စီစဉ်ခဲ့သော်လည်း ၎င်းအနေဖြင့် နည်းပြအတွေ့အကြုံနည်းပါးမှုကြောင့် ပေါ်တူဂီအသင်းနှင့် လမ်းခွဲခဲ့သည့် နည်းပြဆန်းတိုစ်ကိုသာ ခေါ်ယူရန် ကြိုးပမ်းခဲ့သည်။

အသက် ၆၈ နှစ်ရှိ နည်းပြဆန်းတိုစ်သည် ပေါ်တူဂီအသင်းအား ၂၀၁၆ ယူရို ချန်ပီယံဆုနှင့် ၂၀၁၈-၂၀၁၉ နေးရှင်းလိဂ်ဆုဖလားရယူပေးနိုင်ခဲ့ပြီး ကာတာကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း ပေါ်တူဂီအသင်းအား ကွာတားဖိုင်နယ်ထိ ပို့ဆောင်ပေးခဲ့သော်လည်း မော်ရိုကိုအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲ အပြီးတွင် ပေါ်တူဂီအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် ပိုလန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီး စာချုပ်ကိစ္စများ အပြီးသတ်ရန် ဝါဆောမြို့သို့ ရောက်ရှိနေကြောင်း သိရသည်။

ပိုလန် ဘောလုံးအဖွဲ့ချုပ်က




"အသင်းအနေနဲ့ နည်းပြဆန်းတိုစ်လို အတွေ့အကြုံကောင်းတွေရှိတဲ့ နည်းပြတစ်ဦးကို ခန့်အပ်နိုင်ခဲ့လို့ အရမ်းဝမ်းသာမိပါတယ်။ သူဟာ ပေါ်တိုး၊ ဘင်ဖီကာ၊ စပို့တင်းလစ္စဘွန်း စတဲ့ကလပ်အသင်းတွေကို သာမက ပေါ်တူဂီအသင်းကိုလဲ ၁၀ စုနှစ်ကြာ တာဝန်ယူခဲ့ပြီး အောင်မြင်မှုတွေ ရယူပေးခဲ့တာပါ။ သူ့ရဲ့အတွေ့အကြုံတွေနဲ့ ပိုလန်အသင်းကိုလဲ အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ၂၀၂၄ အာရှယူ-၂၀ပြိုင်ပွဲ ခြေစစ်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ့လက်ရွေးစင်ယူ-၂၀ အမျိုးသမီးအသင်းစခန်းသွင်းလေ့ကျင့်မှုများပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ယခုနှစ်အတွင်း ကျင်းပမည့် ၂၀၂၄ အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲနှင့် နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ့လက်ရွေးစင်ယူ-၂၀ အမျိုးသမီးအသင်းသည် ပဏာမကစားသမားများဖြင့် ရန်ကုန်မြို့၌ စခန်းသွင်း လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိနေသည်။

မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းကို နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး လက်ထောက်နည်းပြအဖြစ် ဒေါ်နွယ်နွယ်တိုး၊ ဒေါ်စန်းယုနိုင်၊ ဂိုးနည်းပြအဖြစ် လက်ရွေးစင်ကစားသမားဟောင်း ဒေါ်မေခင်ယမင်းတို့က တာဝန်ယူမည်ဖြစ်ကာ လက်ရှိတွင် ပဏာမကစားသမား ၃၂ ဦးဖြင့် အသင်းကို စတင်စုဖွဲ့ပြီး စခန်းသွင်း လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိနေသည်။

လက်ရှိတွင် မြန်မာ့လက်ရွေးစင် ယူ-၂၀ အမျိုးသမီးအသင်းနည်းပြ ဒေါ်စန်းစန်းသိန်းက ပဏာမကစားသမားစာရင်းကို မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများမှ လူငယ်ကစားသမားများ၊ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသမီးအသင်းတို့မှကစားသမားများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ ကစားသမားများအပြင် နေပြည်တော်တွင် ကျင်းပခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွင်ခြေစွမ်းပြသနိုင်ခဲ့သည့်ကစားသမားများဖြင့် စုဖွဲ့ထားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၀ အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံတွင် မတ် ၈ ရက်မှ ၁၂ရက်ထိ ကျင်းပမည့် အာရှယူ-၂၀ပြိုင်ပွဲ ခြေစစ်ပွဲတွင်လည်း ပထမအဆင့်မှတင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ STA

# စပါးအသင်း၏ ဂိုးသွင်းအများဆုံးကစားသမား ဂျင်မီကရေ့စ်၏ သွင်းဂိုးစံချိန်ကို ဟယ်ရီကိန်းလိုက်မီ

**လန်ဒန် ဇန်နဝါရီ ၂၄**

စပါးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ကစားခဲ့သည့်ပရီးမီးယားလိဂ်ပွဲစဉ်တွင် ရည်သည့်စပါးအသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အသင်းအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူးဟယ်ရီကိန်းအနေဖြင့် စပါးအသင်းသမိုင်းတွင် ဂိုးသွင်းအများဆုံးကစားသမားဖြစ်သည့် ဂျင်မီကရေ့စ်၏ သွင်းဂိုးစံချိန်ကို လိုက်မီခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က စပါးအသင်းသမိုင်းတွင် ကစားသမားဟောင်း ဂျင်မီကရေ့စ်က ပြိုင်ပွဲစုံ ၃၇၉ ပွဲတွင် သွင်းဂိုး ၂၆၆ ဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသော်လည်း လက်ရှိတွင် ဟယ်ရီကိန်းက ဖူလ်ဟမ်အသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပြိုင်ပွဲစုံ ၄၁၅ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၂၆၆ ဂိုးထိ ရှိလာခဲ့ပြီး ဂျင်မီကရေ့စ်၏ သွင်းဂိုးစံချိန်ကို လိုက်မီခဲ့သည်။

ထိုပြင်တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၀ ပွဲတွင် သွင်းဂိုး ၁၆ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီးမန်စီးတီးအသင်းမှ တိုက်စစ်မှူး ဟာလန်း ၂၅ ဂိုး၏နောက်တွင် ဒုတိယဂိုးသွင်းအများဆုံး ကစားသမားအဖြစ်လည်း ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

စပါးအသင်းနည်းပြ ကွန်တီက "ဒီနေ့ကစားတဲ့ပွဲစဉ်မှာ ကျွန်တော့်ကစားသမားတွေ အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အာဆင်နယ်နဲ့ မန်စီးတီးတို့ကို ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း အခုပွဲစဉ်မှာ ပေးဂိုးမရှိအောင် ကစားနိုင်ခဲ့တဲ့အတွက် အသင်းရဲ့ စွမ်းဆောင်ရည်ပေါ် ကျေနပ်မိပါတယ်။ အခုပွဲစဉ်မှာ အနိုင်ဂိုးသွင်းယူခဲ့တဲ့ ဟယ်ရီကိန်းရဲ့ သွင်းဂိုးဟာလဲ အံ့ဩစရာကောင်းပြီး ကမ္ဘာ့အဆင့်ကစားသမား တစ်ယောက်ရဲ့ ခြေစွမ်းဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂါရတ်ဘေးလ်ပါဝင်မည်

**ကယ်လီဖိုးနီးယား ဇန်နဝါရီ ၂၄**

ဝေးလ်ဘောလုံးသမား ဂါရတ်ဘေးလ်သည် ဘောလုံးသမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ဖေဖော်ဝါရီ ၂ ရက်၌ စတင်ကျင်းပသွားမည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်ဟု Talksport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါရတ်ဘေးလ်သည် ဝေးလ်ဂန္ထဝင်ဘောလုံးသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသူဖြစ်ပြီး အသက် ၃၃ နှစ်အရွယ်တွင် ကစားသမားဘဝမှအနားယူကာ ဂေါက်သီးရိုက်လောကသို့ ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

ဂါရတ်ဘေးလ်သည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ကစားခဲ့စဉ်ကတည်းက ဂေါက်သီးရိုက်အားကစားကို ပုံမှန်လေ့ကျင့်ကစားခဲ့သူဖြစ်ပြီး ဘောလုံးအားကစားတစ်ခုတည်းအပေါ်၌ အာရုံမစိုက်သည့်အတွက်ကြောင့်လည်း ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရသူဖြစ်သည်။

AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂေါက်သီးရိုက်ကစားသမားစုစုပေါင်း ၁၅၆ ဦးထိ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နာမည်ကြီးဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ဂျော်ဒန်စပိုက်၊ ဖစ်ပက်ထရစ်နှင့် လုခ်ဒေါ်နယ်တို့သည်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဂါရတ်ဘေးလ်က "ဖေဖော်ဝါရီလမှာ စတင်သွားမဲ့ AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ကျွန်တော်ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်တဲ့အတွက် ဂုဏ်ယူစွာနဲ့ အသိပေးကြေညာအပ်ပါတယ်။ ကျွန်တော်အမြဲပြောခဲ့သလို ကျွန်တော့်ရဲ့ အဓိကအားကစားနည်းက ဘောလုံးအားကစားဖြစ်ပါတယ်။ ဒါပေမဲ့လဲ ဂေါက်သီးရိုက်အားကစားကတော့ ကျွန်တော့်ရဲ့ ဝါသနာအပါဆုံးအားကစားနည်း ဖြစ်ပါတယ်။ ဝါသနာပါတဲ့ အားကစားတိုင်းကို ဖြစ်မြောက်အောင် ကစားသွားဖို့လဲ ဆန္ဒရှိပါတယ်။ ဘောလုံးအားကစားကနေအနားယူလိုက်ပြီဖြစ်တဲ့အတွက် ဝါသနာပါတဲ့ ဂေါက်သီးရိုက်အားကစားလောကထဲကို ပရော်ဖက်ရှင်နယ်တစ်ယောက်အနေနဲ့ ကျင်လည်နိုင်အောင် အကောင်းဆုံး ကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့သည်။ AZL

# ၂၀၂၃ ခုနှစ် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးအလားအလာ

ကိုကိုလှိုင်



၂၀၂၃ ခုနှစ်မှာ ဖြစ်ပေါ်လာနိုင်တဲ့ ကမ္ဘာ့နိုင်ငံရေးနဲ့ စီးပွားရေးအလားအလာတွေကို တွက်ဆကြည့်မယ်ဆိုရင် သိပ်ပျော်ဖို့ကောင်းမှာမဟုတ်တာတော့ သေချာသလောက်ရှိပါတယ်။

နိုင်ငံရေးအနေနဲ့ မှန်းဆရရင်တော့ ရုရှား-ယူကရိန်းပဋိပက္ခက ကမ္ဘာ့နိုင်ငံရေးအခြေအနေကို လွှမ်းမိုးထားအုံးမှာ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းမှာ ဒီပဋိပက္ခအခြေအနေက ငြိမ်းချမ်းရေးရဖို့ အလားအလာမမြင်တဲ့အပြင် တင်းမာမှုတွေပိုမြင့်တက်လာတာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်က မီးကုန်ယမ်းကုန်တိုက်ခဲ့ကြတာကြောင့် နှစ်ဖက်စလုံးမှာ အထိအခိုက် အဆုံးအရှုံးနဲ့ ကုန်ကျစရိတ်တွေလဲ များပြားခဲ့ကြရာမှာ နိုင်ငံသေးငယ်ပြီး စစ်မြေပြင်ဖြစ်နေတဲ့ ယူကရိန်းက ပိုပြီးအထိနာတာကတော့ အမှန်ပါ။

အမေရိကန် ပူးတွဲစစ်ဦးစီးချုပ် Mark Milley ကတော့ နှစ်ဖက်စလုံးက စစ်သည်အယောက် ၁၀၀၀၀၀ စီလောက် ကျဆုံးပြီး ယူကရိန်းအရပ်သားအယောက် ၄၀၀၀၀ လောက် သေဆုံးပြီးဖြစ်တယ်လို့ ခန့်မှန်းပါတယ်။ ယူကရိန်းပြည်သူ အယောက်ရှစ်သန်းကျော်က အခြားနိုင်ငံတွေမှာ ဒုက္ခသည်အဖြစ် ရောက်ရှိနေကြပြီး အယောက် ရှစ်သန်းလောက်က ပြည်တွင်းနေရပ်စွန့်ခွာသူတွေ ဖြစ်နေကြပါတယ်။ စုစုပေါင်းနိုင်ငံလူဦးရေ ၄၃ သန်းကျော်ရဲ့ ၄၀ ရာခိုင်နှုန်းလောက်က အိုးပစ်အိမ်ပစ် ထွက်ပြေးနေရတဲ့ ဒုက္ခသည်တွေအဖြစ် ရောက်နေကြတာပါ။

ရုပ်ဝတ္ထုပစ္စည်းပိုင်းမှာလဲ ကီယက်ဗ်မြို့တော် အပါအဝင် ယူကရိန်းရှိ မြို့အတော်များများက ရုရှားဗုံးဒဏ်ကြောင့် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးနေကြပြီဖြစ်ပါတယ်။ မြို့တွေရဲ့ရေမီးလောင်စာဓာတ်ငွေ့စနစ်တွေကို ပစ်မှတ်ထား ဖျက်ဆီးခံရတာကြောင့် နေရေးထိုင်ရေး အတော်ခက်ခဲလာကြပြီဖြစ်ပါတယ်။ အထူးသဖြင့် အအေးလွန်ကဲတဲ့ ဆောင်းရာသီမှာ ဓာတ်ငွေ့ပြတ်လပ်မှုက အဆိုးဆုံးဒုက္ခဖြစ်ပါလိမ့်မယ်။

စစ်ရေးနဲ့ပတ်သက်လို့ ယူကရိန်းတပ်မတော်ဟာ သူ့ထက်အဆများစွာ အင်အားကြီးမားတဲ့ရန်သူကို ရင်ဆိုင်နေရတာဖြစ်ပြီး လက်နက်ခဲယမ်း စစ်ပစ္စည်းအများစုအတွက် အနောက်နိုင်ငံတွေရဲ့ ပံ့ပိုးမှုကိုမှီခိုနေရတာဖြစ်ပါတယ်။ ယူကရိန်းရဲ့ ပင်မစစ်လက်နက်တွေက ဆိုဗီယက် ပုံစံဟောင်းတွေဖြစ်ပြီး သံချပ်ကာ၊ တင့်ကားနဲ့အမြောက်တွေက ရုရှားလက်ချက်နဲ့ အဖျက်ခံရတာများလို့ အနောက်အုပ်စုထုတ်တဲ့ လက်နက်တွေအပေါ် အားပြုလာခဲ့ရပါတယ်။ အနောက်နိုင်ငံတွေကလဲ အရင်ပုံမှန်အခြေအနေနဲ့ တွက်ဆပြီး သူတို့ဘာသာ လုံလောက်ရုံထုတ်ထားကြတာဖြစ်တော့ အခုလို အရေးအကြောင်းပေါ်လာတဲ့အခါ ယူကရိန်းကိုလဲ မထောက်ပံ့လို့မဖြစ်၊ သူ့နိုင်ငံအတွက်လဲ ချန်ရဆိုတော့ အကျပ်တွေ့လာကြပါတယ်။ ဒီခေတ်မှာ စစ်ဖြစ်တယ်ဆိုတာကလဲ ပစ်အားအတွက် ခဲယမ်းတွေ ပုံအောသုံးရတာဆိုတော့ အလျဉ်မီအောင် နောက်ကလိုက်ဖြည့်ဖို့က မလွယ်တဲ့အနေအထားဖြစ်ပါတယ်။ ဥပမာ-၁၅၅ မမ အမြောက်ကြီးတွေဆိုရင် ယူကရိန်းက တစ်နေ့ကို ကျည်၂၀၀၀၀ လောက်ပစ်နေတာဖြစ်ပါတယ်။ ဒါကို ဖြည့်ပေးဖို့ အမေရိကန်အနေနဲ့ အစ္စရေး၊ တောင်ကိုရီးယားမှာ စုပုံထားတဲ့အမြောက်ကျည်တွေကို ပြန်ယူနေရတယ်လို့ဆိုပါတယ်။ အစ္စရေးမှာထားတဲ့ကျည် ၅၀၀၀၀၀ မှာ တစ်ဝက်ကို ယူကရိန်းပို့လိုက်ရတယ်လို့ သိရပါတယ်။



အဲတော့ ဒီပဋိပက္ခသာ ရေရှည်ဖြစ်နေအုံးမယ်ဆိုရင် ယူကရိန်းနိုင်ငံတော့ ပျက်စီးခြင်းငါးပါးနဲ့ ကြုံရနိုင်ပါတယ်။ အခုအချိန်ထိတော့ ယူကရိန်းသမ္မတ ဇီလန်စကီးက စေ့စပ်ဆွေးနွေးဖို့ စကားမဟတဲ့အပြင် အမေရိကန်ထိသွားပြီး လက်နက်ကြီးကျည်တွေနဲ့ အမြောက်တွေ၊ တင့်ကားတွေ ပို့ပေးဖို့ပဲ တောင်းဆိုနေတာတွေ့ရပါတယ်။ ရုရှားဘက်ကလဲ စစ်အင်အားနဲ့ လက်နက်တွေ ယူကရိန်းတစ်ဝိုက်မှာ ထပ်ဖြည့်လာပြီး မဟာဗျူဟာလက်နက်တွေကိုပါ ပြင်ဆင်လာတာ တွေ့ရပါတယ်။ ၂၀၂၃ ခုနှစ်ကစပြီး စစ်ဘက်ပြုပြင်ပြောင်းလဲမှုအစီအစဉ်မှာ စစ်အင်အား တစ်သန်းခွဲထိ တိုးမြှင့်ဖို့လဲပါတာမို့ ရုရှားဘက်ကလဲ ယူကရိန်းပဋိပက္ခကို မဖြစ်မနေ နိုင်အောင်တိုက်ချင်တဲ့သဘောရှိပါတယ်။

အခုလဲ ယူကရိန်းစစ်မြေပြင်မှာ ရုရှားဘက်က ချေချင်လူမျိုးတပ်ဖွဲ့တွေ၊ ပုဂ္ဂလိက ကြေးစားတပ်တွေ ပါဝင်တိုက်ခိုက်နေသလို ယူကရိန်းဘက်ကလဲ အချို့ NATO တပ်ဖွဲ့ဝင်တွေက ယူကရိန်းယူနီဖောင်းဝတ်ပြီး ဝင်တိုက်ပေးနေတယ်ဆိုတဲ့ သတင်းတွေထွက်နေပါတယ်။ ဒါ့ပြင် လက်ယာစွန်း နာဇီလက်သစ်







စစ်သွေးကြွတွေ၊ ကြေးစားတွေနဲ့ အပျော်တမ်းလာတိုက်ပေးနေတဲ့ အနောက်တိုင်းသားတွေလဲရှိပါတယ်။ ခြုံပြောရင်တော့ ယူကရိန်းပဋိပက္ခက အရှိန်ကျမသွားဘဲ ပိုမြင့်လာမဲ့အလားအလာရှိပါတယ်။

ယူကရိန်းပဋိပက္ခနဲ့အတူ နောက်ဆက်တွဲစီးပွားရေး၊ နိုင်ငံရေးအကျိုးဆက်တွေလဲ ဆက်ပြီးရှိနေအုံးမှာပါ။ ကမ္ဘာ့ရေနံဈေးတွေက တက်နေအုံးမှာဖြစ်သလို စားနပ်ရိက္ခာကောက်ပဲသီးနှံဈေးကလဲ သိပ်ကျသွားစရာမရှိပါဘူး။ ဥရောပမှာ စစ်အရှိန်နဲ့ စီးပွားရေးမတည်ငြိမ်မှုတွေဖြစ်နေသလိုပဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ လောင်စာဆီနဲ့ စားနပ်ရိက္ခာပြဿနာတွေ ရှိနေနိုင်ပါတယ်။

ကမ္ဘာ့ဘဏ် ခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ်မှာ ကမ္ဘာ့စီးပွားရေးတိုးတက်မှုဟာ ၁ ဒသမ ၅ ရာခိုင်နှုန်းပဲရှိမယ်လို့ ခန့်မှန်းပါတယ်။ အမေရိကန်စီးပွားရေးက သုည ဒသမ ၂ ရာခိုင်နှုန်းကနေ သုည ဒသမ ၉ ရာခိုင်နှုန်းပဲ တိုးတက်နိုင်ဖွယ်ရှိပြီး တရုတ်မှာလဲ ၅ ရာခိုင်နှုန်းကျော်ပဲ တိုးတက်နိုင်ဖွယ်ရှိတယ်လို့ဆိုပါတယ်။ ဥရောပသမဂ္ဂနိုင်ငံတွေကလဲ သုည ဒသမ ၅ ရာခိုင်နှုန်းလောက် စီးပွားရေးကျဖွယ်ရှိပါတယ်။ ဒီစီးပွားရေးအင်အားကြီး သုံးခုက သိပ်အခြေအနေမကောင်းတာကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာလဲ ထိခိုက်ကုန်မှာဖြစ်ပြီး ကမ္ဘာ့နိုင်ငံတွေရဲ့ သုံးပုံတစ်ပုံလောက်မှာ စီးပွားရေးကျဆင်းလိမ့်မယ်လို့ IMF က ဟောကိန်းထုတ်ထားပါတယ်။

အမေရိကန်စီးပွားရေးက ၂၀၂၃ ခုနှစ်မှာ အားနည်းပေမဲ့ လုပ်အားဈေးကွက် ခိုင်မာနေလို့ ပြန်နာလန်ထူလာမှာပါလို့ တွက်တဲ့သူတွေလဲရှိကြပါတယ်။ ဒါပေမဲ့ နိုင်ငံအကြွေးက ၃၁ ထရီလီယံထိ ဂိတ်ဆုံးရောက်နေချိန်မှာ သူ့ငွေတိုက်စာချုပ်တွေ ဝယ်စုထားတဲ့ နိုင်ငံတွေက အုံလိုက်ကျင်းလိုက်ပြန်ထုတ်နေတာ၊ ငွေပိုငွေလျှံရှိတဲ့ နိုင်ငံတွေက ရွှေတွေပဲ ဝယ်စုလာတာတွေက အမေရိကန်ရဲ့ အကြွေးယူလည်ပတ်နေတဲ့စီးပွားရေးကို ခြိမ်းခြောက်လာမဲ့ အန္တရာယ်တွေဖြစ်ပါတယ်။

ဒီအတောအတွင်းမှာ တရုတ်က အရှေ့အလယ်ပိုင်းဒေသကို စီးပွားရေးလမ်းကြောင်းကနေ ထိုးဖောက်စည်းရုံးလာတာကလဲ စိတ်ဝင်စားစရာပါ။ မကြာခင်က တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ အရှေ့အလယ်ပိုင်းခရီးစဉ်မှာ ယွမ်ငွေနဲ့ လောင်စာဆီဝယ်ဖို့ လမ်းပေါက်သွားခဲ့တာကြောင့် ရေနံဒေါ်လာတွေ လျော့သွားရင် ဈေးကွက်ထဲမှာ ဝယ်လိုအားလျော့သွားတဲ့ဒေါ်လာရဲ့ ခိုင်မာမှုကို ထိခိုက်သွားစေမှာဖြစ်ပါတယ်။ ရေရှည်မှာ အမေရိကန်အတွက် သိပ်ကောင်းတဲ့အလားအလာ မဟုတ်ပါဘူး။

တရုတ်နိုင်ငံမှာ ပြန်ဖြစ်လာတဲ့ ကိုဗစ်က ၈၀ ရာခိုင်နှုန်း လူတွေကို ကူးစက်ပြီးတဲ့နောက်မှာ ပြန်ငြိမ်လာပါပြီ။ ဒါကြောင့် တံခါးဆက်ဖွင့်ထားနိုင်ရင် တရုတ်စီးပွားရေးကတော့ ပြန်ဦးမော့လာနိုင်ခြေရှိပါတယ်။ ဒါကို ထိန်းချုပ်နိုင်ဖို့ အမေရိကန်ကလဲ ရတဲ့နည်းနဲ့ကြိုးစားမှာဖြစ်ပါတယ်။ အထူးသဖြင့်တော့ နည်းပညာစီးပွားရေးနယ်ပယ်မှာ အလွန်အရေးကြီးတဲ့ အဆင့်မြင့်အနုစိတ်တစ်ပိုင်းလျှပ်စီးမိုက်ကရိုချစ်ပြားတွေ တရုတ်က မထုတ်နိုင်၊ မဝယ်နိုင်အောင်၊ လျှပ်စစ်ကားဘက်ထရီအတွက် လိုအပ်တဲ့ကိုဘော့နဲ့ ကြေးနီတွေဝယ်မရအောင် ပိတ်ဆို့တာ (Sanction) အပြိုင်ဝယ်တာ (Pre-emptive Buying) စတဲ့ စီးပွားရေးစစ်ဆင်မှုနည်းလမ်းတွေကို တိုးမြှင့်သုံးလာဖို့ရှိပါတယ်။ ဒါ့ပြင် တရုတ်ကို နိုင်ငံရေးအရ အားကြီးမလာအောင် ပေါင်းစပ်စစ်ပွဲ (Hybrid War)အသွင်နဲ့ နည်းလမ်းပေါင်းစုံသုံး ထိုးနှက်လာနိုင်ပါတယ်။

ခြုံငုံသုံးသပ်ရရင်တော့ ၂၀၂၃ ခုနှစ်မှာ ကမ္ဘာကြီးဟာ ဆက်လက်ပြီးတော့ မတည်ငြိမ်မှုတွေ၊ ပဋိပက္ခနဲ့ စီးပွားရေးအခက်အခဲတွေ ရင်ဆိုင်နေရဖွယ်ရှိပြီး မာမာချာချာနဲ့ စည်းစည်းလုံးလုံး ရင်ဆိုင်ကျော်လွှားနိုင်ဖို့ ကြိုးစားပြင်ဆင်သွားကြရမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ကာဂျစ်စတန်နိုင်ငံက လေတပ်တွင် ထပ်မံအင်အားဖြည့်တင်းရန် တူရကီထုတ်ဒရုန်းအသစ်များဝယ်ယူခဲ့



ကာဂျစ်စတန်နိုင်ငံသည် Bayraktar TB2 ဒရုန်းများ ပိုင်ဆိုင်ထားပြီးဖြစ်သော လေတပ် မောင်းသူမဲ့လေယာဉ်အုပ်တွင် ထပ်မံ အင်အားဖြည့်တင်းရန်အတွက် တူရကီထုတ် စစ်ဘက်ဒရုန်းအသစ်များ ထပ်မံဝယ်ယူခဲ့ကြောင်း သိရသည်။

ဒရုန်းများဝယ်ယူမှုသည် တာဂျစ်ကစ္စတန်နှင့် မကြာသေးမီက ဖြစ်ပွားခဲ့သည့် နယ်နိမိတ်ပဋိပက္ခသမိုင်းကြောင်းများနှင့် ချိတ်ဆက်မှုရှိနိုင်ကြောင်း ဇန်နဝါရီ ၁၇ ရက်က သမ္မတရုံးသတင်းပြန်ကြားရေး အတွင်းဝန် Daiyrbek Orunbekov က Facebook တွင် ရေးသားဖော်ပြခဲ့သည်။

Orunbekov က ဝယ်ယူမှုအသစ်များတွင် Aksungur နှင့် Anka UAV များ ဖြစ်ကြောင်း ပြောကြားထားပြီး မည်မျှ ဝယ်ယူခဲ့သည် သို့မဟုတ် ၎င်းအတွက် မည်မျှပေးချေခဲ့သည်ကို အသေးစိတ် ဖော်ပြထားခြင်းမရှိပေ။ အဆိုပါအသေးစိတ်အချက်အလက်များအတွက် Eurasianet သတင်းဌာနက ဆက်သွယ်မေးမြန်းရာတွင် တိကျသည့်အချက်အလက်များကို ချက်ချင်းမပေးနိုင်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

သို့သော် အစိုးရသည် နိုင်ငံ့ဝန်ထမ်းများကို လစာဖြတ်တောက်ခြင်းဖြင့် ရရှိလာသောရန်ပုံငွေမှတစ်ဆင့် ဒရုန်းများကို ဝယ်ယူဖြည့်တင်းသွားနိုင်မည်ဟု ၎င်းက အကြံပြုခဲ့သည်။

"တိုင်းပြည်က ကိုယ့်ကိုယ်ကိုမခုခံနိုင်ရင် အစိုးရဝန်ထမ်းတွေအတွက် သုံးလတစ်ကြိမ် အပိုဆုကြေးတွေနဲ့ ထပ်ဆောင်းလစာချိုးမြှင့်မှုတွေ လုပ်ဆောင်နိုင်မှာမဟုတ်ဘူးဆိုတာ ရှင်းပါတယ်။ ဒါကြောင့် ဘောနပ်စ်(အပိုဆုကြေးတွေ) ဖြတ်တောက်တာကြောင့် သိက္ခာကျစရာအကြောင်းလုံးဝမရှိပါဘူး"ဟု Orunbekov က Facebook တွင် ရေးသားခဲ့သည်။

ကာဂျစ်စတန်ကို ခုခံကာကွယ်ရန်လိုအပ်ချက်နှင့်ပတ်သက်၍ Orunbekov က တာဂျစ်ကစ္စတန်နှင့် ယခင်နှစ်က ဖြစ်ပွားခဲ့သောနယ်စပ်ပဋိပက္ခများကို ရည်ညွှန်းထောက်ပြခဲ့သည်။

Batken တွင် တိုက်ပွဲများဖြစ်ပွားပြီးကတည်းက လက်နက်ကိုင်တပ်ဖွဲ့များအားကောင်းလာစေရန် အထူးအာရုံစိုက်ခဲ့သည်ဟု Daiyrbek Orunbekov က ရေးသားခဲ့သည်။

ထိုပဋိပက္ခတွင် အဆိုးရွားဆုံးထိခိုက်ခဲ့သောပြည်နယ်မှာ Kyrgyz ပြည်နယ်ဖြစ်သည်ဟု Orunbekov က ထည့်သွင်းပြောကြားခဲ့သေးသည်။

ကာဂျစ်စတန်နိုင်ငံသည် ၂၀၂၁ ခုနှစ် အကုန်တွင် Bayraktar TB2 ဒရုန်းများကို ဝယ်ယူခဲ့ပြီးနောက် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် Bayraktar Akıncı ဒရုန်းများထပ်မံအားဖြည့်ဝယ်ယူခဲ့သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ကာဂျစ်စတန်သမ္မတ Sadyr Japarov က နိုင်ငံတော်လုံခြုံရေးကော်မတီ၏ ဌာနခွဲတစ်ခုဖြစ်သည့် နယ်စပ်ရေးရာအောက်ရှိ နိုင်ငံ၏ ပထမဆုံးမောင်းသူမဲ့လေယာဉ်အုပ်အခြေစိုက်စခန်းဖွင့်လှစ်ပွဲသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကျွန်ုပ်တို့၏ လက်နက်ကိုင်တပ်ဖွဲ့များအားကောင်းလာစေရန် ကြိုးပမ်းမှုသည် ကာကွယ်ရေးအတွက်သာ အာရုံစိုက်ကြောင်း အလေးပေးပြောကြားလိုသည်ဟု အဆိုပါအခမ်းအနားတွင် Japarov က ပြောကြားခဲ့သည်။

ကာဂျစ်စတန်အစိုးရသည် ၎င်း၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်အတွက် လက်နက်ကိုင်တပ်ဖွဲ့များကို မကြုံဖူးသောပမာဏ အသုံးပြုလျက်ရှိသည်ဟု Japarov က ပြောကြားခဲ့ဖူးသည်။

တာဂျစ်ကစ္စတန်နယ်စပ်တွင် မကြာသေးမီကဖြစ်ပွားခဲ့သော မငြိမ်သက်မှုများကြောင့် ကာဂျစ်စတန်နိုင်ငံသည် လေကြောင်းစွမ်းအားကို အာရုံစိုက်ရမှုသာမက စစ်လက်နက်တိုက်တစ်ခုလုံး ခိုင်မာအားကောင်းစေရန် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Kyrgyzstan buys new batch of Turkish-made drones ကို ဘာသာပြန်ဆိုထားပါသည်။**

## အနောက်အုပ်စုက ယူကရိန်းပဋိပက္ခအပေါ် ငြီးငွေ့စပြုလာဟု ပိုလန်ပြောကြား

ယူကရိန်း၏ ကျောထောက်နောက်ခံများဖြစ်သော အနောက်နိုင်ငံများသည် စစ်လက်နက်များနှင့်အခြားအကူအညီများ ဆက်တိုက်ပေးပို့နေပြီး ဆက်လက်ဖြစ်ပွားနေသောပဋိပက္ခတွင် စိတ်ခံစားမှုနည်းပါးလာကာ ငြီးငွေ့စပြုလာသည်ဟု ပိုလန်ဝန်ကြီးချုပ် Mateusz Morawiecki က ပြောကြားခဲ့သည်။

"လွန်ခဲ့တဲ့လအနည်းငယ် ဆွေးနွေးမှုတွေက မတူညီတဲ့စိတ်ခံစားမှုအဆင့်မှာရှိခဲ့ပြီး စိတ်ဝင်စားမှုကလဲမတူပါဘူး"ဟု ဒါဗိုစ်မြို့ရှိ ကမ္ဘာ့စီးပွားရေးဖိုရမ်တစ်စိတ်တစ်ပိုင်းအနေဖြင့် နိုင်ငံပိုင်ရုပ်မြင်သံကြား TVP နှင့် အင်တာဗျူးတွင် Morawiecki က ပြောကြားခဲ့ခြင်းလည်းဖြစ်သည်။

လွတ်လပ်သော ကမ္ဘာငယ်တစ်ခုဖြစ်သည့် အနောက်နိုင်ငံများသည် ယခုအချိန်မှာ အနည်းငယ်စိတ်ပင်ပန်းဖြစ်နေရပြီး ပုံမှန်ဘဝနေထိုင်လိုကြသည့်သူများဖြစ်သည်ဟု Morawiecki က ဆိုသည်။

ဒါဗိုစ်မြို့ရှိ အနောက်နိုင်ငံခေါင်းဆောင်များကြား ယူကရိန်းကိစ္စနှင့်ပတ်သက်၍ သဘောတူညီမှုတစ်သားတည်းဖြစ်နေသည်ကို တွေ့မြင်နေရကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ရုရှားသည် ယူကရိန်းတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက အထူးစစ်ဆင်ရေးကို စတင်ခဲ့ပြီးနောက် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များက ရုရှားအပေါ် မကြုံစဖူး ပိတ်ဆို့အရေးယူမှုများချမှတ်ခဲ့သည်။ ရုရှားရွေနှင့် နိုင်ငံခြားငွေအရန်ငွေတစ်ဝက်ကို အေးခဲစေပြီး ရုရှားစွမ်းအင်တင်ပို့မှုကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ သို့သော်လည်း အဆိုပါကန့်သတ်ချက်များကြောင့် စွမ်းအင်ဈေးနှုန်းနှင့် နေထိုင်မှုစရိတ်များ မြင့်တက်လာခဲ့ပြီး ပြီးခဲ့သောနှစ်အတွင်း ဥရောပတစ်လွှားတွင် ဆန္ဒထုတ်ဖော်မှုများစွာကို ဖြစ်ပေါ်စေခဲ့သည်။

ယူကရိန်းတပ်ဖွဲ့များက ယူကရိန်းနိုင်ငံပိုင်ဆိုင်သည်ဟုယူဆသည့် နယ်မြေအားလုံးကို သိမ်းပိုက်နိုင်သည်ထိ တိုက်ပွဲဝင်သွားမည်ဟုဆိုကာ အမေရိကန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များကလည်း အချိန်ကြာကြာကူညီသွားမည်ဟု ကတိပြုထားကြသည်။ သို့သော်လည်း ယခုသီတင်းပတ်၏ သဘောထားစစ်တမ်းအရ ယူကရိန်းအနေဖြင့် နယ်မြေတချို့ကိုစွန့်လွှတ်ရမည်ဟု အဆိုပါစစ်တမ်းတွင် အဓိပ္ပာယ်ရသော်လည်း ဥရောပသမဂ္ဂကိုးနိုင်ငံရှိ ပြည်သူလူထုထက်ဝက်ခန့်က ယူကရိန်းရှိ လက်နက်ကိုင်ပဋိပက္ခကို အမြန်အဆုံးသတ်ရန်ထောက်ခံကြသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် လူသိရှင်ကြားထုတ်ပြန်ခဲ့သည့် Morning Consult စစ်တမ်းအရ အမေရိကန်လူမျိုးများသည် လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခကို ၎င်းတို့၏ထိပ်တန်းဦးစားပေးအဖြစ် ထည့်သွင်းစဉ်းစားခြင်းမပြုခဲ့ကြပေ။ ဒီမိုကရက်တစ်များသည် ရာသီဥတုပြောင်းလဲမှုနှင့် အခြား ကမ္ဘာ့ကပ်ရောဂါကာကွယ်ခြင်းကဲ့သို့သောအရာများကို ပိုမိုဂရုစိုက်နေပြီး ရီပတ်ဘလစ်ကန်များက အစိုးရသည် လူဝင်မှုကြီးကြပ်ရေး၊ အကြမ်းဖက်ဝါဒနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုတို့ကို အာရုံစိုက်လုပ်ဆောင်ရန်ဆန္ဒရှိနေကြသည်။ ယူကရိန်းကို ထောက်ခံမှုသည် ဒီမိုကရက်တစ်များကြားတွင် အဆင့် (၆) နေရာနှင့် ရီပတ်ဘလစ်ကန်များကြားတွင် အဆင့် (၁၀)နေရာ၌သာ ရပ်တည်နေကြသည်။



ယူကရိန်းပဋိပက္ခ အစကတည်းက ပိုလန်နိုင်ငံသည် ယူကရိန်းသို့ စစ်ဘက်ဆိုင်ရာအကူအညီများ လွှဲပြောင်းပေးရန်အတွက် အဓိက အချက်အချာနေရာဖြစ်လာခဲ့သည်။ ဇန်နဝါရီ ၁၈ ရက်က ကမ္ဘာ့စီးပွားရေးဖိုရမ်(WEF)၌ မိန့်ခွန်းပြောကြားရာတွင် ပိုလန်သမ္မတ Andrzej Duda က ယူကရိန်းသို့ လက်နက်ကြီးများနှင့် ခဲယမ်းမီးကျောက်များ ထပ်မံပေးပို့ရန် တောင်းပန်ခဲ့သည်။

ယူကရိန်းသို့ လက်နက်များပေးပို့ခြင်းသည် ပဋိပက္ခကိုတာရှည်စေပြီး ရုရှားနှင့် NATO တို့ကြား တိုက်ရိုက်ထိပ်တိုက်တွေ့မည့်အန္တရာယ်ကို တိုးမြှင့်စေသည်ဟု ရုရှားက အနောက်နိုင်ငံများကို အကြိမ်ကြိမ်သတိပေးခဲ့သည်။

**West 'tired' of Ukraine situation – Poland ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials of Kuwaiti Ambassador to Myanmar



Chairman of SAC Prime Minister Senior General Min Aung Hlaing receives Kuwaiti Ambassador H.E. Mr. Mubarak M A Aladwani.

**Nay Pyi Taw January 24**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials from the newly accredited Ambassador of Kuwait to Myanmar H.E. Mr. Mubarak M A Aladwani at the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw at 10:00 am today.

They then cordially discussed promotion of bilateral diplomatic relations and friendship, friendship visits, exchange of visits, trade promotion, bilateral cooperation for tourism development, and political developments of Myanmar.

Afterwards, the Senior General and the Kuwaiti Ambassador to Myanmar posed for documentary photos.

Also present were SAC Joint Secretary Lt-Gen Ye Win Oo, Union Minister for Foreign Affairs U Wunna Maung Lwin and Director-General of the Protocol Department U Wunna Han. 100



Senior General Min Aung Hlaing poses for documentary photo together with Kuwaiti Ambassador H.E. Mr. Mubarak M A Aladwani.

# Afghanistan: Freezing weather kills at least 124 people

**Kabul January 24**

At least 124 people died in freezing temperatures in Afghanistan in the past fortnight, Taliban officials say.

About 70,000 livestock had also perished in what is the coldest winter in a decade, a State Ministry for Disaster Management spokesman said.

Many aid agencies suspended operations in recent weeks after the Taliban banned Afghan women from working for non-governmental organisations.

A Taliban minister said despite the deaths, the edict would not be changed.

Acting Minister of Disaster Management Mullah Mohammad Abbas Akhund told the BBC that many areas of Afghanistan were now completely cut off by snow; military helicopters had been sent to the rescue, but they couldn't land in the most mountainous regions.

The acting minister said the forecast for the next 10 days indicated temperatures would warm. But he was still worried about a rising death toll - of Afghans, and their livestock.

"Most of the people who lost their lives to the cold were shepherds or people living in rural areas. They didn't have access to healthcare," Mullah Akhund said.

"We're concerned about those who are still living in the mountain regions. Most of the roads which pass through the mountains have been closed due to snow. Cars have got stuck there and passengers have died in the freezing temperatures."

Winters are always harsh here in Afghanistan but this is the worst weather in a decade.

And this year's relief operations are hampered by last month's Taliban government edict barring Afghan women from working in aid agencies.

But Mullah Akhund was categorical. This edict could not be lifted - the international community, he insisted, had to accept Afghanistan's Islamic culture. BBC

# Half Moon Bay: Seven dead in another California mass shooting

**California January 24**

The US state of California is reeling from its third mass shooting in eight days after a man shot dead seven former co-workers south of San Francisco.

The attacks took place in the coastal city of Half Moon Bay. The victims were all Chinese-American farm workers.

Suspect Zhao Chunli, 67, was arrested after driving to a police station.

It comes as the state mourns the death of 11 at Monterey Park - about six hours south east of Half Moon Bay - during Lunar New Year celebrations.

And just over a week ago, six people including a teenage mother and baby were killed at a property in Goshen, central California.

California Governor Gavin Newsom tweeted that he was at a hospital meeting with victims of the earlier mass shooting when he was pulled away to be briefed about the second attack, describing it as "tragedy upon tragedy".

The latest bloodshed to hit the state took place at two farms around the Half Moon Bay community.

Four victims of the shooting attack were discovered at a mushroom farm while the other three were later found at a nearby trucking business. An eighth victim is being treated in hospital and is in a critical condition.

A number of children who had recently been let out of school and lived on the rural property saw the attack take place, San Mateo County Sheriff Christina Corpus said. BBC

# Tamu border trade camp handles US$ 12.836 million worth of trade value from 1 April 2022 to 13 Jan 2023

**Sagaing January 24**

Tamu border trade camp located in border area between Myanmar and India in Sagaing Region has handled US$12.836 million worth of trade value from 1 April 2022 to 13 January 2023 of the 2022-23 fiscal year, said deputy director U Htet Aung Win of the Trade Development Branch of the Myanmar Trade Promotion Organization.

In so doing, the camp earned US$8.217 million worth of export volume to India and spent US$4.619 million of import volume from India, totalling US$12.836 million during the period.

"The camp has managed export of goods worth US$0.367 million from 1 to 13 January 2023 and import worth US$0.428 million, totalling US$0.795 million, accounting for 17.584 per cent during the 10 months and 23.045 per cent from April to 13 January," said U Htet Aung Win.

Tamu camp handles export of areca nut, coconut, groundnut, onion and pepper as well as products from Nantphalon of Tamu Township and cigarette to India and import of fertilizer and hair. ASH




The India-Myanmar border gate.

# Announcement to Public regarding the Arson Attacks on Villages by NUG/PDF Terrorists and KIA Insurgents

**Nay Pyi Taw January 24**

NUG and PDF groups declared as terrorist organizations, with the intent to disrupt the State's peace, tranquility and prevalence of law and order, are committing the vicious crimes such as attacking and destroying the non-military targets and wanton killings of innocent civilians by accusing them of informants. Moreover, the terrorists joining together with KIA insurgents are carrying out deliberate arson attacks on the villages in Sagaing region as well as the ones in the areas adjacent to Kachin state.

According to the findings of the investigations at the scenes, it is reported that combined armed groups comprising NUG/PDF terrorists and KIA insurgents had burnt down a total of 22 villages, causing 23 fire outbreaks in which 1,122 houses of innocent villagers were destroyed in fire in November and December 2022.

**According to the accounts of the victims of local villagers following the further investigations on the arson cases, it was found out that the NUG/ PDF/ KIA terrorists launched arson attacks primarily targeting on the villages that do not support their violent acts, the ones that do not provide them extortion money as well as the villages where militia units are organized to protect the terrorists' attacks; they set fire to the houses on their way of retreat so that the security force members cannot pursue and attack them; and they drove off the villagers first, then set fire to the village when no villager in it and informed the villagers as if the security force members committed the arsons.**

**Moe Tar Gyi Village**

**The first man (wearing a bamboo hat)**

They were coming in and going out and wearing uniforms but we didn't know who they were. There are about 40 or 50 of them. Some of them were wearing mufti and others were in guerilla uniforms. They torched my house. Some of them were guerillas and I didn't know whether they were the PDF or the KIA. I saw them.

**The second man (wearing a cap)**

I returned to the village from my farm as I was in fear after hearing gunshots. When I arrive at the village, Tatmadaw personnel had already entered the village and the PDF fired shots at the Tatmadaw personnel and torched homes while retreating. There were other groups. Some of them were wearing guerilla uniforms while others were wearing mufti. I don't have a family. I am single and I came here to work as a farmhand.

**Supokegone Village**

The PDF passed through our village and torched my house in the early morning hours. They torched my house as well as those next to mine. There were about 20 or 30 of them. I saw them with my own eyes. They were wearing uniforms but some of them were wearing mufti. They torched my house. My children were at the farm.

**Naungpin Village**

They came here about two or three days ago. There were about 20 of them and they had guns. Most of their uniforms were guerilla uniforms. I was not well aware of them but I saw PDF badges. When Tatmadaw personnel arrived, they torched my house while shooting and running. I saw the PDF torching my house.

**Minle Village**

**The first man (wearing a cap)**

Fighting erupted in the morning. The PDF torched about 30 houses. We were too afraid to put out the fire.

**The second man (wearing a mask)**

We heard an exchange of fires between the PDF and Tatmadaw personnel in the morning. Then, the PDP came into the village and torched houses. About 30 houses were damaged by the fire. We were too afraid to put out the fire. The PDF entered villages and torched houses whenever fighting erupted.


Regarding the arson cases, the subversive media agencies such as BBC, VOA, RFA, Irrawaddy, Mizzima, Myanmar Now, Khit Thit and DVB as well as other individuals and organizations opposing against the State Government are making propagandas depicting as if they security force members are committing such arson attacks so that the people and international communities misunderstand the actions of security force members. *See Page 14*

**Table showing the list of village houses burnt down by the KIA/ PDFs**

| No | Date | Region/ Township | Village Names | Number of Houses | Houses Burnt (Approx.) |
|---|---|---|---|---|---|
| 1 | 13-11-2022 | Shwegu Tsp, Kachin State | Sithaw | 270 | 15 |
| 2 | 22-11-2022 | Katha Tsp, Sagaing Region | Minn Lal | 322 | 50 |
| 3 | 28-11-2022 | " | " | 322 | 38 |
| 4 | 28-11-2022 | Tigyaing Tsp, Sagaing Region | Alaltaw | 150 | 100 |
| 5 | 30-11-2022 | " | Laytha Kone | 300 | 100 |
| 6 | 4-12-2022 | " | Shwechaung | 273 | 80 |
| 7 | 4-12-2022 | " | Kyaukaik | 68 | 60 |
| 8 | 5-12-2022 | " | Zeephyu Gyin | 155 | 30 |
| 9 | 6-12-2022 | " | Kanpauk | 250 | 5 |
| 10 | 6-12-2022 | Katha Tsp, Sagaing Region | Myaynu | 160 | 20 |
| 11 | 6-12-2022 | Tigyaung Tsp, Sagaing Region | Aungtha Kone | 160 | 20 |
| 12 | 7-12-2022 | " | Zeethaung | 150 | 80 |
| 13 | 7-12-2022 | " | Thayar Kone | 95 | 60 |
| 14 | 8-12-2022 | " | Magyee Bin | 112 | 100 |
| 15 | 8-12-2022 | " | Thinbone Nyo | 70 | 60 |
| 16 | 8-12-2022 | " | Paukpin Gwae | 227 | 110 |
| 17 | 11-12-2022 | " | Myaingtharyar | 30 | 15 |
| 18 | 15-12-2022 | Katha Tsp, Sagaing Region | Hena (Ywathit) | 150 | 30 |
| 19 | 16-12-2022 | " | Naungpin | 130 | 11 |
| 20 | 16-12-2022 | " | Moetargyi | 437 | 43 |
| 21 | 16-12-2022 | Indaw Tsp, Sagaing Region | Gyonegyone Kya (Ywathit/ Ywahaung) | 165 | 30 |
| 22 | 17-12-2022 | Katha Tsp, Sagaing Region | Su Boat Kone village | 150 | 15 |
| 23 | 17-12-2022 | Tigyaung Tsp, Sagaing Region | Pyinsu village | 191 | 50 |

**Note- KIA/PDFs had torched 1,122 houses in 22 villages of Sagaing Region and Kachin State in November and December 2022.**

**Map showing the location where Terrorists set fire to Public Houses located on the way of their Retreat, in Su Boat Kone Village of Katha Township in Sagaing Region, in a Clash between Security Force Members and KIA/PDF Combined Terrorists on 17 December 2022**





A villager of Su Boat Kone telling what he witnessed in the incident.


A villager of Naungpin telling what he witnessed in the incident.


A villager of Minn Lal telling what he witnessed in the incident.


A villager of Moetargyi Village in Kachinsu telling what he witnessed in the incident.




Government officials and security force members providing foodstuffs to the fire victims of burned houses in Sagaing Region.




Security force members, fire fighters together with locals extinguishing fire burning the houses in Sagaing Region.



Security force members, fire fighters together with locals extinguishing fire burning the houses in Sagaing Region.




Security force members, fire fighters together with locals extinguishing fire burning the houses in Sagaing Region.

*From Page 13*

Particularly, the terrorists deliberately committed acts of terrorism inflicting much damages to the properties of innocent civilians so that they can make fabrications to ensure the innocent local people misunderstand the State Government and the Tatmadaw, feel hatred for them, and support the terrorists.

After hearing the accounts of some victims of villagers from 22 villages that were burnt down by combined armed groups of NUG/PDF terrorists and KIA members, security force members joining hands together with villagers are extinguishing the fire, and providing security services to the victims of fire outbreaks, and moreover, the Tatmadaw and relevant region governments are also providing necessary assistance to them.

Therefore, it is announced to public so as to ensure the people know the truths about the arson attacks on the houses of innocent civilians by NUG/ PDF terrorists and KIA insurgents, and security force members are taking necessary security measures to combat against the terrorists who are destroying and attacking the peaceable civilians.

**Information Team**
**State Administration Council**

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Maungtaw border trade camp exceeds target of trade volume before two months to end FY

**Maungtaw January 24**

The Ministry of Commerce on 18 January 2023 stated that despite more than two months ahead of the financial year, Maungtaw border trade camp has handled exceeding the target of trade.

The camp manages border trade with Bangladesh. It exports rohu fish, dried fish, hilsa and other marine products, agricultural produce, forest products and finished industrial goods to Bangladesh and imports investment materials, industrial raw materials and personal goods.

The camp set a target to earn US$11 million in export and spend US$0.05 million in import, totalling US$11.5 million in the fiscal year.

In this regard, the camp has managed export trade volume worth US$12.394 million and import worth US$0.039 million from 1 April 2022 to 6 January 2022, two months ahead of the end-financial year, accounting for 108.113 per cent of the fiscal year.

In December 2022, the camp earned US$1.058 million worth of marine products weighing 867.1 tons to Bangladesh. 336



Commodities being loaded onto a ship.

# တမူးခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံ ၃၇၃၅ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၃၇၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် သီးနှံဧက ၄၁၈၉ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၇၃၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တမူးခရိုင်မှာ ဒီနှစ်ဆောင်းကာလမှာ ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပြီးသွားပြီ။ ကျန်ဧကတွေလဲ ဆက်လက် စိုက်ပျိုးနေပါတယ်။ ဟင်းသီးဟင်းရွက်ဧကတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ ဟင်းသီးဟင်းရွက်သီးနှံတွေဖြစ်တဲ့ မုန်ညင်းရွက်၊ ပန်းမုန်လာ၊ နံနံ၊ ဆလတ်ရွက်စတဲ့ဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုးနေကြတာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

တမူးခရိုင်တွင် ဟင်းသီးဟင်းရွက်သီးနှံဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၁၅၀၀၊ တမူးမြို့နယ်တွင် ဧက ၁၂၀၀၊ ခမ်းပါတ်မြို့တွင် ၁၀၃၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပခုက္ကူမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ပခုက္ကူ ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိစေရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်၊ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ရေရရှိရေးအတွက် ဉယျာဉ်ကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၇၉၇ သန်းဖြင့် ပိုက်အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ အနောက်နံ့ဂါတ်ကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၇၉၇ သန်းဖြင့် ပိုက်အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ ရေပေးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။



ပခုက္ကူမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့ပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် ဉယျာဉ်ကျေးရွာနှင့် အနောက်နံ့ဂါတ်ကျေးရွာတို့ရှိ ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို ဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း ပခုက္ကူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်ထံမှ သိရသည်။

**နွဲ့ယဉ်**

# သီပေါမြို့နယ်တွင် မိတ်ကပ်၊ ဆံပင်အလှပြင်သင်တန်းဖွင့်လှစ်

**သီပေါ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သီပေါမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မိတ်ကပ်၊ ဆံပင်အလှပြင် သင်တန်းကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သီပေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆောင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မိတ်ကပ်၊ ဆံပင်အလှပြင်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချမှုများကို အခြေခံ၍ ပြင်ပတွင် ကိုယ်ပိုင်လုပ်ငန်း ထူထောင်လုပ်ကိုင်နိုင်သည်ထိ ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သင်တန်းသူများအတွက် သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါအသက်မွေးဝမ်းကျောင်း အထောက်အကူပြု မိတ်ကပ်၊ ဆံပင်အလှပြင်သင်တန်းသို့ သီပေါမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ဇန်နဝါရီ ၂၃ ရက်မှ ဇန်နဝါရီ ၃၀ ရက်ထိ ရှစ်ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၄-၁-၂၀၂၃

**ရွှေ**

| | | |
|---|---|---|
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၉၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |

**(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၀၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Mubarak M A Aladwani ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Mubarak M A Aladwani ကို လက်ခံတွေ့ဆုံစဉ်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားခဲ့ပြီး မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှုတိုးမြှင့်ရေး၊ စွမ်းအင်နှင့် ကုန်သွယ်ရေးကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးနှင့်ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးကွန်ပျူတာတက္ကသိုလ်(ဒဟတ္တော)၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၄**

မန္တလေး ကွန်ပျူတာတက္ကသိုလ်၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ပုသိမ်ကြီးမြို့နယ် မန္တလေးကွန်ပျူတာတက္ကသိုလ်(ဒဟတ္တော)ရှိ စုဝေးခန်းမတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခေတ္တပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောင်းသား၊ကျောင်းသူများ၏ တေးသီချင်းဖြင့်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများချီးမြှင့်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကျောင်းသား၊ကျောင်းသူများနှင့်အတူ နံနက်စာသုံးဆောင်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အစည်းအဝေးခန်းမတွင် ခေတ္တပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ဆရာမများ၊ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပေးကာ လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၉၂ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၄၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



**ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၌ ကျောင်းသား၊ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးစဉ်။**

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၂၀၁၉ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကိုတွေ့ဆုံ




**တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။**

**နေပြည်တော် ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက အသီးသီး လက်ခံရယူကြသည်။

ယင်းနောက် နယ်မြေခံဆေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂၅-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၃။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၄။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၅။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ |

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)မှ ဘွဲ့တံဆိပ်တော်များရရှိသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ်တော်ဆက်ကပ်ချီးမြှင့်



နေပြည်တော် ရာဇအောင်မြေကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တပဝရသိဒ္ဓိထံ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က ချီးမြှင့်ပေးအပ်သော မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို မြဝတီမြို့မှ ဦးစောတင်ဝင်းအား ချီးမြှင့်အပ်နှင်းစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA(ဗဟို)က ဆက်ကပ်လှူဒါန်းပူဇော်သော ဘွဲ့တံဆိပ်တော်များရရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဆရာတော်ကြီးများနှင့်လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်ဆက်ကပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ရှိ မြမဟာဓမ္မဗိမာန်တော်ကြီး၌ပြုလုပ်ရာ မြစေတီစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိမလဗုဒ္ဓိအမှူးပြုသော ဆရာတော်ကြီးများကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့်ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ တာဝန်ရှိသူများနှင့် ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် လူပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး နှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က ဆက်ကပ်လှူဒါန်းပူဇော်သည့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇနှင့် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့မှ ဆရာတော်ကြီးများကို ဘွဲ့တံဆိပ်တော်နှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြပြီး အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇနှင့်မင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရရှိကြသည့်လူပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် မွန်ပြည်နယ် မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ်သိန်း ၅၀ ကို မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးက ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။ ၎င်းနောက် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၁၅ ဦးကို ၎င်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသမှုဆိုင်ရာရောဂါ ဦးရေ ၅၇၀၊ ခွဲစိတ်ရောဂါ ၁၁၈ ဦး၊ သားဖွားမီးယပ်ရောဂါ ဦးရေ ၈၀၊ ကလေးရောဂါ ၈၈ ဦး၊ အရိုးရောဂါ ၁၂၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၀၉ ဦး၊ မျက်စိရောဂါ ၃၄၆ ဦးနှင့် သွားရောဂါ ၈၂ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၅၆ ဦးနှင့် မျက်စိခွဲစိတ်လူနာ ဦးရေ ၃၀ တို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက်လူနာ ၃၇ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၁၀၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၅၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံများနှင့် ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့က ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ များရှိ ဒေသခံပြည်သူ များကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့အတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

## ဇန်နဝါရီ ၂၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဇန်နဝါရီ ၂၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၇၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၀၉ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၅၆ ဦး |

# မင်းပြားမြို့နယ်၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မင်းပြားမြို့ရှိ ရာမောင်ခန်းမ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၅၆ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မင်းပြားမြို့ရှိ ရာမောင်ခန်းမ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့ နံနက်အစောပိုင်းတွင် အကြောင်းမဲ့ လာရောက် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။




KNDO တပ်ရင်း(၆)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ကမ်းနီကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကို တွေ့ရစဉ်။

ဖြစ်စဉ်မှာ KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့ နံနက် ၃ နာရီခန့်တွင် ကော့ကရိတ်မြို့နယ် တံတားဦးကျေးရွာဘက်မှ ကမ်းနီကျေးရွာဘက်သို့ မော်တော်ယာဉ် နှစ်စီးဖြင့် ရောက်ရှိလာပြီး ကမ်းနီကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးမှုကြောင့် အလျား ၁၅ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၅ ပေရှိ ရုံးအဆောက်အအုံ မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ အကျပ်ကိုင်ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများကြောင့် နီးစပ်ရာ ဆွေမျိုးများရှိရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ PDF အကြမ်းဖက်သမားများ သတ်ဖြတ်မှုကြောင့် အသက် ခြောက်နှစ်အရွယ် ကလေးငယ်အပါအဝင် မိသားစုဝင် ရှစ်ဦး သေဆုံးခဲ့"** ခေါင်းစဉ်ဖြင့် ၂၅-၁-၂၀၂၃ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"KNPP/PDF အကြမ်းဖက်သမားများက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လောပိတ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ချိတ်ဆက်သွယ်တန်းထားသော မဟာဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းခွဲဖျက်ဆီး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို **Message** ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ယ)ရပ်ကွက်နေ ထွန်းထွန်းလင်းသည် ၎င်းအသုံးပြုသည့် "U Tun Tun" Facebook အကောင့်၊ ပုသိမ်ကြီးမြို့နယ် ပုဏ္ဏားကုန်းကျေးရွာနေ အေးအေးမြင့်(ခ) ဝေါက်ထူသည် ၎င်းအသုံးပြုသည့် "Aye Aye Myint" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်နေ အိအိသိန်းသည် ၎င်းအသုံးပြုသည့် "Ei Ei Thein" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

# NUG/PDF အကြမ်းဖက်သမားများနှင့် KIA သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျေးရွာများကို မီးရှို့ဖျက်ဆီးနေသည့်ဖြစ်စဉ်များနှင့်ပတ်သက်၍ မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် NUG / PDF အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် စစ်ဘက်ပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးလျက်ရှိခြင်း၊ အပြစ်မဲ့ပြည်သူများကို ဒလန်ဟုစွပ်စွဲပြီး အကြောင်းမဲ့သတ်ဖြတ်ခြင်းများကို ပြုလုပ်လျက်ရှိသည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ် ဆက်စပ်နယ်မြေအတွင်းရှိ ကျေးရွာများကို KIA သောင်းကျန်းသူအဖွဲ့များနှင့်ပူးပေါင်းပြီး မီးရှို့ဖျက်ဆီးမှုများကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်လျက်ရှိပါသည်။





စစ်ကိုင်းတိုင်းဒေသကြီးရှိ မီးရှို့ခံရသည့်နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများပူးပေါင်း၍ မီးငြိမ်းသတ်နေစဉ်။

မြေပြင် စစ်ဆေးတွေ့ရှိချက်များအရ ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း NUG/PDF အကြမ်းဖက်သမားများနှင့် KIA သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာပေါင်း ၂၂ ရွာနှင့် မီးလောင်မှု ၂၃ ကြိမ်ရှိခဲ့ပြီး အပြစ်မဲ့ပြည်သူများ၏ နေအိမ် ၁၁၂၂ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရှိရပါသည်။



မင်းလယ်ကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားနေစဉ်။



မိုးတားကြီးကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားနေစဉ်။



နောင်ပင်ကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားနေစဉ်။



ဆူးပုတ်ကုန်းကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားနေစဉ်။

အဆိုပါ မီးရှို့ခံရသည့်ဖြစ်စဉ်များကို စိစစ်ဖော်ထုတ်ခဲ့ရာ **မျက်မြင်ကိုယ်တွေ့ ဒုက္ခကြုံတွေ့ခဲ့ရသည့် ကျေးရွာပြည်သူများ၏ ရင်ဖွင့်ပြောကြားချက်များအရ NUG/PDF၊ KIA အကြမ်းဖက်သမားများသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများကို မထောက်ခံသည့်ကျေးရွာများ၊ ဆက်ကြေးမပေးသည့်ကျေးရွာများနှင့် ၎င်းတို့၏ အန္တရာယ်ကိုကာကွယ်ရန် ပြည်သူ့စစ်ဖွဲ့စည်းထားသည့်ကျေးရွာများကို အဓိကပစ်မှတ်ထား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ တိုက်ပွဲဖြစ်ပွားသည့် ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့၏ နောက်သို့ထက်ကြပ်လိုက်ပါ၍နှိမ်နင်းမှုများ မဆောင်ရွက်နိုင်စေရန် ဆုတ်ခွာရာလမ်းကြောင်းတစ်လျှောက် လူနေအိမ်များကို မီးရှို့ထွက်ပြေးခြင်းဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများကိုမောင်းထုတ်ကာ ၎င်းတို့ မရိုးမဖြောင့်မီးရှို့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့လေဟန် မဟုတ်မမှန်လုပ်ကြံပြီး ရွာသားများကို အသိပေးခြင်းများကို ရက်စက်ယုတ်မာစွာ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း** ဖော်ထုတ်တွေ့ရှိရပါသည်။ မီးရှို့ဖြစ်စဉ်များကို မျက်မြင်ကိုယ်တွေ့ဒုက္ခကြုံတွေ့ခဲ့ရသည့် ကျေးရွာပြည်သူများ၏ ရင်ဖွင့်ပြောကြားချက်များကို ယခုလိုပဲ စိတ်မချမ်းမြေ့ဖွယ်ကြားသိရပါတယ်-

"သူတို့တွေ အဝင်၊ အထွက်တော့ရှိတာပဲ။ ယူနီဖောင်းတွေနဲ့ဘာတွေလဲတော့မသိဘူး။ ၄၀ ၊ ၅၀လောက်ပဲ။ အရပ်ဝတ်တွေရော၊ ပြောက်ကျားအစိမ်းတွေနဲ့ရော။ ကျွန်တော့်အိမ်ကို အဲ့ကောင်တွေပဲ မီးရှို့သွားတာ၊ ပြောက်ကျားအစိမ်းတွေနဲ့ဘာတွေလဲတော့မသိဘူး၊ PDF တွေလား KIA တွေလားမသိဘူး။ မြင်လိုက်တယ်"ဟု မိုးတားကြီးကျေးရွာမှ ရွာသားတစ်ဦးကပြောသည်။

"ပစ်တာခတ်တာကြားလို့ လယ်ထဲကနေကြောက်လို့ဆိုပြီး ရွာထဲကိုပြန်လာတော့ ဒီလဲရောက်ရော စစ်တပ်ကဝင်လာတော့၊ စစ်တပ်နဲ့လဲ ပစ်လဲပစ်ပြီးရော ထွက်တဲ့အထွက်မှာ မီးရှို့သွားတာလောက်ပဲ သိပါတယ်ခင်ဗျာ။ မီးရှို့သွားတာက PDF တွေ ရှို့သွားတာ။ တခြားအဖွဲ့တွေလဲပါပါတယ်။ ဝတ်ထားတာကတော့ ပြောက်ကျားတွေပါတယ်။ တချို့အရပ်ဝတ်တွေလဲပါပါတယ်။ ကျွန်တော်က မိသားစုမရှိပါဘူး။တစ်ကောင်ကြွက်ပါ။ စာရင်းငှားလာလုပ်တာပါ"ဟု မိုးတားကြီးကျေးရွာမှ ရွာသားတစ်ဦးကပြောသည်။

"PDF တွေကရွာထဲကနေဖြတ်သွားပြီး ကျွန်တော့်အိမ်ကို မီးရှို့သွားတာပါ။

**စာမျက်နှာ ၂၂ သို့**

KIA/ PDF များ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာနေအိမ်များစာရင်း

| စဉ် | ရက်စွဲ | တိုင်း/မြို့နယ် | ကျေးရွာအမည် | ရှိရင်း အိမ်ခြေ | မီးလောင်ကျွမ်းမှု (ခန့်မှန်း) |
|---|---|---|---|---|---|
| ၁ | ၁၃-၁၁-၂၀၂၂ | ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် | စီသော်ကျေးရွာ | ၂၇၀ | ၁၅ |
| ၂ | ၂၂-၁၁-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | မင်းလယ်ကျေးရွာ | ၃၂၂ | ၅၀ |
| ၃ | ၂၈-၁၁-၂၀၂၂ | ॥ | ॥ | ၃၂၂ | ၃၈ |
| ၄ | ၂၈-၁၁-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် | အလယ်တော ကျေးရွာ | ၁၅၀ | ၁၀၀ |
| ၅ | ၃၀-၁၁-၂၀၂၂ | ॥ | လေသာကုန်း ကျေးရွာ | ၃၀၀ | ၁၀၀ |
| ၆ | ၄-၁၂-၂၀၂၂ | ॥ | ရွှေချောင်း ကျေးရွာ | ၂၇၃ | ၈၀ |
| ၇ | ၄-၁၂-၂၀၂၂ | ॥ | ကျောက်အိုက် ကျေးရွာ | ၆၈ | ၆၀ |
| ၈ | ၅-၁၂-၂၀၂၂ | ॥ | ဇီးဖြူကျင်းကျေးရွာ | ၁၅၅ | ၃၀ |
| ၉ | ၆-၁၂-၂၀၂၂ | ॥ | ကံပေါက်ကျေးရွာ | ၂၅၀ | ၅ |
| ၁၀ | ၆-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | မြေနုကျေးရွာ | ၁၆၀ | ၂၀ |
| ၁၁ | ၆-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် | အောင်သာကုန်း ကျေးရွာ | ၁၆၀ | ၂၀ |
| ၁၂ | ၇-၁၂-၂၀၂၂ | ॥ | ဇီးသောင် ကျေးရွာ | ၁၅၀ | ၈၀ |
| ၁၃ | ၇-၁၂-၂၀၂၂ | ॥ | သာယာကုန်း ကျေးရွာ | ၉၅ | ၆၀ |
| ၁၄ | ၈-၁၂-၂၀၂၂ | ॥ | မကျီးပင်ကျေးရွာ | ၁၁၂ | ၁၀၀ |
| ၁၅ | ၈-၁၂-၂၀၂၂ | ॥ | သင်ပုန်းညိုကျေးရွာ | ၇၀ | ၆၀ |
| ၁၆ | ၈-၁၂-၂၀၂၂ | ॥ | ပေါက်ပင်ကွေ့ကျေးရွာ | ၂၂၇ | ၁၁၀ |
| ၁၇ | ၁၁-၁၂-၂၀၂၂ | ॥ | မြိုင်သာယာ ကျေးရွာ | ၃၀ | ၁၅ |
| ၁၈ | ၁၅-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | ဟဲနား(ရွာသစ်) ကျေးရွာ | ၁၅၀ | ၃၀ |
| ၁၉ | ၁၆-၁၂-၂၀၂၂ | ॥ | နောင်ပင်ကျေးရွာ | ၁၃၀ | ၁၁ |
| ၂၀ | ၁၆-၁၂-၂၀၂၂ | ॥ | မိုးတားကြီးကျေးရွာ | ၄၃၇ | ၄၃ |
| ၂၁ | ၁၆-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ် | ဂျုံးဂျုံးကျ(ရွာသစ်/ရွာဟောင်း) ကျေးရွာ | ၁၆၅ | ၃၀ |
| ၂၂ | ၁၇-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | ဆူးပုတ်ကုန်း ကျေးရွာ | ၁၅၀ | ၁၅ |
| ၂၃ | ၁၇-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် | ပြင်စုကျေးရွာ | ၁၉၁ | ၅၀ |

**မှတ်ချက်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ကျေးရွာ ၂၂ ရွာရှိ အိမ်ခြေပေါင်း ၁၁၂၂ လုံးကို KIA/PDF များက မီးရှို့ဖျက်ဆီးခဲ့။**





စစ်ကိုင်းတိုင်းဒေသကြီးတွင် နေအိမ်မီးရှို့ခံရသည့်ပြည်သူများကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

စာမျက်နှာ ၂၁ မှအဆက်

မနက်အစောကြီးက မီးရှို့သွားတာ။ ကျွန်တော့်အိမ်တင်မဟုတ်ဘူး၊ ဘေးက အိမ်တွေပါ မီးရှို့သွားတာပါ။ PDF တွေ ၂၀၊ ၃၀ လောက်ရှိမယ်။ ကျွန်တော်မျက်စိနဲ့မြင်လိုက်တယ်။ ယူနီဖောင်းတွေနဲ့ပါ။ တချို့ကလဲအရပ်ဝတ်တွေနဲ့ပါ။ကျွန်တော့် အိမ်ကိုမီးရှို့သွားတာပါ။ ကလေးတွေ တောင် လယ်တောထဲမှာပါ"ဟု ဆူးပုတ်ကုန်းကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

"ပြီးခဲ့တဲ့ နှစ်ရက် သုံးရက်လောက်က လာတယ်။ သူတို့ ၂၀ ကျော်ကျော်လောက်ရှိတယ်။ သေနတ်တွေပါတယ်။ ယူနီဖောင်းက ပြောက်ကျားတွေများတယ်။ သေချာသတိမထားလိုက်ပေမယ့် PDF တံဆိပ်ပါတာတွေ့တယ်။စစ်ကြောင်းလာတော့ သူတို့ပစ်ပြေးတဲ့အချိန်မှာ ကျွန်တော့်အိမ်ကို မီးရှို့သွားတာ။ PDFတွေရှို့သွားတာမြင်လိုက်တယ်"ဟု နောင်ပင်ကျေးရွာ ရွာသားတစ်ဦးက ပြောသည်။

မနက်ပိုင်းမှာ PDF နဲ့စစ်တပ်တိုက်ပွဲဖြစ်တယ်။ကျွန်တော်တို့ရွာထဲဝင်ပြီးမှ PDF တွေ အိမ်အလုံး ၃၀ လောက် မီးရှို့သွားတယ်။ကျွန်တော်တို့ရွာသားတွေ မီးထွက်မငြိမ်းရဲလို့မငြိမ်းရပါဘူး"ဟု မင်းလယ်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

"မနက်က PDF နဲ့ စစ်တပ်နဲ့တိုက်ပွဲဖြစ်သံကြားတယ်။ တိုက်ပွဲဖြစ်ပြီး PDF တွေရွာထဲဝင်လာတယ်။ ဝင်လာပြီး မီးရှို့တယ် ။ အိမ်ခြေအလုံး ၃၀ လောက်ပါသွားတယ်။ ကျွန်တော်တို့လဲ ကြောက်တာနဲ့ မီးထွက်မငြိမ်းရဲဘူး။ PDF တွေတိုက်ပွဲဖြစ်တိုင်း သူတို့ရွာထဲဝင်ပြီး အမြဲတမ်းမီးရှို့နေကျပါ"ဟု မင်းလယ်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

ထိုမီးရှို့မှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး BBC၊ VOA၊ RFA၊ Irrawaddy၊ Mizzima၊ Myanmar Now၊ Khit Thit၊ DVB အစရှိသည့် ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လိုသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ဆိုရှယ်မီဒီယာများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်လေဟန် ပုံဖျက်ထုတ်လွှင့်ဝါဒဖြန့်ချိလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုနှင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။





စစ်ကိုင်းတိုင်းဒေသကြီးရှိ မီးရှို့ခံရသည့်နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများပူးပေါင်း၍ မီးငြိမ်းသတ်နေစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးရှိ မီးရှို့ခံရသည့်နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်နေစဉ်။

အထူးသဖြင့် ရိုးသားသည့် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားကာ နာကြည်းစိတ်များဖြစ်ပေါ်လာစေရေး၊ ၎င်းတို့ကို ထောက်ခံအားပေးမှုရရှိလာစေရေး လိမ်ညာလုပ်ကြံဝါဒဖြန့်မှုများ ပြုလုပ်နိုင်ရန်အတွက် အပြစ်မဲ့ပြည်သူများ၏ အိုး၊ အိမ်၊ စည်းစိမ် ပစ္စည်းဥစ္စာများကို ရက်စက်စွာဖျက်ဆီးခဲ့သည့် လုပ်ဆောင်ချက်များဖြစ်ကြောင်း တွေ့ရှိရပါသည်။

အကြမ်းဖက်သမား NUG၊ PDF၊ KIA ပူးပေါင်းအဖွဲ့များ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာ ၂၂ ရွာမှ ဒုက္ခရောက်ခဲ့ရသည့် ရွာသူရွာသားတချို့၏ မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်မှန်များနှင့် ရင်ဖွင့်ပြောကြားသံများကိုကြားသိခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာသားများနှင့် ပူးပေါင်း၍ မီးငြိမ်းသတ်ပေးခြင်း၊ မီးဘေးသင့်ပြည်သူများကို လုံခြုံရေးစီမံပေးခြင်းနှင့်သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် တပ်မတော်က ကူညီကယ်ဆယ်ရေး ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း NUG ၊ PDF၊ KIA အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့မှုဖြစ်စဉ်အမှန်များကို မိဘပြည်သူများသိရှိနိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသော ပြည်သူများကို နည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်ဖျက်ဆီးနေသော အကြမ်းဖက်သမားများ အန္တရာယ်မှ ကာကွယ်တားဆီးနိုင်မည်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးအစီအမံများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ KIA/PDF အကြမ်းဖက်ပူးပေါင်းသောင်းကျန်းသူများ တိုက်ပွဲဖြစ်စဉ်၌ သောင်းကျန်းသူများမှဆုတ်ခွာစဉ် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဆူးပုတ်ကုန်းကျေးရွာကို မီးရှို့ဖျက်ဆီးသွားသည့် ဖြစ်စဉ်နေရာပြမြေပုံ**



# အနောက်ပိုင်းဩစတြေးလျပြည်နယ်တွင် အပူလှိုင်းဖြတ်သန်းမှုဖြစ်ပွား



**ကင်ဘာရာ ဇန်နဝါရီ ၂၄**

ဩစတြေးလျနိုင်ငံ အနောက်ပိုင်း ဩစတြေးလျပြည်နယ်တွင် ဇန်နဝါရီ ၂၂ ရက်က အပူလှိုင်းဖြတ်သန်းမှုဖြစ်ပွားခဲ့ကြောင်း ဩစတြေးလျဗဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့သည်ဟု News သတင်းဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူလှိုင်းသည် ပဲ့သ်မြို့တွင် အဓိက ဖြတ်သန်းနေခြင်းဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနကလည်း ဒေသခံများကို ရေဓာတ်ခန်းခြောက်မှုမဖြစ်စေရန်အတွက် ရေများများသောက်ရန်နှင့် အမိုးအကာမရှိသည့်နေရာတွင် အပြင်းအထန်လှုပ်ရှားမှုများမပြုလုပ်ရန် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အနောက်ဩစတြေးလျပြည်နယ်မှာ အပူလှိုင်းဖြတ်သန်းမှုတွေဖြစ်ပေါ်နေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့်အပူချိန်က ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ရင်ဆိုင်ရဖွယ်ရှိနေတဲ့ ဒေသတွေကတော့ ပဲ့သ်မြို့၊ ကယ်ဂိုလီမြို့နှင့် မာဘယ်ဘားမြို့တို့ဖြစ်ပါတယ်။ လောလောဆယ်တော့ အပူချိန်မြင့်တက်မှုဟာ ၃၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်နေပြီဖြစ်ပါတယ်"ဟု ဩစတြေးလျဗဟိုမိုးလေဝသစင်တာမှ ပြောရေးဆိုခွင့်ရှိသူ အော့စဘွန်းက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်ဒေသများတွင် ကယ်ဂိုလီမြို့နှင့် မာဘယ်ဘားမြို့တို့လည်း ပါဝင်နေကြောင်း၊ အပူလှိုင်းဖြတ်သန်းမှု ငြိမ်သက်သွားပါက မိုးရွာသွန်းကာ မိုးရေချိန် ၁၅ မီလီမီတာထိမြင့်တက်လာနိုင်ကြောင်း၊ ကွင်းစလန်းပြည်နယ်တွင် မိုးရွာသွန်းလာဖွယ်ရှိနေပြီး ရေကြီးရေလျှံမှုအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း ဩစတြေးလျ ဗဟိုမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# တောမီးလောင်ကျွမ်းခဲ့သော အမေရိကန်နိုင်ငံ အနောက်ပိုင်းပြည်နယ်များရှိဒေသများကို ဖက်ဒရယ်အစိုးရက ကန်ဒေါ်လာသန်း ၉၃၀ ပံ့ပိုးမည်

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံ အနောက်ပိုင်းပြည်နယ်များရှိ တောမီးလောင်ကျွမ်းမှုပြင်းထန်ခဲ့သော ဒေသများကို အမေရိကန်ဒေါ်လာသန်း ၉၃၀ ကူညီပံ့ပိုးရန်အတွက် ဖက်ဒရယ်အစိုးရက ဇန်နဝါရီ ၂၂ ရက်တွင် ကြေညာခဲ့သည်ဟု JPR သတင်းဌာန ဇန်နဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

တောမီး အဓိကလောင်ကျွမ်းခဲ့သောပြည်နယ်များတွင် ကယ်လီဖိုးနီးယား၊ အော်ရီဂွန်၊ အရီဇိုးနားနှင့် အခြားပြည်နယ်ရှစ်ခုတို့ ပါဝင်ပြီး အဆိုပါပြည်နယ်များသည် မကြာသေးမီနှစ်များအတွင်း တောမီးအကြီးအကျယ်လောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့သဖြင့် ပတ်ဝန်းကျင်ရှုခင်းများနှင့် လူမှုအသိုင်းအဝိုင်းများကို ခြိမ်းခြောက်မှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

အမေရိကန်စိုက်ပျိုးရေးဝန်ကြီး Tom Vilsack က ယခုပံ့ပိုးမှုသည် ဖက်ဒရယ်အစိုးရ၏ ဆယ်နှစ်ကြာအကျပ်အတည်းဖြစ်နေသော တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ဖြေရှင်းရန် တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လောင်စာများလျှော့ချရေးနှင့် သစ်တောကုသရေးအစီအစဉ်များ၏ထိရောက်မှုကို မြှင့်တင်ပေးသည့် နည်းပညာများဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့သော ကြိုးပမ်းအားထုတ်မှုများအပါအဝင် တောမီးအန္တရာယ်ကို ဖြေရှင်းရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကြောင့် လူသေဆုံးမှုများဖြစ်ပေါ်ခဲ့ရကြောင်းနှင့် လူ့အသိုင်းအဝိုင်းကိုလည်း ထိခိုက်စေကြောင်း Plumas National Forest ၏ သစ်တောကြီးကြပ်ရေးမှူး Chris Carlton က ပြောကြားခဲ့ပြီး တောမီးအန္တရာယ်နှင့် ပတ်သက်၍ ပထမဦးစားပေးအနေဖြင့် တောမီးမလောင်သေးသောဒေသတွင် နေထိုင်သူများကို အကာအကွယ်ပေးရန်၊ ဒုတိယဦးစားပေးအနေဖြင့် ရှုခင်းနှင့် ရပ်ရွာများကို ပြန်လည်ထူထောင်ရန်နှင့် တတိယဦးစားပေးအနေဖြင့် ရပ်ရွာလူထု၏ အကူအညီများရရှိရန်တို့ကို အဓိကဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**AZH**

# အင်္ဂလန်နိုင်ငံနေရာအနှံ့ မြူနှင်းများကျဆင်းသဖြင့် လေထုညစ်ညမ်းမှု အဝါရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထား

**လန်ဒန် ဇန်နဝါရီ ၂၄**

အင်္ဂလန်နိုင်ငံ နေရာအနှံ့အပြားတွင် မြူနှင်းများကျဆင်းလျက်ရှိပြီး လေထုအရည်အသွေး ညံ့ဖျင်းကာ မြင်ကွင်းကန့်သတ်ချက်များ ရှိနေသဖြင့် ဇန်နဝါရီ ၂၃ ရက်တွင် လန်ဒန်မြို့တော်ဝန်က လေထုညစ်ညမ်းမှုအဝါရောင်အဆင့်သတိပေးချက်ကို ထုတ်ပြန်ခဲ့ကြောင်း The Independed သတင်းဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြထားသည်။

အင်္ဂလန်နိုင်ငံ နေရာအနှံ့အပြားတွင် မြူနှင်းများထူထပ်စွာကျဆင်းလျက်ရှိပြီး လေထုအရည်အသွေးကျဆင်းလျက်ရှိသဖြင့် လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်းက အဝါရောင်အဆင့် ရာသီဥတုသတိပေးချက်ကိုထုတ်ပြန်ခဲ့ပြီး Lincoknshire နှင့် East Anglia ဒေသတို့တွင် မြူအထူထပ်ဆုံးကျဆင်းနိုင်ကြောင်း သိရသည်။

မြူနှင်းများထူထပ်စွာကျဆင်းနေမှုကြောင့် အင်္ဂလန်နိုင်ငံ၏ လေယာဉ်ခရီးစဉ်တချို့ရပ်ဆိုင်းထားခဲ့ရပြီး လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ မလိုအပ်ဘဲ ကားဖြင့်အပြင်ထွက်ခြင်း၊ အမှိုက်နှင့်သစ်သားများကို မီးရှို့ခြင်းမှ ရှောင်ကြဉ်ကြရန် မြို့တော်ဝန်၏ ထုတ်ပြန်ချက်တွင် တိုက်တွန်းထားသည်။



လေထုညစ်ညမ်းမှုနှင့်အတူ မြူများ ထူထပ်စွာကျဆင်းနေခြင်းကြောင့် ယာဉ်မောင်းများအနေဖြင့် ပိုမို၍ သတိပြုမောင်းနှင်ရန်လိုအပ်ပြီး ယာဉ်မတော်တဆမှုများဖြစ်ပေါ်လာနိုင်သဖြင့် ယခင်မောင်းနှင်မှုအလေ့အထများကို ပြုပြင်ပြောင်းလဲရန် လန်ဒန်မိုးလေဝသဌာနအကြီးအကဲ Craig Snell က သတိပေးပြောကြားခဲ့သည်။

ယခုသီတင်းပတ် အစောပိုင်းမှစ၍ အင်္ဂလန်နိုင်ငံနေရာအနှံ့အပြားတွင် အပူချိန် အနုတ် ၁၀ ဒီဂရီဆဲလ်စီယပ်အောက်တွင် ရောက်ရှိခဲ့ပြီးနောက် နှင်းများထူထပ်စွာကျဆင်းခြင်းနှင့် ရေခဲသောအခြေအနေများဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း၊ ရာသီဥတုဆိုးရွားနေခြင်းကြောင့် လေကြောင်းခရီးစဉ်များအပါအဝင် မီးရထားခရီးစဉ်တချို့ကို ရပ်နားထားရပြီး အားကစားပြိုင်ပွဲတချို့ကိုလည်း ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

**AZH**

# ဖိလစ်ပိုင်နိုင်ငံတွင် ဇန်နဝါရီလအတွင်း ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၃၅ ဦးထိရှိလာ

**မနီလာ ဇန်နဝါရီ ၂၄**

ဖိလစ်ပိုင်နိုင်ငံတွင် ဇန်နဝါရီလအတွင်း ရေကြီးရေလျှံမှုကြောင့် သေဆုံးသူစုစုပေါင်း ၃၅ ဦးထိရှိလာခဲ့ပြီဖြစ်ကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ABS သတင်းဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော ဒေသများမှာ ကာဂါယန်ချိုင့်ဝှမ်း၊ လူဇွန်အလယ်ပိုင်း၊ ကာလာဘာဇွန်နယ်မြေ၊ မီမာရိုပါနယ်မြေ၊ ဘီကိုနယ်မြေ၊ ဗီဆာယက်စ်အရှေ့ဘက်ပိုင်း၊ အလယ်ပိုင်း၊ အနောက်ဘက်ပိုင်း၊ ဇမ်ဘောင်ဂါကျွန်းဆွယ်၊ မင်ဒါနာအိုမြောက်ပိုင်း၊ ဒါဗာအိုနယ်မြေနှင့် ဆော့ဆာဂျန်နယ်မြေတို့ဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၃၅ ဦးအပြင် ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သလို ခုနစ်ဦး ပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဇန်နဝါရီလအတွင်း ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၃၅ ယောက်ထိ မြင့်တက်လာခဲ့ပြီဖြစ်ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ ၁၂ ယောက်ရှိပြီး ပျောက်ဆုံးနေသူခုနစ်ယောက်ရှိနေပါတယ်။ ပျက်စီးဆုံးရှုံးမှုပမာဏမှာလဲ ပီဆို ၇၅၁ ဒသမ ၉ သန်းထိရှိနေပြီဖြစ်ပါတယ်" ဟု လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တန်ဖိုးပမာဏမှာလည်း ပီဆို ၇၅၁ ဒသမ ၉ သန်းထိရှိနေကြောင်း၊ ရေကြီးရေလျှံမှုမှာ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည့်အတွက် ပျက်စီးဆုံးရှုံးမှုပမာဏပိုမိုမြင့်တက်လာဖွယ် ရှိနေကြောင်း၊ ရေဘေးအန္တရာယ်အခြေအနေ ဆိုးရွားသောဒေသများတွင် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေဆဲဖြစ်ပြီး ကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားသည့် ဒေသခံအမြောက်အမြားရှိကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံအရေအတွက်ကို စိစစ်နေဆဲဖြစ်ပြီး ကယ်ဆယ်ရေးစခန်းများမှ ဘေးလွတ်ရာရွှေ့ပြောင်းလာခဲ့သည့် ဒေသခံများအား အစားအသောက်နှင့် ဆေးဝါးများကို လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူပေးဝေလျက်ရှိကြောင်း သိရသည်။ **ခိုင်းဆက်**

# အရီဇိုးနားပြည်နယ် တူကန်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများ ဆန္ဒထုတ်ဖော်

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် တူကန်မြို့တွင် ဇန်နဝါရီ ၂၂ ရက်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့ကြောင်း Kold သတင်းဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ဟိုလီဟုပ်သုသာန်အနီးတွင် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်ပြီး အာဏာပိုင်အဖွဲ့အစည်းကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အရှိန်မြှင့်တင်ဆောင်ရွက်ပေးရန် တောင်းဆိုမှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆန္ဒထုတ်ဖော်သူများကိုဦးဆောင်သူ ဘော့ဘောဆင်က ပြောကြားခဲ့သည်။

"အနာဂတ်မျိုးဆက်သစ်တွေအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ အရှိန်မြှင့်တင်ဆောင်ရွက်ပေးဖို့ တာဝန်ရှိသူတွေကိုတောင်းဆိုပါတယ်။ အရီဇိုးနားပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းဖို့အတွက် အာဏာပိုင်အဖွဲ့အစည်းမှာ အဓိက တာဝန်ရှိပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် နှစ်စဉ်နှစ်တိုင်း မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေနဲ့ရင်ဆိုင်နေရတယ်။ ဒီဆုံးရှုံးမှုတွေကို လျှော့ချနိုင်ဖို့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အလေးထားဆောင်ရွက်သွားဖို့ အာဏာပိုင်အဖွဲ့အစည်းတွေကို တိုက်တွန်းချင်တဲ့အတွက် ဆန္ဒထုတ်ဖော်နေတာ ဖြစ်ပါတယ်"ဟု ဘော့ပေါဆင်က ပြောကြားခဲ့သည်။

တူကန်အာဏာပိုင်အဖွဲ့အစည်းကလည်း ဆန္ဒထုတ်ဖော်သူများကို လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ပြုထားပြီး ဖမ်းဆီးထိန်းသိမ်းခြင်းပြုလုပ်သွားမည် မဟုတ်ကြောင်း၊ သို့သော်လည်း အများပြည်သူသွားလာလှုပ်ရှားမှုကို အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူမျိုး မပြုလုပ်ကြရန် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

0 w Mv M @

# ဝင့်ကြွေးမဲ့လူ

ယဉ်ယဉ်(ရွှေခယ်မြေ)




(၁)

သူငယ်ချင်းတစ်ယောက်ဖိတ်တဲ့ အလှူတစ်ခုသွားဖို့ စုလှိုင် အဝတ်ဗီရိုတံခါးကို ဆွဲဖွင့်လိုက်တယ်။ အိခနဲ ယိုင်ဆင်းပြိုကျလာတဲ့ အဝတ်ပုံအထပ်ကို ပြန်တွန်းတင်လိုက်ပြီး မျက်လုံးက အဝတ်ပုံအထပ်တွေကြား အစုန်အဆန်ရှာမိတယ်။ ဘာဝတ်ရမှန်းရှာကြည့်လို့ကို မရအောင်ပဲ အဝတ်တွေက ဖရိုဖရဲ။ တစ်ထည်ချင်းဖွကြည့်ပြီး သင့်တော်တာလေးတွေ့တာကြောင့် ဆွဲထုတ်လိုက်တယ်။ ဆွဲထုတ်တဲ့အရှိန်ကြောင့် အပေါ်က မညီမညာစီထပ်ထားတဲ့ အဝတ်တွေက ဝုန်းခနဲ ပြိုအိဆင်းကြလာပြန်တယ်။ လက်တစ်ဖက်ကရွေးထုတ်ထားတဲ့အင်္ကျီကိုကိုင်ရင်း ကျွမ်းကျင်ပြီး ကျင့်သားရနေတဲ့ နောက်လက်တစ်ဖက်က ဂျက်ကီချန်းထက်မြန်သောလျင်မြန်မှုမျိုးနဲ့ ပြိုအိကျလာတဲ့အပုံဘက်က တံခါးတစ်ချပ်ကို အမြန်ပိတ်ချလိုက်နိုင်ခဲ့တယ်။ ဗီရိုထဲက အဝတ်ပုံအခြေအနေတည်ငြိမ်သွားမှ ကျန်တံခါး တစ်ချပ်ကိုပါ ဆွဲပိတ်လိုက်ရတယ်။ အထဲကပြိုကျနေတဲ့ အဝတ်တွေကြောင့် ဟစိဟစိနဲ့ အံမကျတကျဖြစ်နေတဲ့ တံခါးရွက်နှစ်ရွက်အောက်ခြေကို နောက်ဆုံးပိတ်ဖနောင့်နဲ့တစ်ချက် ကန်ပိတ်လိုက်တဲ့အခါမှာတော့ အားလုံးအံဝင်ခွင်ကျဖြစ်သွားတော့တယ်။ အောင်မြင်စွာတံခါးပိတ်ပြီးတဲ့နောက် လက်ထဲပါလာတဲ့အင်္ကျီကို ကိုင်ကြည့်လိုက်တော့ ကြေမွလို့။ ဒီလောက်ကပြဿနာမရှိ မီးပူတိုက်ဝတ်လို့ရတယ်။ အရေးတကြီးအပြင်ထွက်ရမဲ့ကိစ္စရှိပါက စုလှိုင်မှာ ဝတ်စရာအဝတ်အစားကောင်းတာမရှိ။ အကုန်လုံးက ကျွန်းဗီရိုထဲမှာ ဖိနှိပ်ထိုးထည့်ခံဘဝနဲ့ ကြေမွနေတာကြောင့်ဖြစ်တယ်။ ဒါကိုမြင်တဲ့အမေကတော့ အမြဲပြောတယ်။ ဒီလိုပရမ်းပတာနေတဲ့ပုံစံနဲ့ နင်လင်မရတာကံကောင်းလှတယ်တဲ့။

(၂)

အသက် ၈၀ ကျော်ဖြစ်ပေမဲ့ အမေက ကျန်းမာတယ်။ ရှပ်ပျာပျာနိုင်လှတဲ့သမီးကို ဆူနိုင်၊ ဟောက်နိုင်တယ်။ အခုလဲ သမီးစီမံနေတဲ့ မီးဖိုချောင်ဘက် အမေရောက်လာပြီး ကြက်သွန်ခြင်းဆန်ကာထဲက ကြက်သွန်တွေရွေးထုတ်နေပြန်တယ်။ ပါးစပ်ကလဲ-

"ကြက်သွန်မခံတာတွေကို အရင်ထောင်းရတယ်ဟဲ့။ အခုတော့ ငရုတ်သီးထောင်းတာ ကြက်သွန်အမြိတ်ထွက်ပြီး ရက်ကြာကြာအထားမခံတာကို အရင်ရွေးမထောင်းဘဲ ကံစမ်းမဲနှိုက်သလို လက်ထဲပါတာထောင်းနေတယ်။ အခု အပုပ်တွေ အများကြီးလွှင့်ပစ်လိုက်ရပြီ။ အာလူး၊ ခရမ်းချဉ်သီး အကုန်ဒီလိုပဲ ကြုံတဲ့အလုံးဆွဲသုံးတယ်။ ပုပ်ရင် ငါမသိအောင် လွှင့်ပစ်လိုက်ကော။ အိမ်တစ်အိမ်မှာ မီးဖိုချောင်က စည်းကမ်းမရှိရင် ယိုပေါက်ပဲ။ ပိုက်ဆံတော်တော်ပေါ်နေတာထင်တယ်။ စစ်စစ်စီစီအခုထိ ဘာမှမသုံးတတ်၊ မစွဲတတ်သေးဘူး။ ကြည့်လိုက်ရင် ခြေမထိ၊ လက်မထိ ရှပ်ပျာရှပ်ပျာနဲ့။ ဘာပုလင်းအဖုံးဖြစ်ဖြစ် နင်ယူသုံးပြီးရင် သွားကြည့်လိုက် အဖုံးကို ဝက်အူဆုံးတဲ့ထိ တစ်ခါမှမရစ်ဘူး။ လက်ကြောမတင်း၊ ခြေကြောမတင်း အပျင်း။ ဒီပုံစံနဲ့ လင်မရတာ နင်တော်တော်ကံကောင်းတယ်မှတ်"

ဟုတ်၊ မဟုတ်တော့မသိ။ အမေကတော့ သူ့သမီး လင်မရတာ အမြဲကံကောင်းနေတတ်ပြန်တယ်။

(၃)

ဖုန်းပွတ်နေရင်း ဗိုက်ထဲက နာသလိုလိုရှိတာကြောင့် ဖုန်းကိုင်ရင်း အိမ်သာပြေးရပြန်တယ်။ ဖုန်းထဲ ဈာန်ဝင်နေလို့ကတော့ အပြင်လောကနဲ့ ခဏအဆက်ပြတ်သွားတာ စုလှိုင်အကျင့်။ ဟင်းအိုးတူးတာ၊ အုပ်ဆောင်းမအုပ်မိလို့ ဟင်းတွေကြောင်တက်ခိုးစားတာ၊ ဆွမ်းတော်ကပ်ချိန်ကျော်သွားတာ ဒါမျိုးတွေက ခဏခဏ။ အခုလဲ ဗိုက်ထဲတော်တော်နာလာမှ သတိထားမိပြီး အသည်းအသန်အိမ်သာပြေးရတယ်။ ဖုန်းထဲမှာ ဝတ္ထုဖတ်နေရင်း ဇာတ်လမ်းက ဇာတ်ရှိန်မြင့်နေတာကြောင့် အိမ်သာထဲထိုင်ပြီး ဆက်ဖတ်နေလိုက်တယ်။

"စုလှိုင် ငါ့ဖိနပ်မှားယူစီးသွားတယ်မလား"

အမေ့အသံကျယ်ကျယ်လောင်လောင်က အိမ်သာထဲထိ ထိုးဖောက်ဝင်ရောက်လာတာကြောင့် အိမ်သာထဲ စာဖတ်နေရာမှ ကမန်းကတန်း ခြေထောက်ကို ငုံ့ကြည့်မိလိုက်တယ်။ ဘယ်တစ်ဖက်၊ ညာတစ်ဖက် ဖိနပ်ကိုကြည့်ပြီး-

"အမေရေ မစီးဘူး တစ်ဖက်ပဲမှားစီးမိတာ"

ခြေထောက်မှာစွပ်လာတာက အကြမ်းစီးဆင်ကြယ်ဖိနပ်တစ်ဖက်နဲ့ အမေစီးနေကျ လူကူးမျဉ်းကျားအရောင် ဖော့ဖိနပ်တစ်ဖက်။ အာရုံက ဖုန်းထဲရောက်နေတာကြောင့် ဘာစီးလို့စီးမိမှန်းမသိလိုက်။ အမေစွပ်စွဲသလို နှစ်ဖက်စလုံးယူစီးမိတဲ့ထိ လက်လွတ်စပယ်မှားယွင်းတာမျိုးတော့မဟုတ်။ တစ်ဖက်တည်းပဲ မှားစီးမိတာဖြစ်တယ်။ ဒါကိုလဲ အမေက မြည်တွန်ပြန်တယ်။

"ကြုံတိုင်းမကြုံသလို အကုန်လုပ်တယ်။ ကိုယ်စီးတဲ့မြင်း အထီးအမ မသိဘူးဆိုတာ ညည်းလိုလူစားမျိုးကို ပြောတာနေမှာ။ အရာရာနမော်နမဲ့ရှပ်ပျာရှပ်ပျာနဲ့။ ဒီပုံစံနဲ့ နင်လင်မရတာ ကံကောင်းတယ်မှတ်"

(၄)

အမေ ကျန်းမာရေးအတွက် ဆေးစစ်ဖို့ ရန်ကုန်က အစ်မတွေဆီတက်သွားချိန်မှာတော့ စုလှိုင်တစ်ယောက်တည်း အိမ်မှာကျန်ခဲ့ရတယ်။ စုလှိုင်အတွက်တော့ လွတ်လပ်ရေးရခြင်းသာ။ ဒါပေမဲ့လဲ စုလှိုင်တစ်ယောက်တည်းကျန်ခဲ့တာကြောင့် စိတ်မချလက်မချဖြစ်တဲ့အမေက နေ့တိုင်းဖုန်းဆက်တယ်။ ဒီနေ့ သမီး ဘာချက်စားလဲကတော့ နေ့တိုင်းမေးတဲ့မေးခွန်းဖြစ်တယ်။ ခက်တာက ထမင်းဟင်းချက်ရတာကို အလွန်ပျင်းတဲ့စုလှိုင်က အမေ့အတွက်ပဲမဖြစ်မနေ ဟင်းချက်ခဲ့ရတာဖြစ်တယ်။ အမေသွားတဲ့ နှစ်ပတ်လောက်အတွင်းမှာ ပေါင်းအိုးနဲ့ ထမင်းချက်ပြီး ဘဲဥလေးလုံးလောက် ပစ်ထည့်ထားလိုက်တယ်။ ထမင်းစားချိန်ရောက်ရင်တော့ ကြက်သွန်နီနဲ့သုပ်စားတဲ့အခါ စားတယ်။ ကြက်သွန်လှီးရမှာပျင်းတဲ့အခါ ဆီနဲ့ဆားနဲ့ ဘဲဥနဲ့ပဲ ပြီးလိုက်ရတာများတယ်။ စိတ်ကူးရတဲ့အခါ ဘဲဥချဉ်ရည်ဟင်းလေးချက်စားတယ်။ တစ်ခါတလေ ကော်ဖီနဲ့မုန့်စားပြီး တစ်နေကုန်နေတဲ့အခါနေလိုက်တယ်။ အမေမေးတိုင်း ဘဲဥပြုတ်သုပ်ချက်က မတက်တာကြောင့် အမေကမိန်းမအပျင်းဘဲဥဟင်းဆိုပြီး ချီးကျူးစကားလှမ်းပြောတယ်။ ထုံးစံအတိုင်း မပျက်မကွက် စံတော်ချိန်တီးလုံးလေးက ပါလိုက်သေးတယ်။

"ဒီလောက်ပျင်းတဲ့သူမျိုး မတွေ့ဖူးပေါင် နင်လင်မရတာကံကောင်းတယ်မှတ်"

တကယ်တော့ ဘဲဥဟင်းချက်ရတာ အသားဟင်းထက်တောင် လက်ဝင်လှသေးတယ်။ အရသာရှိတဲ့ ဘဲဥဟင်းတစ်ခွက်ဖြစ်ဖို့ ဘဲဥကို ရေဆေးရတယ်။ ရေနွေးဆူဆူထဲ ထည့်ပြုတ်ရတယ်။ ပြီးရင် အခွံကန္ခာရသေးတယ်။ အသားငါးလိုတုံးတစ် အလွယ်တကူအရသာရှိအောင် ချက်မရ။ ဒါကိုများ မိန်းမအပျင်း ဘဲဥဟင်းလို့ ဆိုကြပုံကိုကြည့်ရရင်အဲဒီစကားက သားငါးကြိုက်တတ်တဲ့ယောကျ်ားတွေဆီက ဆင်းသက်လာတာပဲဖြစ်ရမယ်။ အမေတို့လက်ထက် ခေတ်အဆက်ဆက် ဂျင်း(ချင်း)ထည့်ခံလာရတာပဲ ဖြစ်မယ်။ ဘဲဥဟင်းတစ်ခွက်ဖြစ်လာဖို့ ဘယ်လောက်အဆင့်ဆင့်ကျော်ဖြတ်ရတယ်ဆိုတာ သေချာစဉ်းစားမိမယ်ဆို မိန်းမအပျင်း ဘဲဥဟင်းဆိုတဲ့စကားက ဂျင်း(ချင်း)စကားဖြစ်ကြောင်း သိကိုသိရမယ်။ ဘဲဥမကြိုက်တဲ့ အဖေ့ကြောင့် လင်ကိုချစ်တဲ့အမေကလဲ ဒီဂျင်း(ချင်း)စကားကို သမီးတွေဆီထိ လက်ဆင့်ကမ်းသယ်လာတာပဲ ဖြစ်လိမ့်မယ်။

(၅)

"ဒီမှာ စားပြီးသားပန်းကန်မဆေးဘဲ ထားပြန်ပြီ။ ငါအခါခါပြောတယ် ဆေးရမှာပျင်းရင် ဘေစင်မှာ ရေစိမ်ထားဆိုတာ။ ကြုံတဲ့သူ ယူဆေးလို့ရတယ်။ အခုက ထမင်းပန်းကန်သယ်ချင်ရာသယ်၊ စားချင်တဲ့အချိန်စား ပုရွက်ဆိတ်ကလာ။ သကြားပုလင်းဆိုလဲ ဖွင့်ပြီးအဖုံးကိုကျပ်အောင်လက်ကြောတင်းတင်း ဘယ်တော့မှ မပိတ်ဘူး။ ကြည့်လိုက် ပုရွက်ဆိတ်က ပုလင်းထဲခဲလို့။ ကော်ဖီခွက်တွေဆိုလဲ ဒီလိုပဲ။ ဘယ်ကတည်းကသောက်ထားလဲမသိ ခြောက်ကပ်နေမှထွက်လာ။ ရေသောက်စရာ ခွက်ကုန်မှ ကောက်သင်းကောက်လိုက်စုဆေးရတယ်။ သောက်ပြီး တစ်ခါတည်းဆေးလိုက် ဘယ်လောက်ပင်ပန်းမှာမလို့လဲ။ ပန်းကန်ခွက်ယောက်မဆေးဘဲ ထိုးထားတာ ဘယ်လိုသန္ဓေမှန်းမသိဘူး"

"ဟာ အမေကလဲ ပွစိ ပွစိနဲ့ သမီးက ညနေမှ ပေါင်းဆေးမလို့ဟာ။ စိမ်ထားလို့ အမေယူဆေးနေရင် သမီးက ငရဲကြီးအုံးမယ်။ အလကားနေ ငရဲမယူဘူး"

"အမယ်လေး အပြောကတော်တော်ကောင်း။ ကိုယ့်ဘာသာ အပျင်းကြီးပြီး ကြုံတဲ့နေရာ ကြုံသလိုထိုးထားတာများ။ အဝတ်အစားလဲ ဒီလိုပဲ ကြုံသလိုထိုး။ ထမင်းစားရင်း စာမဖတ်နဲ့၊ ဖုန်းမကြည့်နဲ့ အခါခါ ပြောလဲမရဘူး။ ထမင်းစားပွဲပေါ်မှာ လူလိုသူလို စားတယ်ကိုမရှိဘူး။ နင့်ဖုန်းက ဘာထွက်လာမှာမို့ ဒီလောက်အရေးကြီးနေတာလဲ"

နင့်ဖုန်းက ဘာမှထွက်မလာပေမဲ့လဲ ဖုန်းသုံးပြီး အမေ့သမီး ဆရာမကြီးလုပ် အမေ့အတင်းတွေတုတ်နေတာ အမေမသိ။

"ဒီပုံစံမျိုး၊ အချိုးမပြေတာမျိုးနဲ့ လင်ရရင် ယောက္ခမပညာပေးတာအခါခါခံရမယ်"

အမေမသိတာက အမေတို့ခေတ်တုန်းကလိုမဟုတ်ပဲ။ အခုခေတ်ယောက္ခမတွေနည်းတူ ချွေးမတွေလဲ ပညာတတ်လာပြီဆိုတာ။ ဒါပေမဲ့လဲ ရှိပါစေတော့။ ပြန်ပြောရင်လဲ မကောင်းဘူးလေ၊ အမေ့စကားကိုပဲ နားထောင်ရမဲ့သမီးလိမ္မာလေးဖြစ်တာကြောင့် ပြန်မပြောဖြစ်တော့။ ထုံးစံမပျက် အမေ့ရဲ့စံတော်ချိန်တီးလုံးသံက ထွက်လာပြန်ပါတော့တယ်။

"တော်သေး ဒီလိုပုံစံနဲ့ နင်လင်မရတာ ကံကောင်းတာ"

(၆)

တစ်ရက်တော့ အိမ်မှာ အမေ့ကို အိမ်စောင့်ထားပြီး အိမ်ထောင်ကျသွားတဲ့ ငယ်သူငယ်ချင်းဝတ်ရည်အိမ်ကို အပျင်းပြေသွားလည်လိုက်တယ်။ ဝတ်ရည်က အပျိုဘဝကတည်းက စုလှိုင်နဲ့ အကျင့်တူ စရိုက်တူ။ တက္ကသိုလ်အတူတူတက်ခဲ့ကြ၊ တစ်ဆောင်တည်းနေခဲ့ကြတာကြောင့် အကြောင်းသိ၊ သူမသာကိုယ်မသာ အပျင်းထူမတွေ့။ ရောက်တဲ့အချိန်မှာ ဟင်းချက်မပြီးသေးတာကြောင့် မီးဖိုချောင်ထဲထိဝင်သွားပြီး သောင်းပြောင်းထွေလာလေကန်ကြတယ်။ လေကန်တယ်ဆိုရာမှာလဲ စုလှိုင်ကပဲ သတင်းစုံ၊ အပေါင်းအသင်းတွေအကြောင်း ဖောက်သည်ချခြင်းသာများပြီး သူကတော့ အလုပ်လုပ်ရင်း တအင်းအင်းနဲ့ထောက်ခံသူသက်သက်။ ဒယ်နီထဲမှာရှိတဲ့ ဝက်သားဟင်းတွေကို တစ်ချက်၊ နှစ်ချက်မွှေလိုက်၊ ဘေးကချဉ်ပေါင်ဟင်းအိုးဖွင့်၊ လိုတာထည့်လိုက်နဲ့ စုလှိုင်စကားကိုနားထောင်ရင်း ဟင်းချက်နေတဲ့ဝတ်ရည်ကိုကြည့်ရတာ ခုနစ်တွေကနေတဲ့ မင်းသမီးလိုပဲ။ အရင်ကတော့ သူ့ပြောင်းလဲမှုကို သတိမထားဖြစ်ပေမဲ့ ဒီတစ်ခါတော့ ဘာရယ်မဟုတ်စကားပြောရင်း သူလုပ်ကိုင်နေသမျှ

စာမျက်နှာ ၂၅သို့ ➤

➤ စာမျက်နှာ ၂၄မှအဆက်

စပ်စပ်စုစုလိုက်ကြည့်မိတယ်။ မီးဖိုချောင်လေးက သပ်ရပ်သန့်ရှင်းနေတယ်။ ကြက်သွန်နီဥလေးတွေကလဲ မခံတာ၊ ခံတာ နှစ်မျိုး၊ သုံးမျိုးခွဲထားတာတွေ့ရတယ်။ ချက်ပြုတ်ပြီးလို့ အပြင်မှာ ထပ်စကားတွေပြောကြရင်း အခန်းထောင့်က အဝတ်ထည့်ထားတဲ့မှန်ဗီရိုဆီ မျက်စိကအကြည့်ရောက်မိတယ်။ အရောင်အသွေးအစုံအလင် အစီအရီထပ်ထားတာက မျက်စိပသာဒတော်တော်ရှိလှတယ်။ သူငယ်ချင်းက ခွေးပြန်လာလို့ အဝတ်လဲလိုက်အုံးမယ်ဆိုပြီး အင်္ကျီတစ်ထည်ကို ဗီရိုထဲက ဆွဲထုတ်ယူလိုက်တာ စနစ်တကျသေသေသပ်သပ်အပုံမပျက်။ အဝတ်အစားလဲပြီးတာနဲ့ ချက်ထားတဲ့ဝက်သားအိုးထဲက အတုံးကြီးပေ့၊ ကောင်းပေ့ဆိုတဲ့ အဆီတစ်ထပ်၊ အသားတစ်ထပ် ဝက်သားလေးငါးတုံးကို ပန်းကန်လုံးထဲ ဖယ်ထည့်လိုက်တယ်။ ဒါပေမဲ့မပြီးသေး ချဉ်ပေါင်ဟင်းအိုးကိုဖွင့်ပြီး ပုစွန်အကောင်ကြီးသုံးကောင်လောက်နဲ့ ချဉ်ပေါင်ဟင်းတစ်ပန်းကန်ပါ ဖယ်ထည့်လိုက်သေးတယ်။ ဟင်းပန်းကန်တွေကို ကြောင်အိမ်ထဲသေချာထည့်လိုက်ပြီးမှ စုလှိုင်ဘက်လှည့်ပြီး-

"မနက်က ကိုကိုကို ဝက်သားဟင်းမကျက်သေးလို့ အစိမ်းကြော်လေးပဲ ကြော်ထည့်ပေးလိုက်ရတာ။ ဟိုမျောက်တွေ ကျောင်းကပြန်လာလို့ စားကောင်းရင် အတင်းစားကြတာ။ ညနေ ကိုကိုရုံးဆင်းရင်စားဖို့ အခုကတည်းကဖယ်ထားမှ"

အားလုံးပြီးတာနဲ့ ဟင်းချက်တုန်းက ဆေးရမဲ့အိုးတွေကော လက်စလက်နပန်းကန်တွေပါ အကုန်စုဆေးပြီး စင်ပေါ် သပ်သပ်ရပ်ရပ်စနစ်တကျတင်တာကိုလဲ သတိပြုလိုက်မိတယ်။

(၇)

ချက်ပြုတ်ပြီး အေးရာအေးကြောင်း ကျောင်းတုန်းကအကြောင်းတွေ ပြန်ပြောဖြစ်ကြတယ်။ သူကတော့ သိပ်မမှတ်မိတော့။ စုလှိုင်ကသာ အစဖော်ပေးရင်း၊ သူကရယ်မောရင်း။ ပြီးတော့မှ-

"ငါဆို အဲဒါတွေမမှတ်မိတော့ဘူးဟ။ နင်ပြောလို့သာ ပြန်သိရတာ"

ဒီလိုစကားကြားရတော့ စုလှိုင်တော်တော်အံ့သြမိပြန်တယ်။

"ဟဲ့ အဲဒါတွေ မေ့စရာလား။ ဒီလောက် အထင်ကရကြီးဖြစ်ခဲ့ကြတာတွေဟာ"

"နင်ကအပျိုကြီးဆိုတော့ လင်ပူ၊ သားပူ၊ စီးပွားအပူသိပ်မရှိလို့ မှတ်မိနိုင်တာဟ။ အိမ်ထောင်သည်တွေက အပူမျိုးစုံနဲ့ ကလေးဘဝကအကြောင်း နင့်လို အများကြီးမမှတ်မိတော့ဘူး"

"နင်က ဘာအပူတွေများ များနေလို့လဲ။ စီးပွားရေးပြေလည်နေရဲ့သားနဲ့"

"အမယ်လေး စီးပွားရေးပြေလည်တိုင်း အပူအပင်မရှိဘူးထင်နေလား အပျိုကြီးရဲ့။ ဒီမှာ ငါပြောပြမယ်။ အိမ်ထောင်ကျပြီး သားသမီးတွေရပြီဆိုကတည်းက အပူတွေစတော့တာ။ အချိန်မရှိ၊ အချိန်ရှိ ကလေးနို့ဆာလို့ ငိုပြီဆိုရင်လဲ ဒီမအေပဲထရတယ်။ ဒါတင်မကဘူး ကလေးသေးစိုလို့အချိန်မရှိ၊ အချိန်ရှိ ထလဲပေးရတာလဲ ဒီမအေပဲ။ ကလေးငိုတာများ သူတို့ကလေးမဟုတ်သလို အိပ်နိုင်ကြတာ ယောကျ်ားတွေပဲ"

"နင့်ကိုကိုက ထ မလုပ်ပေးဘူးလား။ နင့်ကိုကိုက နင့်ထက် ငါးနှစ်တောင်ကြီးတယ်လေ။ ဟိုတုန်းက နင့်ကို တအားအလိုလိုက်တာဆို။ နင်ပင်ပန်းမှာစိုးလို့ စပျစ်သီးတောင် အခွံခွာပြီးမှ ခွံ့ကျွေးတာဆို။ ရုပ်ရှင်သွားကြည့်ပြီဆိုလဲ နေကြာစေ့ကို အခွံခွာပြီးမှ လက်ထဲအဆင်သင့်စားဖို့ ထည့်ထားပေးတတ်တာဆို။ တစ်နေရာရာမှာထိုင်ကြရင်လဲ ကိုကိုက သူ့လက်ကိုင်ပဝါလေးထုတ် နင်ထိုင်မဲ့ခုံကို ဖုန်ခါသဲခါပေးတာဆို။ လက်ဖက်ရည်ဆိုင်ထိုင်ရင်တောင် လက်ဖက်ရည်ကိုမွှေပြီး၊ မှုတ်ပြီးမှ နင့်ရှေ့ချပေးတာဆို။ နင်က ရေခွေးလှမ်းရုံရှိသေး နင့်ကိုကိုက ပန်းကန်လုံးလေးပါယူဆေးပေးပြီး နင့်အတွက် အဆင်သင့်ငှဲ့ပေးခဲ့တာဆို။ နေလေးနည်းနည်းပူလို့ ထီးမယူလာမိရင်တောင် နင့်ကိုကိုက လက်ဝါးလေးနဲ့ နင့်ခေါင်းကိုအုပ်ပေးပြီး လမ်းလျှောက်တာဆို။ ရေသန့်ဘူးတို့၊ အအေးဘူးတို့ဆို ကလေးပင်ပန်းမှာစိုးလို့ဆိုပြီး နင့်ကိုကိုပဲ အမြဲဖောက်ပေးတတ်တာဆို နင်ပြောသမျှ ငါ့မှာ အားတွေကျခဲ့ရလို့"

"တော် တော်တော့။ နင်ပြောတာတွေ အကုန်ဟုတ်တယ်၊ မှန်တယ်။ ဒါပေမဲ့ အဲဒါ မယူခင်က။ နင်က အပျိုကြီးဆိုတော့ သိမှာမဟုတ်ဘူးမှတ်ထား။ ယောကျ်ားဆိုတာမျိုးက တစ်ကိုယ်ကောင်းသမားများတယ်။ မရခင်တစ်မျိုး၊ ရပြီးရင်တစ်မျိုး။ မရခင်သာ မေ့အတွက်ဆို မြစ်လယ်က ဗေဒါလက်ပစ်ကူးလို့ မောင်ခူးမယ်ဆိုတာကြည့်မလား။ နှစ်တစ်ရာရေခဲတောင် ကြာပန်းစားချင်တယ်ဆိုရင်တောင် ပိုးမင်းသားနဲ့ အသေဖိုက်ပြီး လုလာမဲ့အထာကြည့်မလား။ မေ့အတွက်ဆို ဓားတောင်ကိုကျော်ပြီး မီးပင်လယ်တွေ၊ ဘာတွေဖြတ်ပြနိုင်တဲ့ထိ အစွမ်းအစတွေပြတာကြည့်မလား။ ရလို့ပြီးကော မြစ်လယ်လက်ပစ်ကူး၊ ဗေဒါပန်းခူးဖို့နေနေ အိမ်ရှေ့ချောင်းထဲလေတိုက်လို့လွင့်ကျသွားတဲ့ ကလေးအနီးတောင် ကောက်ပေးချင်တာမဟုတ်ဘူး။ ပိုးမင်းသားနဲ့ဖိုက်ဖို့နေနေ လမ်းထဲကအရက်သမားဒယီးဒယိုင်နဲ့ အိမ်ဝမှာ မူးဆဲနေရင်တောင် တစ်ချက်ထမဟန့်ဘူး။ ဓားတောင်တွေ မီးပင်လယ်တွေအသာထား လမ်းထိပ်ကမုန့်ဟင်းခါးလေးစားချင်လို့ မအားတာနဲ့ဝယ်ပေးပါဆိုတာတောင် ဖင်လိမ်ရှုံ့တွဂျချဲ့နေတာ။ မယူခင်တုန်းကတော့ ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့ အလုပ်ကြီး အလုပ်ကျယ်တွေ ကြံရတွေးရတာ။ ယူလဲပြီးကော တစီစီမြည်နေတဲ့ ခြင်ထောင်ထဲကခြင်တောင် ထဖမ်းဖို့ပျင်းတဲ့အမျိုး။ သူတို့က ရတဲ့လစာလေးအပ်ပြီးရင် အိမ်ထောင့်တာဝန်ကျေပြီထင်နေကြတဲ့ဟာမျိုး။ တစ်နေကုန် ရုံးတက်ပြန်လာရင် တစ်ဖက်တစ်လမ်းအကူအညီရမလားသွားမတွေးနဲ့။ သူတို့လောက်ပင်ပန်းတာမရှိဘူး။ ညည်းတွားသံကအစုံ။ သူတို့ရဲ့ မဟာယောကျ်ားကြီးအယူဝါဒက မိန်းမယူတာ သူတို့အဝတ်အစားလျှော်ပေး၊ မီးပူတိုက်ပေးဖို့၊ သူတို့စားချင်တာ ချက်ပြုတ်ချူခပ်ကျွေးဖို့၊ သူတို့နေထိုင်မကောင်းရင် မိခင်လို ဘာလိုဂျင်း(ချင်း)ထည့်ပြီး အနားကမခွာပြုစုပေးဖို့၊ တောက်တိုမည်ရခိုင်းဖို့။ ရတဲ့လခလေးအပ်ပြီး တစ်သက်စာစားမကုန်နိုင်အောင်ရှာဖွေကျွေးမွေးနေရတဲ့အချိုးနဲ့။ အဲဒီလခသာမှီခိုစားရရင်တော့ ဒီကလေးသုံးယောက်နဲ့ မနက်စာ၊ ညစာနပ်မှန်မယ်ထင်လား။ ငါ့ဘာသာလဲ တစ်ဖက်တစ်လမ်းကရှာရဖွေရသေး။ အပျိုတုန်းက နင်လဲသိတာပဲ ငါတို့ ဘယ်လိုနေခဲ့ကြရလဲဆိုတာ။ ထမင်းကြမ်းဆို ဘယ်တော့မှမစားဘဲ အိမ်နောက်ဘက်ပြတင်းပေါက်ကနေ အမေမသိအောင် လွှင့်ပစ်ခဲ့တာ။ ဟင်းကျန်ဆို သွန်ပစ်၊ ခွေးကျွေးပစ်တာ။ လင်လဲရကော အကုန်စစ်စစ်စီစီတွေ သုံးတတ်စွဲတတ်လာပြီး ထမင်းကြမ်းလဲ လွှင့်မပစ်ရက်ဘဲ နွှေးစားတတ်လာတယ်ဟေ့။ လင်ကတော့ လူပျိုဘဝက ဘယ်လိုစားလဲ မသိပါဘူး။ အခုများတော့ ထမင်းကြမ်းမစားချင်ရတာနဲ့ ဒီနေ့ဟင်း နောက်နေ့မစားချင်ရတာနဲ့။ ဖြစ်နိုင်ရင် အပ်တဲ့လစာကသာ တစ်ပဲခြောက်ပြား စားချင်တာက နရသီဟပတေ့မင်းပွဲတော်တည်သလို။ ငါ့အလှည့်ကို မရှိတော့ဘူး။ တစ်ခုခုဆို ငါ့မှာ သားသမီးဖို့အတွေးနဲ့ အကုန်အချိုးပြင်ရတယ်။ အပျိုတုန်းက အမေဘယ်လောက်ဆူဆူ မပြင်တဲ့ အချိုးတွေက လင်ရလို့ သားသမီးတွေရမှ အော်တိုပြင်တတ်သွားတာ။ ပင်ပန်းလွန်းလို့ အိမ်အကူလေးဘာလေးထားမလားတွေးမိပြန်တော့လဲ နောက်ဆက်တွဲပူစရာတွေတွေးမိပြီး မဖြစ်ပြန်။ ဒီလိုနဲ့ ညလဲရောက်ကော လူလဲ ကိုင်ရိုက်ထားသလိုပဲ ဗုန်းဗုန်းကျ။ ပြောရင်းနဲ့ ငါ ကလေးကျောင်းသွားကြိုရတော့မယ်"

"အမယ်လေး ကြားရတာနဲ့မောတယ်။ တော်ပြီ ငါလဲပြန်တော့မယ်"

ပြောပြောဆိုဆိုနဲ့ စုလှိုင်လဲ ပြန်ဖို့ပြင်ရင်း မနေနိုင်တဲ့ပါးစပ်က-

"တစ်ကိုယ်ကောင်းသမားမှန်းသိလဲ ဒီလောက်အပင်ပန်းခံနေရတာ ကွာလိုက်ပါ့လား။ ကိုယ့်ဒုက္ခကိုယ်ရှာပြီး မကွာဘဲ ဆက်ပေါင်းနေသေး။ လင်ယူတာ ကိုယ်က အမှီအခိုအားကိုးအားထားပြုချင်လို့ယူတာဟာ။ အားမှမကိုးရ ဘာလို့ဆက်ပေါင်းမှာလဲ။ ယောကျ်ားယူတာ အဲဒီယောကျ်ားကို အလုပ်အကျွေးပြုဖို့မှမဟုတ်တာ။ ပေါင်းမနေနဲ့ ကွာပြီးအပျိုပြန်လုပ်။ ကလေးတွေ သူ့ဆီပေးလိုက်"

"အမယ်လေး လေး အပျိုကြီးရေ။ ယူပြီး အဲဒီလို လွယ်လွယ်ကူကူ မကွာနိုင်တာ။ ကွာရခက်တာဆိုတာကလဲ အိမ်ထောင်သည်တွေရဲ့ ဝဋ်ကြွေးပဲဟဲ့။ အဲဒီအကြွေးကျေတဲ့ထိ ဆပ်နေကြရတာပဲ မှတ်ဟေ့။ နင့်ကိုပြောပြလဲ နားလည်မှာမဟုတ်ပါဘူး။ နင် အခုလို ဖလန်း ဖလန်း သွားချင်ရာသွားပြီး အပူမရှိ အပူရှာ ခွေးတွေ၊ ကြောင်တွေမွေးပြီး နေချင်သလိုနေ၊ စားချင်သလိုစား ဟိုတုန်းကအချိုးအတိုင်းနေခွင့်ရတယ်ဆိုတာကလဲ ကြွေးဆပ်ရမဲ့ လင်မရှိလို့ဟေ့။ ဘာပဲပြောပြော နင်လဲ လင်မရတာ ကံကောင်းတယ်မှတ်"

"အမယ် ငါကမရတာ မဟုတ်ပါဘူး မယူတာပါ"

"အေးပါအေ စကားမှားသွားလို့။ နင် လင်မယူတာ ကံကောင်းတယ်လို့ပြောတာ ကျေနပ်ပြီလား"

"စကားအပြောအဆိုဆင်ခြင်ပါ။ ငါက မယူတာ မယူတာ"

သူငယ်ချင်းကို အနိုင်ပိုင်းပြောပြီး ပြန်လာခဲ့ရပေမဲ့ အပြန်လမ်းမှာတော့ သူငယ်ချင်းရဲ့စကားတွေကြားယောင်ပြီး အပျိုတုန်းကနဲ့မတူ မနားတမ်း စက်ရုပ်တစ်ရုပ်လို အိမ်ထောင်ရှင်မ လုပ်ရတဲ့ဘဝကိုမြင်ယောင်ပြီး ခပ်ပျင်းပျင်း၊ ရုပ်ပျာရုပ်ပျာနေတတ်တဲ့ စုလှိုင်မရဲ့အတွေးထဲရောက်လာတာက ဘာပဲပြောပြော အမေပြောတဲ့စကားက တော်တော်မှန်တယ်။ အပျိုကြီးတွေဆိုတာ စားချင်ရင်ထစား၊ မစားချင်ရင်အိပ်၊ သွားချင်ရင်နောက်ကြောင်းအေးအေးသွား လင်ပူ၊ သားပူမရှိ။ ဝတ်ချင်တာဝတ်၊ လျှော်ချင်တဲ့အချိန်ထလျှော်၊ မချက်ချင် ဆိုင်ကမှာစား၊ ဒါမှမဟုတ် ကော်ဖီလေးသောက်၊ မုန့်လေးစား ဖုန်းလေးကြည့်ပြီး နှပ်နေရုံ။ ဝယ်ချင်၊ သုံးချင်၊ စားချင်တာရှိလဲ ကိုယ့်ထက်ပိုပြီး ဦးစားပေးရမဲ့သားသမီးမရှိ။ မိဘအရိပ်မှာခိုရင်း ကလေးတစ်ယောက်လို ဘယ်မင်းသားအသစ်တွေပဲပေါ်လာလာ ဘယ်သူ့မှဂရုစိုက်စရာမလိုဘဲ နှလုံးသားက နုပျိုလတ်ဆတ်ရင်တဖျတ်ဖျတ် ရင်ခုန်ခွင့်လဲရတယ်။ ကုန်ကုန်ပြောရရင် အပျိုကြီးတွေဆိုတာ လှချင်စိတ်ရှိတဲ့အချိန်မှာ မေဘရဏီရှုံးလောက်အောင် ပြင်ဆင်ခြယ်သလဲ သဝန်တိုမဲ့သူမရှိဘဲ သာယာသလို ရေမချိုးမိုးမချိုး ပေတီပေစုတ် အိပ်ရာထဲလိမ့်ပိန်ခွေခေါက်နေလဲ နားကပ်အပြစ်ပြောမဲ့သူမရှိတာကြောင့် သာယာစမြဲ။ အစကသေချာမသိပေမဲ့ သူငယ်ချင်းအိမ်ကအပြန်မှာ စုံစီနဖာအကုန်လျှောက်တွေးရင်း အပိုးမကျိုး ထောင့်မကျိုးတဲ့ စုလှိုင်အတွက်တော့ အမေပြောတာတော်တော်မှန်တယ်လို့ပဲ လက်ခံလိုက်ရတယ်။ တကယ်တော့ အပျိုကြီးဆိုတာ ကံကောင်းထောက်မစွာနဲ့ ဝဋ်ကြွေးဆပ်ရမဲ့သူမရှိဘဲ ရှားရှားပါးပါးအပျိုကြီးဖြစ်ခွင့်ရတာ။ ကိုယ့်ဘဝမှာ ကိုယ်ဘုရင်မအဖြစ်နဲ့ စိတ်တိုင်းကျနေထိုင်ခွင့်ရထားတဲ့၊ ဝဋ်ကြွေးကင်းတဲ့ မဟာ့မဟာ ကံထူးရှင်တွေပဲလို့ စုလှိုင်တွေးလိုက်မိတော့တယ်။

# သည်ဆောင်းဟေမန်

- ခြောက်ပြန်လေရူး တိုက်ခတ်မြူးလာ
  သစ်ပင်ရိပ်ဝါး လှုပ်ရှားယိမ်းနွဲ့ကာ
  ရနံ့စုံဖြာ သယ်လာဆောင်ကြဉ်း
  ဆောင်းဦးရာသီ ဝင်ရောက်ပြီ
  ဝတ်ရည်လေညင်း သင်းသည်နှင့်လေး။

- အရက်နံ့နက်ခင်း မိုးလင်းချိန်ဝယ်
  နှင်းမြူနှင်းမိုး ရွာဖြိုးသွန်းကာရယ်
  ဆောင်းခိုငှက်ငယ် သိုက်ဝယ်ခိုအောင်း
  အေးချမ်းရာသီ ချမ်းစိမ့်ပြီ
  သိုမှိဝမ်းစာ ကောင်းသည်နှင့်လေး။

- ရောင်းဝယ်လုပ်ငန်း ရွှင်လန်းဖို့ရာ
  ဈေးသူဈေးသား ထသွားဈေးခင်းကာ
  ဆောင်းကိုအန်တုရှာ ဝမ်းစာခက်ခဲ
  ချိန်ခါအမိ ပြန်ဖို့ရည်
  ငွေ့သီချွေးစက် ရွှဲသည်နှင့်လေး။

- ကန်စွန်းခဝဲ ပေါ်မြဲချိန်ခါ
  ချဉ်ပေါင်မုန်ညင်း ယာခင်းစိမ်းဝေဖြာ
  ငရုတ်မုန်လာ သီးကာငှက်ပျော
  သခွားဘူးစုံ ပဲပုံလုံ
  နှင်းရုံတောရွာမှာ ပေါသည်နှင့်လေး။

- တံငါပိုက်မျှော ကျေးတောရွာတွင်
  မြစ်ချောင်းအင်းဖျား သားငါးအစုံလင်
  ညနေစောင်းလျှင် အိမ်ဝင်ရှင်ပျ
  သမီးသားဆီးကြို စိတ်နုပျို
  ပြုံးချိုအေးချမ်း ပျော်ကြသည်နှင့်လေး။

- အကြောင်းထွေဖန်ရ ဖြေလှတော်ရှော့မည်။
  ဆောင်းဟေမန်လ နေရပျော်တော့သည်။ ။

**ဇင်မင်းစိုး(မိုလ်ကလေး)**

# မြန်အောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြန်အောင် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြန်အောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကျေးရွာကော်မတီဝင်များနှင့်အတူ သီးပင်ရိုးကျေးရွာ၊ ရွာသစ်ကျေးရွာတို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

သီးပင်ရိုးကျေးရွာ၌ အရှည်ပေ ၃၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရွာသစ်ကျေးရွာ၌ အရှည်ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ စီဖြင့် ၂၀၁၂ ခုနှစ်စက်တင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# အိမ်ရှင် အိမ်ငှား အငြင်းပွား

## စိန်လှိုင်ပိုလ်

နိုင်ငံတစ်ဝန်း မြို့ပြဒေသအသီးသီးတွင် နေထိုင်ကြသူများအနက် အချို့သည် ကိုယ်ပိုင်အိုးအိမ်ဖြင့် နေထိုင်နိုင်ကြသော်လည်း အိုးပိုင်အိမ်ပိုင်မရှိကြသူများသည် အိမ်ငှား၍နေကြရသည်။ ဒေသအလျောက် အချို့မှာ နှစ်ချုပ်အငှားဖြင့်လည်းကောင်း၊ အချို့မှာ လစဉ်ပေးအငှားဖြင့်လည်းကောင်း နေထိုင်ကြသည်။ ထိုသို့ငှားရမ်းနေထိုင်စဉ်ကာလအတွင်း ငှားရမ်းနေထိုင်သော အဆောက်အအုံသည် မီးဘေးအန္တရာယ်ကြောင့် အလုံးစုံပျက်စီးသွားရာ အိမ်ငှားဖြစ်သူက အိမ်ရှင်အား နေအိမ်ပြန်လည်တည်ဆောက်ပြီးဖြစ်၍ ဆက်လက်ငှားရမ်းရန် အရေးဆိုသောအမှုကိစ္စတစ်ခု ရှိခဲ့ဖူးသည်။ အိမ်ရှင်ကပြန်လည်မငှားရမ်းပါ။ အဆိုပါပြဿနာနှင့်စပ်လျဉ်း၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ-၅၆ တွင် မည်သို့ပြဋ္ဌာန်းထားသည်ဆိုခြင်းနှင့်ပတ်သက်၍ ပြည်သူများ ဥပဒေဗဟုသုတရရှိနိုင်ကြစေရန်အလို့ငှာ လမ်းညွှန်စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။


**အမှုဖြစ်စဉ်အကျဉ်း**

ရောဝတီတိုင်း ပုသိမ်အနောက်မြို့နယ်တရားရုံးတွင် အိမ်ပိုင်ရှင် ဒေါ်ကျင်မှုံက မိမိပိုင်အိမ်ခန်းကို အိမ်ငှားဒေါ်ကျင်ရီကို ငှားရမ်းထားရာမှ အဆောက်အအုံတစ်ခုလုံး မီးလောင်သွားခဲ့သည်။ အိမ်ပိုင်ရှင်က မီးလောင်သည့်နေရာတွင် နေအိမ်ကို အသစ်ပြန်လည်ဆောက်လုပ်ပြီးစီးသောအခါ ငှားရမ်းထားသည့်ဥပစာကို ပြန်လည်ပေးအပ်စေရန် အိမ်ငှားဒေါ်ကျင်ရီက တောင်းဆိုရာ အိမ်ရှင်က ငြင်းဆိုသဖြင့် တရားစွဲဆိုခဲ့ပါသည်။

မြို့နယ်တရားရုံးက ပဏာမငြင်းချက် လေးရပ်ထုတ်နုတ်၍ အိမ်ငှား ဒေါ်ကျင်ရီအား အနိုင်ပေးတာဆုံးဖြတ်ခဲ့သည်။ အိမ်ပိုင်ရှင် ဒေါ်ကျင်မှုံက မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် (ထိုစဉ်ကာလအတွင်း ခရိုင်ရုံးမရှိသေးပါ) ရောဝတီတိုင်းတရားရုံးသို့ ပြင်ဆင်မှုလျှောက်ထားရာ တိုင်းတရားရုံးက ပထမငြင်းချက်နှင့်စပ်လျဉ်း၍ မြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြုပြီး ကျန်ငြင်းချက် သုံးရပ်ကို သက်သေခံချက်များ မှတ်တမ်းတင်ပြီးမှ ဆုံးဖြတ်ပေးရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ အိမ်ပိုင်ရှင် ဒေါ်ကျင်မှုံက တိုင်းတရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့သည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဒေါ်ကျင်မှုံသည် ပုသိမ်မြို့ ကုန်သည်လမ်းအမှတ်-၃၂ (က)နှင့် (ခ) အဆောက်အအုံပိုင်ရှင်ဖြစ်၍ အမှတ်-၃၂ (ခ) ပေါက်သောအိမ်ခန်းများကို တစ်ချိန်က ဒေါ်ကျင်ရီအား ငှားရမ်းခဲ့သည်။ ၎င်းအဆောက်အအုံတစ်ခုလုံးမှာ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် မီးလောင်ခံရသဖြင့် လုံးဝပျက်စီးသွားသည်။ အိမ်ပိုင်ရှင် ဒေါ်ကျင်မှုံက မီးသင့်သောနေရာဟောင်းတွင် အိမ်သစ်ဆောက်လုပ်ပြီးစီးသောအခါ ယခင်အိမ်ငှား ဒေါ်ကျင်ရီက မူလငှားရမ်းခဲ့သည့်အတိုင်း အိမ်ခန်းများကို ပြန်လည်ငှားရမ်းရန် အရေးဆိုခဲ့သည်။ အိမ်ပိုင်ရှင် ဒေါ်ကျင်မှုံက ငြင်းဆန်သဖြင့် ဥပစာ



ငှားရမ်းခြင်းကို ပြန်လည်ပေးအပ်စေရန် တရားစွဲဆိုခဲ့သည်။ ထိုအခါတွင် ဒေါ်ကျင်မှုံက မိမိနှင့် ဒေါ်ကျင်ရီတို့ကြားရှိ အိမ်ရှင်အိမ်ငှားဆက်သွယ်မှုမှာ ငှားရမ်းခဲ့သည့် အဆောက်အအုံမီးလောင်သော ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က ရပ်စဲသွားကြောင်း ထုချေသဖြင့် မြို့နယ်တရားရုံးသည် အောက်ပါပဏာမငြင်းချက်ကို ထုတ်နုတ်ကြားနာခဲ့သည်ကို တရားရုံးချုပ်က စိစစ်ခဲ့သည်။

**"၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် အဆောက်အအုံများ မီးလောင်ခြင်းခံရပြီးဖြစ်သော်လည်း တရားပြိုင်နှင့် တရားလိုတို့သည် အရှင်းဖြစ်ဥပစာအတွက် တရားဥပဒေအရ အိမ်ရှင် အိမ်ငှားအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပါသလား"**

ဤအမှုတွင် အငြင်းမပွားသည့်အချက်မှာ အိမ်ရှင်နှင့် အိမ်ငှားတို့ကြား ငှားရမ်းခဲ့သည့် အိမ်ခန်းများမှာ ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က မီးသင့်လောင်ခဲ့၍ လုံးဝပျက်စီးခဲ့သည်။ ဤအခြေအနေတွင် **မူလကနဦးက ငှားရမ်းထားသည့် အိမ်ခန်းများ မရှိတော့သည့်အလျောက် အိမ်ငှားအနေဖြင့် ကွယ်ပျောက်ပျက်စီးသွားပြီးဖြစ်သော ၎င်းအိမ်ခန်းများကို ပေးအပ်ရန် မရှုမဖြစ်နိုင်သည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်ဟု ဆိုရမည်ဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။** သို့ဖြစ်၍ အိမ်ရှင်နှင့် အိမ်ငှားတို့ပြုလုပ်ခဲ့ကြသည့် အိမ်ငှားရမ်းခြင်းဆိုင်ရာ ပဋိညာဉ်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ-၅၆ အရ ပျက်ပြယ်သွားသည်ဟု ကောက်ယူသင့်ကြောင်း တရားရုံးချုပ်က ထပ်မံ၍စိစစ်သုံးသပ်ခဲ့သည်။

အိမ်ငှား၏အကျိုးဆောင်က အိမ်ငှားရမ်းခြင်းကို ဖျက်သိမ်းခြင်းမပြုရသေး၍ ငှားရမ်းခြင်းမှာ ပစ္စည်းလွှဲပြောင်းရေးဥပဒေပုဒ်မ-၁၀၈( င)ပါ ပြဋ္ဌာန်းချက်များအရ အတည်ဖြစ်နေသေးကြောင်း လျှောက်လဲခဲ့သည်။ ၎င်းလျှောက်လဲချက်နှင့်ပတ်သက်၍ တရားရုံးချုပ်က **၎င်းပုဒ်မ-၁၀၈(င) တွင် ငှားရမ်းသည့်ပစ္စည်း၏ အဓိကအစိတ်အပိုင်းမှာ မီးဘေး၊ ရေဘေး၊ လေဘေး အစရှိသော ဘေးအန္တရာယ်တစ်ရပ်ရပ်ကျရောက်သောကြောင့် လုံးဝပျက်စီးသွားလျှင်ဖြစ်စေ၊ သို့မဟုတ် ငှားရမ်းသည့် ရည်ရွယ်ချက်အတိုင်း အသုံးပြုမရသည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်ဖြစ်စေ ငှားရမ်းမှုကို ငှားရမ်းသူက ပယ်ဖျက်နိုင်ကြောင်း ပြဆိုထားသည်ကို တရားရုံးချုပ်က ဖော်ထုတ်ညွှန်ပြခဲ့သည်။**

ဤအမှုတွင် ငှားရမ်းထားသည့် အိမ်ခန်း၏ အဓိကအစိတ်အပိုင်းမျှမက အိမ်တစ်ခုလုံး မီးလောင်ကျွမ်းပျက်စီးကွယ်ပျောက်သွားပြီဖြစ်သဖြင့် ဤအမှုကို ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ-၁၀၈ (င) တွင် အကျုံးဝင်သည်ဟု ယူဆရန်မသင့်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

ထို့ပြင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့သည် နောက်ထပ်ပြန်လည်တည်ဆောက်ထားသည့် အဆောက်အအုံသစ်နှင့်စပ်လျဉ်း၍ အိမ်ရှင် အိမ်ငှား ဆက်သွယ်မှုမရှိချေ။ သို့ဖြစ်၍ လျှောက်ထားခံရသူ အိမ်ငှားသည် ၎င်းအဆောက်အအုံကို ၎င်းအား ငှားရမ်းရန်အတွက် အရေးဆိုခွင့်တစ်စုံတစ်ရာမရှိပေ။ ထို့ကြောင့် ပြင်ဆင်မှုကို ခွင့်ပြု၍ မူလအိမ်ငှား ဒေါ်ကျင်ရီစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပယ်ခဲ့သည်။

ပြည်သူများအနေဖြင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ-၅၆ တွင် ပြဋ္ဌာန်းထားသည့်အချက်များကိုလည်းကောင်း၊ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ-၁၀၈ (င)တွင် ပြဋ္ဌာန်းထားသည့်အချက်များကိုလည်းကောင်း အထက်ပါလမ်းညွှန်စီရင်ထုံးအရ သိရှိနိုင်ကြပြီဖြစ်သည်။ ထိုသို့ သိရှိနိုင်ကြခြင်းဖြင့် တရားရုံးတရားခွင်အဆင့်ဆင့်တွင် အချိန်ကုန်၊ ငွေကုန်၊ လူပန်းခြင်း ဒုက္ခများခံစား၍ အမှုအခင်းများဖြစ်ပွားပေါ်ပေါက်ရန် အကြောင်းမရှိတော့ပါ။

စာရေးသူသည် ဥပဒေပညာရပ်နှင့်ပတ်သက်၍ မသိနားမလည်သော ပြည်သူများအတွက်နှင့် သိနားလည်ပြီးဖြစ်ကြသော တရားစီရင်ရေးတာဝန်ထမ်းဆောင်နေကြသော တရားရေးဝန်ထမ်းတချို့အတွက်ပါ အထောက်အကူပြုစေရန် လမ်းညွှန်စီရင်ထုံးများကို ရှာဖွေ၍ ဆောင်းပါးများ ရေးသားလျက်ရှိသည်။

မိမိတို့အချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့်ပင် ပြေငြိမ်းပြီးပြတ်သွားမည်ဖြစ်သည်။ မပြေငြိမ်း မပြီးပြတ်၍ တရားခွင်သို့ ရောက်ရှိလာခဲ့ပါလျှင်လည်း မူလရုံးအဆင့်မှာပင် ဤစီရင်ထုံးက ညွှန်ပြသော ဥပဒေအချက်အလက်များအရ ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်နိုင်ကြမည်ဖြစ်သည်။

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့က စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော ဒေါ်ကျင်မှုံနှင့် ဒေါ်ကျင်ရီ ၁၉၇၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၁၄၃ ကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

# မချမ်းဘောမြို့နယ် ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မချမ်းဘော ဇန်နဝါရီ ၂၄**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာ၌ ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၃၅ ဒသမ ၄၄ သန်းဖြင့် ထူးထက်အောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ဆင်လွမ်ဒမ်း(၂) ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၂၀၀၊ ကျေးရွာပြည်သူလူထုပူးပေါင်းဆောင်ရွက်သည့် ဆင်လွမ်ဒမ်း(၁) ကျေးရွာနှင့် ရှိန်ကိုင်ယာန်ကျေးရွာတို့၌ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြီးစီးသွားပါက သက်ဆိုင်ရာကျေးရွာနေပြည်သူလူထုအတွက် သွားလာရေးအပြင် လူမှုရေး၊ စီးပွားရေးကဏ္ဍများအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကျွန်းလှ ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာ ၅၂၀ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၂၅ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဧက ၅၀၀ ကျော် စိုက်ဖို့လျာထားတာ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပြီးနေပြီ။ ဆောင်းမှာ နေကြာစိုက်ပျိုးမှု လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်တယ်။ နေကြာကို သီးထပ်၊ သီးညှပ် စိုက်ပျိုးကြတာ ဖြစ်ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များ မှန်ကန်စွာစိုက်ပျိုးခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြပွဲများ ကျင်းပခြင်း၊ ယူရီးယားဓာတ်မြေဩဇာ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးခြင်းနှင့် ပိုးမွှားကျရောက်မှုမရှိစေရန် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကျွန်းစုမြို့နယ် ထိန်ချောင်းကျေးရွာ၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်

**ကျွန်းစု ဇန်နဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီက ကျွန်းစုမြို့နယ် ကတ္တလူးကျေးရွာအုပ်စု ထိန်ချောင်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျွန်းစုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက သင်တန်းသူများအား သင်ကြားပေးမည့် ဘာသာရပ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နှင်းသက်သက်ဝေက ကျေးလက်ဒေသများတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများဖွင့်လှစ်ပေးရခြင်း၏



ရည်ရွယ်ချက်နှင့် ကျေးရွာများတွင် ဌာနက ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွန်းစုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်း၊ မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သူသူစံ၊ ကျွန်းစုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နှင်းသက်သက်ဝေနှင့်တာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ထိန်ချောင်း၊ လိပ်ကြယ်ကျေးရွာတို့မှ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သူသူစံနှင့်သင်တန်းနည်းပြများက လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း ၁၆ မျိုးကို ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်ထိ စာတွေ့၊ လက်တွေ့အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ပုသိမ်မြို့ကုန်စိမ်းဈေးသို့ ဒေသအသီးသီးမှ ကုန်စိမ်းသီးနှံများ လှိုင်လှိုင်ဝင်ရောက်ခြင်းကြောင့် ဈေးနှုန်းကျဆင်း

**ပုသိမ် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကုန်စိမ်းဈေးသို့ ဇန်နဝါရီလအတွင်း ဒေသအသီးသီးမှ ကုန်စိမ်းများ လှိုင်လှိုင်ဝင်ရောက်ခြင်းကြောင့် ဈေးနှုန်းကျဆင်းလာကြောင်း ပုသိမ်မြို့ ကုန်စိမ်းဈေးမှ ကုန်စိမ်းပွဲရုံ လုပ်ငန်းရှင်များက ပြောပြ၍ သိရသည်။

ပုသိမ်မြို့ ကုန်စိမ်းဈေးသို့ ဒေသအသီးသီးမှ လှိုင်လှိုင်ထွက်ရှိလာသည့် ကုန်စိမ်းသီးနှံများ တစ်ရက်လျှင် ကားငါးစီးမှ ၁၅ စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ပုသိမ်မြို့ ကုန်စိမ်းဈေးတွင် ပြီးခဲ့သည့်လများက ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၊ ဂေါ်ဖီတစ်ထုပ်လျှင် ငွေကျပ် ၁၆၀၀၊ ပန်းမုန်လာ တစ်ပွင့်လျှင် ငွေကျပ် ၈၀၀၊ ခရမ်းသီးရှည် တစ်လုံးလျှင် ငွေကျပ် ၁၀၀၊ ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊ နံနံပင်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ စသည့်ဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး လက်ရှိ ခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၊ ဂေါ်ဖီတစ်ထုပ်လျှင် ငွေကျပ် ၈၀၀၊ ပန်းမုန်လာတစ်ပွင့်လျှင် ငွေကျပ် ၄၀၀၊ ခရမ်းသီးရှည် တစ်လုံးလျှင် ငွေ ၄၅ ကျပ်၊ ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀၊ နံနံပင်တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ စသည့်ဈေးနှုန်းများကျဆင်းသဖြင့် စားသုံးသူများ အဆင်ပြေလျက်ရှိကြောင်း ပုသိမ်မြို့ ကုန်စိမ်းဈေးမှ ကုန်စိမ်းပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

"ပုသိမ်မြို့ ကုန်စိမ်းဈေးမှာ ဇန်နဝါရီလထဲ ကုန်စိမ်းသီးနှံတွေအားလုံး ဈေးကျနေပါတယ်။ လက်ရှိ နေရာဒေသအသီးသီးက သီးနှံတွေ ပုသိမ်မြို့ ကုန်စိမ်းဈေးကွက်ကို လှိုင်လှိုင်ဝင်ရောက်လာလို့ ဈေးနှုန်းကျဆင်းသွားတာပါ။ ကုန်စိမ်းသီးနှံတွေအားလုံး အခုလို ဈေးကျတော့ စားသုံးသူတွေ အဆင်ပြေပါတယ်"ဟု ပုသိမ်မြို့ ကုန်စိမ်းဈေးမှ ကုန်စိမ်းပွဲရုံလုပ်ငန်းရှင် ဒေါ်ဌေးဌေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ရွှေတောကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ရွှေတောကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်နှင့်ခရိုင်၊ မြို့နယ်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရွှေတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ရွှေတောကျေးရွာ၌ အလျားပေ ၄၀၊ အကျယ်ပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သန်း စုစုပေါင်းငွေကျပ် သန်း ၂၀ တို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်ရိုး**

# စလင်းမြို့နယ် အင်ကြင်းပင်လှ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဇန်နဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်သည့် အင်ကြင်းပင်လှကျေးရွာအုပ်စု အင်ကြင်းပင်လှ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ချေးငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်ကြင်းပင်လှ(န)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ချေးငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ မှာကြားခဲ့ကြောင်း သိရသည်။

အင်ကြင်းပင်လှ(န) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ယခု ပထမနှစ်စက်ဝန်းတွင် စီမံကိန်းမှ ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၂၀၀ ဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးတောင်သူ ဦးရေ ၆၀ ၏ စိုက်ပျိုးမြေ ၁၅၆ ဧကတို့တွင် စတင်စိုက်ပျိုးလျက်ရှိပြီး စားသုံးဆီ လုံလောက်စွာ ရရှိနိုင်ရေးအတွက် လိုအပ်သော ငွေကြေးနှင့်ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းရိုး**

ပလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# လူမှုဘဝအပေါ် သက်ရောက်မှုရှိသော မိုးခေါင်ရေရှားမှု

မေဇင်ထွန်း

မိုးခေါင်ခြင်းက လူသားတို့၏ဘဝကို များစွာ အကျိုးသက်ရောက်မှုများရှိသည်ကို တွေ့ရှိရသည်။ မိုးခေါင်သောအခါ ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို ပုံစံအမျိုးမျိုးဖြင့် ထိခိုက်စေနိုင်ပါသည်။ လူသားတို့၏ ပတ်ဝန်းကျင်အသိုင်းအဝိုင်းရှိ အရာအားလုံးသည် ချိတ်ဆက်နေသကဲ့သို့ ပတ်ဝန်းကျင်ရှိ အရာအားလုံးသည် ချိတ်ဆက်နေကြသည်။ မိုးခေါင်ခြင်းကို ဖြစ်စေသည့် မတူညီသောနည်းလမ်းတစ်ခုစီကို မိုးခေါင်ခြင်းကိုဖြစ်စေသော သက်ရောက်မှုများဟု ခေါ်သည်။ ရေသည် လူသားတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများစွာ ဆောင်ရွက်ရာတွင် မပါမဖြစ် အရေးပါသည့် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ ထို့ကြောင့် မိုးခေါင်ခြင်းသည် ကျွန်ုပ်တို့၏ ဘဝကို ပုံစံအမျိုးမျိုးဖြင့် သက်ရောက်မှုရှိသည်။

သက်ရှိတိုင်းသည် အသက်ရှင်သန်ရန်အတွက် ရေကိုလိုအပ်သည်။ သက်ရှိများတွင် တိရစ္ဆာန်များနှင့် အပင်များလည်း အပါအဝင်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့စားသုံးနေသော အစားအစာများ ကြီးထွားဖြစ်ထွန်းရန်အတွက် ရေကိုလိုအပ်သည်။ ထို့ပြင် လူသားတို့၏တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် နေ့စဉ်အိမ်မှုကိစ္စလုပ်ငန်းများဖြစ်သည့် ပန်းကန်ဆေးခြင်း၊ ချက်ပြုတ်ခြင်း၊ ရေချိုးခြင်း၊ ရေကူးခြင်း သို့မဟုတ် မြစ်ဖောင်မျှောခြင်းကဲ့သို့သော နေ့စဉ်ဘဝ၏မတူညီသည့် ကိစ္စရပ်များစွာအတွက် ရေကိုအသုံးပြုကြသည်။ ထို့ပြင် နေ့စဉ်လိုအပ်ချက်များထဲမှတစ်ခုဖြစ်သော လျှပ်စစ်မီးများရရှိရန် ဆောင်ရွက်ရာတွင် ရေကိုအသုံးပြုပြီး ရေအားလျှပ်စစ်ကို ထုတ်ယူကြသည်။ ထိုသို့ လူနေမှုဘဝအတွက် အလွန်အရေးပါအရာရောက်သော ရေသည် မိုးခေါင်မှုကြောင့်ရှားပါးလာသောအခါ အထက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေအလုံအလောက်မရှိဖြစ်လာသည်။ ထိုအခါ လူသားများသည် မိုးခေါင်ခြင်းကြောင့် ထိခိုက်ဆုံးရှုံးပျက်စီးကာ ထိခိုက်ခံစားရပေမည်ဖြစ်သည်။ ထိုသို့သော မိုးခေါင်ခြင်းတွင် အမျိုးအစားများစွာရှိသည်။ ၎င်းတို့မှာ-

**ရာသီဥတုမိုးလေဝသမိုးခေါင်ခြင်း**– ထိုမိုးခေါင်ခြင်းသည် ခြောက်သွေ့သောရာသီဥတုကြောင့် မိုးခေါင်ခြင်းဖြစ်ပြီး ၎င်းအနီးပတ်ဝန်းကျင်တွင် ခြောက်သွေ့ကာ ဧရိယာတစ်ခုလုံးကို ခြောက်သွေ့ခြင်းက လွှမ်းမိုးထားသည်။

**ရေစလာဗေဒမိုးခေါင်ခြင်း**– မြေပေါ်မြေအောက်ရှိ မည်သည့်နေရာများတွင်မဆို ရေရှိသည်ကိုလေ့လာ၍ ရေကိုတူးဖော်အသုံးပြုလာကြသည့် နည်းပညာများဖြင့် ရေပေးဝေခြင်းစနစ်များကြောင့် ရေများရှားလာကာ မိုးရွာသွန်းမှုနည်းလာပြီး မြေပေါ်မြေအောက်ရေများလည်း ခန်းခြောက်လာသည်။

**စိုက်ပျိုးရေးမိုးခေါင်ခြင်း**– စားသုံးမှုမြင့်တက်လာသောအခါ စိုက်ပျိုးရေးများ ပိုမိုပြုလုပ်လာသည့်အတွက် ရေကိုပိုမိုလိုအပ်လာသည်။ ဆည်များ၊ တာတမံများ ပြုလုပ်ကာ စိုက်ပျိုးမှုများသည် ရေစက်ဝန်းကို ထိခိုက်လာပြီး မိုးခေါင်လာသည်။ ထိုသို့မိုးခေါင်မှုကြောင့် သဘာဝအတိုင်းရရှိသောရေများ မရတော့သည့်အခါ သီးနှံကြီးထွားမှုနှင့် ဖြစ်ထွန်းမှုပိုင်းတွင် ထိခိုက်မှုများရှိလာသည်။

**လူမှုစီးပွားရေးမိုးခေါင်ခြင်း**– နည်းပညာများဖွံ့ဖြိုးတိုးတက်လာသောအခါ လူသားတို့၏ လူနေမှုအဆင့်အတန်းသည်လည်းမြင့်လာသည်။ ထိုအခါ ရေပိုက်များ ဖွင့်လိုက်သည်နှင့် ရေလာအောင်ပြုလုပ်လာခြင်း၊ ပူသောအချိန်တွင် အေးအောင် လေအေးပေးစက်၊ ရေခဲသေတ္တာများအသုံးပြုလာခြင်း စသည်တို့ကြောင့် ၎င်းတို့မှ ဖန်လုံအိမ်ဓာတ်ငွေ့များ ထွက်ရှိလာပြီး မိုးခေါင်ခြင်းကို သွယ်ဝိုက်သောနည်းလမ်းများဖြင့် ဖြစ်စေပါသည်။

**စီးပွားရေးမိုးခေါင်ခြင်း**– လူဦးရေများပြားလာသောအခါ အစားအသောက်များ ပိုမိုလိုအပ်လာသည်။ ထို့အတွက် အပင်များပိုမိုစိုက်ပျိုးလာကြသည်။ ထိုသို့ ပိုမိုစိုက်ပျိုးရန် မြေနေရာများ လိုအပ်ခြင်းကြောင့် သစ်တောများခုတ်ထွင်ခြင်း၊ မြေယာရှင်းလင်းခြင်းများ ပြုလုပ်သောကြောင့် မိုးခေါင်လာသည်။

လူသားများကို ဒုက္ခပေးသည့် မိုးခေါင်ရေရှားမှုများကိုဖြစ်စေသောအကြောင်းတရားများရှိသည်။ မိုးခေါင်ခြင်းအကြောင်းတရားများမှာ-

- သဘာဝအကြောင်းတရားများကြောင့် မိုးခေါင်ခြင်း
- ပြောင်းလဲလာသော အစွန်းရောက် ရာသီဥတုများ
- များပြားလွန်းလှသော ရေလိုအပ်မှုများ
- သစ်တောပြုန်းတီးခြင်းနှင့် မြေဆီလွှာပျက်စီးခြင်းများ
- ကမ္ဘာကြီးပူနွေးလာခြင်း
- ရာသီဥတုပြောင်းလဲခြင်း
- သမုဒ္ဒရာနှင့် မြေပြင်အပူချိန် အတက်အကျများ စသည်တို့သည် မိုးခေါင်မှုကိုဖြစ်စေသော အကြောင်းတရားများပင်ဖြစ်သည်။



**ဒိုမီနိုသက်ရောက်မှုရှိသောမိုးခေါင်မှု**

ဒိုမီနိုအချပ်များ (ဒိုးဇက်များ) ဖြင့် မိုးခေါင်မှုကို ယှဉ်တွဲစဉ်းစားကြည့်ကြမည်ဆိုပါက ကြမ်းပြင်တစ်ခုပေါ်တွင် ဒိုးဇက်များကို အတန်းလိုက်စီပြီး ဒေါင်လိုက်ထောင်ထားလိုက်ပါ။ ထို့နောက် ပထမဒိုးဇက်ကို လက်ဖြင့်တောက်ကာ လဲစေလိုက်သည်နှင့် ဒုတိယဒိုးဇက်သည် သူ့အလိုလိုပြုတ်ကျပြီး လဲသွားမည်။ ထို့နောက် တတိယဒိုးဇက်၊ စတုတ္ထဒိုးဇက် တစ်ခုပြီးတစ်ခုမှ အားလုံးလဲသွားမည်ဖြစ်သည်။ အကယ်၍ အဆိုပါဒိုးဇက်များသည် မိုးခေါင်ရေရှားမှုသက်ရောက်မှုများဖြစ်ခဲ့ပါက ပထမဦးစွာတောက်လိုက်သော ပထမဆုံးဒိုးဇက်သည် လယ်သမားများ၏ ပြောင်းသီးနှံများ သေဆုံးခြင်းပင်ဖြစ်နိုင်သည်။ ဒုတိယမှာ ပြောင်းသီးနှံများသေဆုံးသွားသဖြင့် ပျက်စီးဆုံးရှုံးသွားသည့် လယ်သမားများသည် ပိုက်ဆံမရှိခြင်းကြောင့် မြို့တွင်း အရောင်းကိုယ်စားလှယ်ထံမှ ပျိုးပင်များ၊ လယ်ယာသုံးပစ္စည်းများ မဝယ်နိုင်ဖြစ်မည်ဖြစ်သည်။ ထို့နောက် အရောင်းကိုယ်စားလှယ်သည် တတိယမြောက် ဒိုးဇက်ဖြစ်လာမည့် လယ်ယာစိုက်တောင်သူများဆီမှ ရောင်း၍ရမည့်ငွေကို ဆုံးရှုံးသွားသဖြင့် အရောင်းဆိုင်သည် အမြတ်အစွန်းရရှိတော့မည်မဟုတ်ချေ။ ထိုသို့လယ်သမားများ ပိုက်ဆံမရှိ၍ ဝယ်ယူမှုများမရှိပါက လယ်ယာသုံးပစ္စည်းအရောင်းဆိုင်များသည် ၎င်းတို့အလုပ်များတွင် လူများစွာကို အလုပ်ခန့်နိုင်မည်မဟုတ်သဖြင့် ပတ်ဝန်းကျင်ရှိသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရမည်။ ထို့ပြင် အရောင်းအဝယ်လုံးဝမရှိပါက အမြတ်အစွန်းမရသော ၎င်းအရောင်းဆိုင်များသည် ပိတ်ပစ်ရပေမည်။

ထို့ကြောင့် သေးငယ်သော ဒိုမီနိုသက်ရောက်မှုများသည် လူ့အသိုင်းအဝိုင်းအတွင်း သက်ရောက်မှုများစွာကို ဖြစ်စေပါသည်။ လယ်သမားများ၏ ကောက်ပဲသီးနှံများ သေဆုံးခြင်းသည် မိုးခေါင်ခြင်း၏ တိုက်ရိုက်သက်ရောက်မှုဖြစ်သည်။

စီးပွားရေးအရထိခိုက်မှုများကို ဆိုရမည်ဆိုလျှင် ငွေကြေးဆုံးရှုံးမှုများ ငွေကုန်ကြေးကျမှုများသည် မိုးခေါင်မှု၏ သက်ရောက်မှုများဖြစ်သည်။ ဥပမာ တချို့ပြရမည်ဆိုလျှင် မိုးခေါင်လျှင် လယ်သမားများသည် ၎င်းတို့၏ ကောက်ပဲသီးနှံများ ပျက်စီးပါက ငွေဆုံးရှုံးနိုင်သည်။ လယ်သမားတစ်ဦးချင်းစီကို ပေးဝေသောရေပေးဝေမှု နည်းလွန်းပါက လယ်သမားသည် ဆည်မြောင်း သို့မဟုတ် ရေတွင်းအသစ်များ တူးဖော်ရန် ငွေပိုမိုသုံးစွဲရပေမည်။ မွေးမြူရေးသမားများသည် ၎င်းတို့မွေးမြူထားသော တိရစ္ဆာန်များအတွက် အစာနှင့်ရေရရှိရန် ငွေကြေးပိုမိုသုံးစွဲရပေမည်။ လယ်ထွန်စက်များနှင့် အစားအစာထုတ်လုပ်သည့်ကုမ္ပဏီများကဲ့သို့ လယ်ယာလုပ်ငန်းအပေါ် မှီခိုနေသော စီးပွားရေးလုပ်ငန်းများသည် မိုးခေါင်မှုကြောင့် ကောက်ပဲသီးနှံများ သို့မဟုတ် တိရစ္ဆာန်များ ပျက်စီးသည့်အခါ လုပ်ငန်းဆုံးရှုံးနိုင်သည်။ မိုးခေါင်ခြင်းသည် တောမီးလောင်ကျွမ်းမှုကို အားပေးသကဲ့သို့ ဖြစ်စေသည်။ တောမီးကြောင့် သစ်ပင်၊ သစ်တောများ ပျက်စီးသည့်အခါ သစ်လုံးများ ပျက်စီးဆုံးရှုံးသွားကြပြီး သစ်လုပ်ငန်းလုပ်ကိုင်ကြသူများတွင် ဆုံးရှုံးထိခိုက်မှုများကို ဖြစ်စေနိုင်သည်။

မိုးခေါင်ရေရှားမှုကြောင့် ရေကန်များနှင့် အခြားရေအရင်းအမြစ်များ ခန်းခြောက်သွားသဖြင့် လှေများနှင့် ငါးဖမ်းကိရိယာများ ရောင်းချသည့် လုပ်ငန်းများသည် ၎င်းတို့၏ကုန်ပစ္စည်းတချို့ကို ရောင်းချနိုင်မည်မဟုတ်ပေ။ ရေအားလျှပ်စစ်ကို အားကိုးနေရသော ဖန်တီးထားသည့် လျှပ်စစ်ဓာတ်အားသည် မိုးခေါင်ရေရှားမှုကြောင့် အလွန်အကျွံခြောက်သွေ့လာပါက အခြားသော လောင်စာအရင်းအမြစ်များအတွက် ငွေကြေးပိုမိုသုံးစွဲရပေမည်။ ပါဝါလျှပ်စစ်ကုမ္ပဏီများ၏ အသုံးပြုသူ ဖောက်သည်များသည်လည်း အခွန်မီတာခများ ပိုမိုပေးဆောင်ရမည်ဖြစ်သည်။ ရေကို အဓိကထားထုတ်လုပ်ကြသော သောက်ရေသန့်၊ အချိုရည် စသည့်ကုမ္ပဏီများသည် အသစ် သို့မဟုတ် ထပ်လောင်းရေပေးဝေမှုများအတွက် ငွေသုံးစွဲရပေမည်။ သင်္ဘောများသည် ချောင်းများ၊ မြစ်များနှင့် တူးမြောင်းများ၌ ရေခန်းခြောက်သောအခါတွင် သွားလာရအခက်အခဲများ ရှိနိုင်သည်။ ထိုအခါ ကုန်စည်နှင့် ပစ္စည်းများ လက်ခံခြင်း သို့မဟုတ် ပေးပို့ခြင်းအတွက် ရေလမ်းသယ်ယူပို့ဆောင်ရေးအပေါ် မူတည်သော စီးပွားရေးလုပ်ငန်းများကိုလည်း ထိခိုက်စေနိုင်သည်။

**သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု**

မိုးခေါင်ခြင်းကလည်း ပတ်ဝန်းကျင်ကို ပုံစံအမျိုးမျိုးဖြင့် ထိခိုက်စေသည်။ အပင်များနှင့် တိရစ္ဆာန်များသည် လူကဲ့သို့ပင် ရေချိုအပေါ်တွင် အဓိကမှီခိုနေကြရသည်။ မိုးခေါင်သည့်အခါတွင် အပင်များ၏ စားနပ်ရိက္ခာပံ့ပိုးမှုဖြစ်သော ရေ၏ ပံ့ပိုးမှုလျော့နည်းလာပြီး ၎င်းတို့၏ပေါက်ရောက်နေထိုင်ရာနေရာများ ပျက်စီးသွားနိုင်သည်။ မိုးခေါင်ရေရှားမှု၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုသည် အချိန်ကြာမြင့်လာပါက-

- ငါးနှင့် တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ရာနေရာများ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း။
- တောရိုင်းတိရစ္ဆာန်များအတွက် အစာနှင့်သောက်သုံးရေ ချို့တဲ့ခြင်း။
- အစာနှင့်ရေထောက်ပံ့မှု လျော့နည်းခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များတွင် ရောဂါတိုးလာခြင်း။
- တောရိုင်းတိရစ္ဆာန်များ စာကျက်မြေများ ရွှေ့ပြောင်းခြင်း။
- မျိုးသုဉ်းလုနီးပါမျိုးစိတ်များ တိုးလာကာ အချို့မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်သွားခြင်း။
- ရေလှောင်ကန်များနှင့် သဘာဝရေကန်များရှိ ရေပမာဏများ လျော့နည်းလာခြင်း။
- ရေတိမ်ဒေသများ ရေခန်းခြောက်ကာ ဆုံးရှုံးခြင်း။
- တောမီးလောင်ကျွမ်းမှုများ တိုးလာခြင်း။
- ရေရှားသဖြင့် မြေဆီလွှာများခြောက်သွေ့ကာ လေတိုက်သောအခါ မြေဆီလွှာတိုက်စားခံရခြင်း။
- မြေဆီလွှာအရည်အသွေး ညံ့လာခြင်း စသည်တို့ဖြစ်လာသည်။

**လူမှုရေးထိခိုက်မှုများ**

မိုးခေါင်ခြင်း၏ လူမှုရေးဆိုင်ရာ သက်ရောက်မှုများသည် လူတို့၏ ကျန်းမာရေးနှင့် ဘေးကင်းရေးကို ထိခိုက်စေသည်ကို တွေ့ရသည်။ လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများတွင် အများပြည်သူဘေးကင်းရေး၊ ကျန်းမာရေး၊ သွားလာရန် ရေအလုံအလောက်မရှိသည့်အခါ လူနေမှုပုံစံ ပြောင်းလဲမှု၌ အခက်အခဲများနှင့် တွေ့ကြုံလာကြရသည်။ လူမှုရေးဆိုင်ရာသက်ရောက်မှုများတွင်-

- မိုးခေါင်မှုကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးဆုံးရှုံးမှုများအတွက် စိုးရိမ်ပူပန်မှု သို့မဟုတ် စိတ်ဓာတ်ကျခြင်း။
- ရေစီးဆင်းမှုနည်းခြင်းနှင့် ရေအရည်အသွေးညံ့ခြင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ အဖြစ်များလာခြင်း။
- ဖုန်မှုန့်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာခြင်း။
- ရေရှားပါးမှုကြောင့်လူ့အသက်များ ဆုံးရှုံးရခြင်း။
- တောမီးလောင်မှု အရေအတွက် တိုးလာခြင်းကြောင့် သစ်တောအနီးနေထိုင်သူများ၏ ဘေးကင်းရေးကို ခြိမ်းခြောက်လာခြင်း။
- ဝင်ငွေများ လျော့ကျခြင်း။
- လူများ စီးပွားရေးကောင်းသော ဒေသများသို့ ရွှေ့ပြောင်းနေထိုင်လာကြခြင်း။
- အပန်းဖြေအလည်အပတ်သွားမှုများ နည်းပါးလာခြင်း စသည်တို့ဖြစ်လာနိုင်သဖြင့် မိုးခေါင်ခြင်းသည် လူသားတို့၏ လူမှုဘဝများပေါ်တွင် သက်ရောက်မှုများစွာရှိကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- How Does Drought Affect Our Lives?






ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

# စိတ်နှလုံးအေးချမ်းပါစေ ထုတ်ဝေဖြန့်ချိ




ကောင်းဆုသာစာပေက ဒုတိယအကြိမ်ထုတ်ဝေသော အရှင်ဝရဇိနုဗ္ဗိ (ဓမ္မခရီးဖော်)၏ စိတ်နှလုံးအေးချမ်းပါစေ စာအုပ်ထွက်ရှိလာသည်။


ယခုစာအုပ်တွင် မိတ်ဆက်အမှာစကားပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ဤစာအုပ်၌ ရေးသားထားသော အကြောင်းအရာများသည် မိမိ၏ အတွေးအခေါ်သက်သက်မဟုတ်ပါ။ မြတ်ဗုဒ္ဓ၏ ဓမ္မများကို လေ့လာမှတ်သားခြင်းကြောင့် ဖြစ်ပေါ်လာသည့်အတွေးစများသာဖြစ်ပါသည်။ စာရှုသူဓမ္မမိတ်ဆွေများအတွက် စိတ်ချမ်းသာစေမည့် ခွန်အားအထောက်အပံ့ တစ်စုံတစ်ခု ဖြစ်သွားနိုင်သည်ဆိုလျှင်ပဲ ရေးသားရတာ ကျေနပ်လှပါပြီ စသည်ဖြင့် ဖော်ပြထားသည်။

ယခုစာအုပ်တွင် ရည်ရွယ်ချက်မြင့်မြင့်ထားပါ မှ အရေးပါမှုအရေးမပါမှုအထိ ဓမ္မစာစု ၅၁ ပုဒ်ပါဝင်ပြီး ဘဝမှတ်တမ်းမှ ကောက်နုတ်ဖော်ပြရလျှင် ကိုယ်နဲ့လူချင်းမသိတဲ့သူတွေ စိုက်ပျိုးခဲ့တဲ့သစ်ပင်အရိပ်ကို ခိုလှုံဖူးပါတယ်။ ကိုယ်နဲ့လူချင်းမသိတဲ့သူတွေဖောက်ထားခဲ့တဲ့လမ်းကို လျှောက်ဖူးပါတယ်။ ကိုယ်နဲ့လူချင်းမသိတဲ့သူတွေရေးသားထားခဲ့တဲ့ စာတွေကိုဖတ်ဖူးပါတယ်။ ကိုယ်နဲ့လူချင်းမသိတဲ့သူတွေ ဖန်တီးတီထွင်ထားခဲ့တဲ့အရာတွေကို များစွာ အသုံးပြုနေပါတယ်။ ကိုယ်နဲ့မသိတဲ့ သူတွေစိုက်ပျိုးခဲ့တဲ့ သစ်ပင်တွေ ကိုယ့်အတွက် များစွာအကျိုးရှိခဲ့ပါတယ်။ ရှိလည်းရှိဆဲပါ၊ နောင်လည်း ရှိနေပါလိမ့်မယ်။ ကိုယ်နဲ့မသိတဲ့သူတွေဖောက်ခဲ့တဲ့လမ်းတွေ ကိုယ့်အတွက် များစွာအဆင်ပြေပြေ လျှောက်လို့ရပါတယ်။ ကိုယ်နဲ့မသိတဲ့သူတွေရေးသားထားခဲ့တဲ့စာတွေ ကိုယ့်အတွက် များစွာအသိတိုးစေပါတယ်။ စာ-၈၁ မှ

ယခုစာအုပ်မှာ စိတ်နှလုံးအေးချမ်းစေနိုင်သလို ဘဝနေထိုင်မှု စဉ်းစားဆင်ခြင်မှုကို အထောက်အပံ့ပြုနိုင်မည်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ပုဂံပြည့်ရှင်မင်းမြတ်အနော်ရထာ ပုံနှိပ်ထုတ်ဝေ



လင်းသန့်စာပေက ထုတ်ဝေသော အိမ်တင်အေး(ပုလဲ) သီကုံးရေးဖွဲ့သည့် ပုဂံပြည့်ရှင်မင်းမြတ်အနော်ရထာ မဟာမော်ကွန်း-ကဗျာရှည် စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူ အနော်ရထာအကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ မြန်မာမှန်လျှင် ပုဂံကိုသိကြသည်။ ပုဂံကိုသိလျှင် ဘုန်းလက်ရုံးဉာဏ်ပညာနှင့်ပြည့်စုံသော မင်းမြတ်အနော်ရထာကို သိကြရမည်သာဖြစ်သည်။ ပုဂံသည် မြန်မာတို့ ဘုန်းမီးနေလတောက်ပကာ ကြီးကျယ်ခမ်းနားစွာ နေထိုင်ခဲ့ကြသော ရာဇဌာနီဖြစ်သည်။

ယခုစာအုပ်ကို ရေးသားရာတွင် စာရေးဆရာကြီး တက္ကသိုလ် စိန်တင်၏ "အိုဘယ့်. . . အနော်ရထာ"စာအုပ်ကို ဖတ်ရှုခံစားသီကုံးဖွဲ့ဆိုရခြင်းဖြစ်ပါသည်ဟု စာရေးသူက ဆိုသည်။ သမိုင်းနှင့် ဖြစ်ရပ်မှန်အကြား၌ ဒဏ္ဍာရီများ၊ နှုတ်ပြောဇာတ်ကြောင်းများ ရှိနေတတ်ပြီး ယခုစာအုပ်မှာ သမိုင်းနှင့်အတ္ထုပ္ပတ္တိ စာရေးဆရာ တက္ကသိုလ်စိန်တင်၏ စာအုပ်ကို အခြေခံထားရာ ကျေနပ်ဖွယ်ဖြစ်သည်။

ယခုစာအုပ်တစ်နေရာတွင် ဤသို့ တွေ့နိုင်သည်။

"ဘုရင်မင်းမြတ်၊
ပြည့်အမတ်နှင့်
တိုင်းရပ်နိုင်ငံ၊
မြို့ကြီးရံနှင့်
ဆက်ဆံမိတ်ဆွေ၊
မင်းကောင်းတွေနှင့်
ဗိုလ်ခြေစစ်သည်၊
သစ္စာတည်၍
ရဲနီသတ္တိ၊
စွယ်စုံပြည့်လှ
ကျိကြဉစွာ၊
ပြည့်ဘဏ္ဍာကို

စာ-၇၇ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း ထွက်ရှိလာ




NDSP ငါတို့စာပေက နဝမအကြိမ်ထုတ်ဝေသော နိုင်ပန်းလှပြုစုရေးသားသည့် ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် သမိုင်းတွင် အထင်ကရဖြစ်ခဲ့သော မဂဒူးမှ ရာဇာဓိရာဇ်ထိ အကြောင်းအရာများကို ရေးသားထားခြင်းဖြစ်သလို ယခုစာအုပ်သည် မြန်မာစာပေနယ်ပယ်တွင် အထင်ကရကျမ်းစာအုပ်လည်း ဖြစ်သည်။

ယခုစာအုပ်တွင် သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ အမှာစကား၊ မြန်မာစာပါမောက္ခ ဒေါ်သန်းဆွေ၏အမှာစာ၊ ဒေါ်ခင်နှင်းယု၏ အမှာစာနှင့် ကျမ်းဦးစကားတို့ဖော်ပြထားသည်။ ယခုစာအုပ်ပါ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ အမှာစကားမှ ကောက်နုတ်ဖော်ပြရလျှင် မွန်ဘာသာနဲ့ရေးထားတဲ့ ရာဇာဓိရာဇ်အရေးတော်ပုံတစ်ကျမ်းကို ဆရာနိုင်ပန်းလှက တည်းဖြတ်ပြီး နိဒါန်းမှတ်ချက်တွေနဲ့ ၁၉၅၈ ခုနှစ်မှာ မြန်မာနိုင်ငံသုတေသနအသင်း စာစဉ်တစ်စောင်ပုံနှိပ်ထွက်ပေါ်လာတော့ ကျွန်တော်တို့အားလုံးဝမ်းသာကြတယ် စသည်ဖြင့်ဖော်ပြပါရှိသည်။

ယခုစာအုပ်ပါ ကျမ်းဦးစကားမှ ကောက်နုတ်ဖော်ပြရလျှင် ဤကျမ်းကိုပြန်ဆိုရေးသားရာ၌ ၁၂၇၂ ခုနှစ်တွင် ပုံနှိပ်သည့် ယိုးဒယားပြည်(ထိုင်းနိုင်ငံ)ဘန်ကောက်မြို့အနီး ပတ်လတ်ရွာမှရခဲ့သော ပတ်လတ်ပုံနှိပ်မူ မွန်ဘာသာကို အခြေပြုပါသည်။ မွန်ဘာသာပေမူနှင့်လည်း ညှိနှိုင်းပါသည် စသည်ဖြင့် ဖော်ပြထားသည်။

ယခုစာအုပ်ကို ဤသို့စတင်ထား၏။ မဂဒူးသည် သက္ကရာဇ် ၆၁၄ ခုနှစ် တန်ခူးလဆုတ် ၄ ရက် ကြာသပတေးနေ့တွင် တကော့ဝန်း၌ မထင်ရှားသော ဆင်းရဲသား လယ်သမား မိဘနှစ်ပါးတို့မှ မီးရှူးသန့်စင် ဖွားမြင်လေသည်။

ယခုစာအုပ်သည် မြန်မာ့သမိုင်းဆိုင်ရာ လက်စွဲပြုနိုင်သည့် ကျမ်းစာအုပ်ဖြစ်သည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

# ပေါ့ပေါ့ပါးပါးဟာသများ ပုံနှိပ်ထုတ်ဝေ




ပန်းမြိုင်လယ်စာပေက ထုတ်ဝေသော လယ်တွင်းသားစောချစ်၏ ပေါ့ပေါ့ပါးပါးဟာသများစာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်သည် လူငယ်၊ လူရွယ်၊ လူလတ် စာဖတ်ပရိသတ်တို့၏ နှစ်သက်အားပေးခြင်းခံရသော လယ်တွင်းသားစောချစ်၏ ပြုံးပျော်ရွှင်မြူးဖွယ် စာအုပ်တစ်အုပ်ဖြစ်သည်။

ယခုစာအုပ်၌ စာရေးသူ၏အမှာစာပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ကိုဗစ်ပထမလှိုင်းတွင် လူတိုင်းStay at Home အိမ်ထဲမှာသာ နေကြရသည်။ မကြုံဖူးသောအတွေ့အကြုံမို့လည်း တစ်ကမ္ဘာလုံးစိုးရွံ့ထိတ်လန့်နေကြသည်။ အမေရိကန်ကဲ့သို့သော နိုင်ငံကြီးများမှာပင် အသေအပျောက်စာရင်းများကို ကြားသိနေရသည်။ ကူးစက်ခံရမှာ ကြောက်နေကြသည်။ အိမ်အပြင်ကိုလည်း မထွက်ရဲ သို့သော် စားဖို့အတွက် ချက်စရာ၊ ပြုတ်စရာဝယ်ကြရသည်။ ဝယ်သူပြန်လာလျှင် ပိုးပါလာမှာလား စိုးရိမ်နေကြရသည်။ လူတိုင်းအိမ်ထဲမှာနေပြီး မလုံမခြုံဖြစ်နေကြရသည်။ ထိတ်လန့် တုန်လှုပ်စိတ်ကြောင့် မပျော်နိုင်၊ မရွှင်နိုင် ဖြစ်နေကြရသည်။ ထို့ကြောင့် နည်းနည်းပါးပါး ဖြစ်ဖြစ် ခံစားမှုများသက်သာပါစေကြောင်း Facebook မှာ ပေါ့ပေါ့ပါးပါးဟာသများခေါင်းစဉ်ဖြင့် ရယ်စရာဟာသလေးများ ရေးတင်ပေးသည် စသည်ဖြင့် ဖော်ပြပါရှိသည်။

ယခုစာအုပ်ပါ ချီပါသား စကားကတ်မှ ကောက်နုတ်ဖော်ပြရလျှင် ချီပါသားနန်းတော်သွား၍ နန်းတော်ဘေးနားမှာထိုင်ပြီး အမတ်ကြီးရှိမည့်နေရာကိုကြည့်၍ မျက်စပစ်နေသည်။ ညနေရောက်၍ နန်းတော်မှ အမတ်ကြီး ထွက်လာသောအခါ မျက်စပစ်နေသော ချီပါသားကို တွေ့ရသည်။ "ဘာလုပ်နေတာလဲ" အမတ်ကြီးက မေးသည်။ "အမတ်ကြီးက မျက်စမျက်နနဲ့ခေါ်ရမယ်ဆိုလို့ အိမ်မှာမီးလောင်နေတယ်"ဟု ပြောသည်။ စာ-၉၀ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့်ဖြန့်ချိကြောင်း သိရသည်။

# ရောင်စုံပန်းခင်း စာနယ်ဇင်း သုတဝေဆာ ကျန်းမာရေးရာအဖြာဖြာ ထုတ်ဝေဖြန့်ချိ




မုဒိတာစာပေတိုက်က ထုတ်ဝေသော ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၏ ရောင်စုံပန်းခင်းစာနယ်ဇင်း သုတဝေဆာ ကျန်းမာရေးရာအဖြာဖြာ စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ယခုစာအုပ်တွင် မြင်းမူမောင်နိုင်မိုး၏ ရောင်စုံပန်းတွေမွှေးပါစေ၊ အမျိုးသားစာပေဆုရ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၏ ပေးဝေမျှပါရစေနှင့် စာရေးသူ၏ အမှာစကားတို့ပါဝင်သည်။

ယခုစာအုပ်ပါ စာရေးသူ၏အမှာစကားမှ ကောက်နုတ်ဖော်ပြရလျှင် ပြည်သူလူထု၏ ကျန်းမာရေးအသိမြင့်တင်ပေးခြင်းသည် အလွန်အရေးအကြီးသည်ဟု ယူဆမိပါသည်။ ကျွန်တော်တို့နိုင်ငံတွင် ရောဂါများကိုကာကွယ်ခြင်းထက် ကုသခြင်းကို သာပြုလုပ်နေကြပါသည်။ ငွေကြေးကုန်ကျများပြီး စီးပွားရေးကိုများစွာ ထိခိုက်ပါသည်။ မသေဆုံးသင့်ဘဲ သေဆုံးရခြင်း၊ ကိုယ်လက်အင်္ဂါ ထိခိုက်ခံရပြီး ဒုက္ခိတဘဝများ ရောက်နေရခြင်းများ ကြုံတွေ့နေရပါသည်။ ယနေ့အချိန်အခါတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး မသိနားမလည်မှုကြောင့် ဆိုးဆိုးရွားရွား ခံစားနေရပါသည်။ အသိအမြင် ဗဟုသုတရှိပါက ကာကွယ်နိုင်မည့် ရောဂါများကို စောစီးစွာကြိုတင် ကာကွယ်နိုင်ပါသည် စသည်ဖြင့် ဖော်ပြထားကြောင်း သိရသည်။

ယခုစာအုပ်တွင် မာတိကာ၌ ရေးသားခဲ့သော စာစောင်နှင့် သတင်းစာအလိုက် ခေါင်းစဉ်ခွဲ၊ အကြောင်းအရာများဖြင့် ဖော်ပြထားပြီး ဆောင်းပါးပုဒ်ရေ ၃၀ ကျော်ပါဝင်ကြောင်း တွေ့ရသည်။ ယခုစာအုပ်ပါ အစားအသောက်များမှတစ်ဆင့်ဖြစ်စေသော ရောဂါများကိုကာကွယ်ပါမှ ကောက်နုတ်ဖော်ပြရလျှင် နှစ်စဉ် လူ ၁၀ ဦးတွင် တစ်ဦး၌ အန္တရာယ်မကင်းသည့် အစားအသောက်များကို စားသုံးခြင်းဖြင့် နေထိုင်မကောင်းဖြစ်နေကြပါသည်။ စာ-၁၅၄ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။



Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်



Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။




အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ပိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊
e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း။


မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**Fluoride** ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED


FDA အမှတ်-1907 PC 0040




ထာဝရလှပသော အပြုံးအတွက်

DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မြို့စေတနာဆေးတိုက်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၂၈)၊ တတိယတန်း(A)မှ မောင်ထက်လင်းအောင်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ် (၉/မရမ(နိုင်)၀၇၅၈၄၈)အရ ဦးမောင်မောင်နိုင် ဖြစ်ပါကြောင်း။

ဦးမောင်မောင်နိုင်

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
ကျန်းမာရေးဝန်ကြီးဌာန

## ဆေးလိပ်ဖြတ်ရင် ဘာအကျိုးကျေးဇူးတွေရမလဲ

- ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါအမျိုးမျိုးတို့ဖြစ်ပွား၍ လူသက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးနိုင်ပါသည်။
- ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသောအဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ်လိုက်သော အငွေ့များကို ပါအစီခံ (Filter) မပါဘဲတိုက်ရိုက်ရှူရှိုက်မိသောကြောင့် ဆေးလိပ်သောက်သူနှင့် အတူနေသူများတွင် ပို၍အန္တရာယ်ကြီးမားပါသည်။







- တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် အထက်ဖော်ပြပါရောဂါအမျိုးမျိုးတို့အပြင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးမွေးဖွားခြင်းတို့ ဖြစ်နိုင်ပြီး ကလေးများတွင် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ မကြာခဏ နေမကောင်းဖြစ်ခြင်း၊ အဆုတ်ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်။

- ဆေးလိပ်သောက်တာကို ရပ်လိုက်ပြီဆိုရင် မိနစ်(၂၀)အတွင်း နှလုံးခုန်နှုန်းမြန်တာတွေ၊ သွေးပေါင်ချိန် တက်နေတာတွေ လျော့ကျသွားပါမယ်။
- နောက်ထပ်(၁၂)နာရီအကြာမှာတော့ အဆိပ်ငွေ့တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxide) တွေ သွေးတွင်းမှာပါဝင်မှုလျော့ကျပြီး အောက်ဆီဂျင်ပမာဏ ပြန်တက်လာပါမယ်။
- နောက်ထပ်(၂)ပတ်ကနေ (၁၂)ပတ်အတွင်းမှာ ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုစနစ်နဲ့ အသက်ရှူလမ်းကြောင်းစနစ်တို့ သိသိသာသာ ကောင်းမွန်လာပါမယ်။
- ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ (၂၂)ဆပိုများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်။




ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ဖက်ဒရယ်ဆိုတာ မတူကွဲပြားနေတဲ့ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေ၊ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ တိုင်းရင်းသားပါတီများအပါအဝင် နိုင်ငံရေးပါတီများဟာ ၎င်းတို့ကို ထောက်ခံတဲ့ ပြည်သူလူထုကို ကိုယ်စားပြုတဲ့သူတွေဖြစ်ပါတယ်။ ဒါ့ကြောင့် မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေရှိပြီး ပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ဖို့အတွက် အချိုးကျကိုယ်စားပြုစနစ်(PR)ကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်နေပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)ဥက္ကဋ္ဌ ဦးဆောင်သောငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်နှင့် အဖွဲ့ကို

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ စာမျက်နှာ - ၁၆

NUG/PDF အကြမ်းဖက်သမားများနှင့် KIA သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ကျေးရွာများကို မီးရှို့ဖျက်ဆီးနေသည့်ဖြစ်စဉ်များနှင့်ပတ်သက်၍ မိဘပြည်သူများသို့ အသိပေးထုတ်ပြန် စာမျက်နှာ - ၂၁

၂၀၂၃ ခုနှစ် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးအလားအလာ ဆောင်းပါး စာမျက်နှာ - ၁၀

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la

Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar